
# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၄၊ အမှတ်(၂)၊ ၂၀၁၇ ခုနှစ် (ဧပြီ - မေ - ဇွန်)




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ပွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၄၊ အမှတ်(၂)၊ ၂၀၁၇ ခုနှစ်၊ ဧပြီ - မေ - ဇွန်

## rmwdum


| | | |
|---|---|---|
| **uAmu@** | | |
| ppfrSefvmrnfh wdkif;wm&m Data | Zeaf&xGef; | 1 |
| wdkif;jynfu@zGHUNzdK;wdk;wufrSKaumuf,luyfpOf | arZvyfjzL (c&ifawmiftwef) | 2 |
| **umwGef;u@** | | |
| umwGef; | wifarmifOD;if | 3 |
| **aqmif;yg;u@** | | |
| zGHUNzdK;rSKonf | a'gufwmOD;Oarmif | 4 |
| ukefoG,frSK vkyfief;tcGefpnf;Muyfa&;rl0g'ESifh 0ya'aumif;t&tuGyfcsKyfrIrsm; | armif#Dm | 9 |
| jrefrmEdkif1i;jyifyEdkif1i;rsm;yOya'ESifh ajymif;vvmaom&if;ESD;jr¤KyfESHrIrsm;toif@mef | a'gufwmnDnDarmif | 12 |
| &if;ESD;jr¤KyfESHrIrsm; ar;ulrI ,f.....ajzulrI ,f | aumfef nefum;a&;rSL;(ig;) | 17 |

| | | |
|---|---|---|
| zD;ydkifcGifh | xdef;odrf;a&;rSL; | 20 |
| vlrsKd;ay:rlwnfaomf ,Ofaus;rIoabmw&m;rsm; | oDv&DÅ | 23 |
| wcef;qdkif&Sif | aDKuf(wq'¾d k'kab(*a&A')) | 27 |
| pdrf;ac:csuf ac:jrcf;vdkvf twdrf;yJ | aZmf&efa&Tylo | 30 |
| jrefrmEdkifiHESifh Logistics Preformance Index (LPI) | aZmfvmrsdK;ÓPf&at; | 34 |
| jrefrmEdkifiHtwGif;&Sd ESpfcsif;rsm; qufvuf0efxrf;xdkif;ay;aeaom<br>a'owGif;pyfvsif;a&;ukvsD;ae\ t&D,uf | aZmfvmjyifvf&at; | 40 |
| aumif;aomjyifqifcsKyfrI | pef;,kwif | 47 |
| Enumerator aumif;wpfOD;wGif&Sdoifh aomt&nftcsif;rsm; | OD;ausmfaxG;0if;<br>(pm&if;tif;ynm) | 49 |
| uEsifyD;pnf;raqmif&ao;aomvkyfief;rsm;udk owdxm;&ef | jrifhvGifxGef;(ajrwnfwrf;ydkif) | 52 |
| tjyma&;pyfqdkif&mrsm; | 0if;0if;0g | 55 |
| jrefrmvlrsdK;rsm;\ a&S;ajymif;pm;0wf aomif | EdkifiHawmf (CSO) | 60 |
| apsnf;wuf&Sdaom aumif;onf,dkwv | avmif;ul(CSO) | 63 |
| vlonfvlESifh opom©uf | a&T0g&if | 66 |
| vl ,Ofaus;rIESifh oJ;zGJ;vdkif | vl | 70 |
| bmvmvma'gif,fa[h | tifufuifazaz | 73 |
| uav;vlawmf;qdkif&m taj;taet | apm ,kwif | 74 |

# ykEdIrSwfwrf;

| | | |
|---|---|---|
| rSwfykHwifEdkifcJh | - | pDrHudef; |
| twifjyifqif | - | [efrif;udk |
| pmrsufESmtqifrS | - | 5300070114 |
| xkwfa0ol | - | 0if;jrifh |
| | | ñeftm;a&;rS(okwoeESifhpDrHudef;a&;Xme) |
| | | A[dkm&if;tif;tzJU |
| | | pDrHudef;ESifh@ma&;0efBuD;Xme/ |
| ykHESdyfol | - | 0if;jrifhxef;aumif |
| | | aumif;rGefpmtkyfwdkufrS ,ykHESdyfxkwfa0onf(r-09744) |
| | | r*FvmawmifñGefYrdKU, f&efukefrdKU |
| tkyfa& | - | |
| wefzdk; | - | |

# စစ်မှန်တဲ့မေတ္တာ
# တိကျတဲ့ Data



- စာရင်းကောက်နေ တို့တစ်တွေသည်
မနေမနား ကြိုးစားထားကာ
မမှားစာရင်း နိုင်ငံတွင်းဝယ်
ရှိရင်းစပွား တိုး၍များအောင်
ကြိုးစားဆောင်လို့ ကောက်ကာနေ. . . . . . . . . . .

- ပညာကျန်းမာ စသည့်မှာလျှင်
သကာထပ်လောင်း ပိုကောင်းသည့်
မူကောင်းလမ်းညွှန် စထက်လွန်မည့်
လူချွန်ကောင်းများ တိုး၍ပွားအောင်
ကြိုးစားဆောင်လို့ ပို့ကာနေ. . . . . . . . . . .

- ဆည်မြောင်းစပွား လမ်းတံတားကို
အများတည်ဆောက် ရွှေရောင်ပေါက်အောင်
တို့လျှောက်လှမ်းလာ ဝမ်းပန်းသာဖို့
မကွာစာရင်း အသက်သွင်းကာ
ပြည်တွင်းလှဖို့ ကြိုးစားနေ . . . . . . . . . . . . . .

- အနာဂါတ်မှာ လှဝေဖြာမည့်
မျှော်ကာမှန်းစ plan ချကာ
အလှပါအောင် သတိဆောင်စေ
ပို့ဆောင်ပေးရင်း တို့စာရင်းတွေ
အချင်းလှဖို့ ကြိုးစားနေ. . . . . . . . . . . . . .

- စာရင်းမှန်လာ plan မှာကောင်း
ငြိမ့်ကာပြောင်းမှု ထို့အတူလျှင်
ပြည်မူတိုးပွား စည်ပင်သွားကာ
ဖွံ့ထွားတိုးတက် ကမ္ဘာထက်ဝယ်
မပျက်တည်ဖို့ ကြိုးစားနေ. . . . . . . . . . . . . .

ငွန်ရွှေထိုက်

# တိုင်းပြည်ကဏ္ဍဖွံ့ဖြိုးဖို့ စစ်တမ်း ကောက်ယူကြပါစို့



- တိုင်းပြည်ကဏ္ဍဖွံ့ဖြိုးဖို့
  လူမှုစီးပွားညွှန်ကိန်းစုံ
  ကိန်းဂဏန်းအချက်အလက်ရရှိဖို့
  နယ်ပယ်အလိုက် ကောက်ယူစို့။

- စီးပွားရေးစာရင်းအင်းဖွံ့ဖြိုးဖို့
  ကောက်ယူကြမယ် ဈေးနှုန်းကို
  လစဉ်အလိုက်သိရှိဖို့
  CPI နဲ့ RI တွက်ချက်စို့။

- လူမှုရေးစာရင်းအင်းဖွံ့ဖြိုးဖို့
  ပညာ၊ ကျန်းမာစုံလို့ကို
  ထိုသာမကလုပ်သား၊ လူဦးရေခန့်မှန်းဖို့
  လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်စို့။

- NSDS ဖွံ့ဖြိုးဖို့
  ပါဝင် Clusters လက်တွဲလို့
  မြှင့်တင်ကြစို့ ကဏ္ဍစုံ
  ဦးစားကဏ္ဍရွေးချယ်စို့။

- စစ်တမ်းကဏ္ဍဖွံ့ဖြိုးဖို့
  ခေတ်မီစံနမူနာအသုံးပြုလို့
  အရေးကြီးမှုဝါဒချမှတ်ဖို့
  အရည်သွေးစာရင်းအင်းပံ့ပိုးစို့။

မေဇလပ်ဖြူ (ချင်းတောင်တန်း)


စားသောက်စရာ အတု
သုံးစွဲစရာ အတု
မြန်မာတွေ
ဘယ်လို ရှောင်ရမှာလဲ
ဆရာ
အတု ဂေါက်ဂါ တစ်ကမ္ဘာလုံးမှာ
အတုတွေက ပေးတဲ့ ဒုက္ခကို
ဆင်းရဲကြရင်း ဝယ်ယူသူလို
ဖြစ်နေမှာမို့ မဆင်းရဲအောင်
ဖိမ်ကြပေရော့
NCOO 2017

# ဖွံ့ဖြိုးမှု ဆိုသည်မှာ

ဒေါက်တာဝါဝါမောင်



ယနေ့ကမ္ဘာ့နိုင်ငံများ၏ အဓိကအရေးအကြီးဆုံးသော ဦးတည်ချက်မှာ မိမိနိုင်ငံ ဖွံ့ဖြိုးမှုရရှိရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများကလည်း မိမိတို့ နိုင်ငံကို ဆိုးသွမ်း သံသရာလည်ပတ်မှု (Vicious Circle) မှ ချိုးဖောက်လွတ်မြောက်ရန် ကြိုးစားနေကြသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း ၎င်းတို့၏ ဖွံ့ဖြိုးမှုဆက်လက်တည်တံ့နိုင်စေရန် ကြိုးစားနေကြသည်ပင်။

## တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအား ခွဲခြားနိုင်းယှဉ်ခြင်း (Growth Vs. Development)



Economic Growth vs. Economic Development

တိုးတက်မှု (Growth) နှင့် ဖွံ့ဖြိုးမှု (Development) ဟူသော ဝေါဟာရနှစ်ခုကို ရံဖန်ရံခါတွင် မကွဲမပြားနှင့် အသုံးပြုလေ့ရှိကြသည်။ သို့သော် ဤဝေါဟာရ နှစ်ခုမှာ အခြေခံအားဖြင့် ကွဲပြားခြားနားသော အချက်များရှိနေကြောင်းတွေ့ရှိရသည်။ စီးပွားရေးတိုးတက်မှု(Economic Growth) သည် အချိန်ကာလတစ်လျှောက်တွင် နိုင်ငံတစ်ခု၏ ထုတ်လုပ်နိုင်မှု စွမ်းအား (Productivity) တိုးတက်လာခြင်းနှင့် သက်ဆိုင်သည်။ သဘာဝအရင်းအမြစ်များ (Natural Resources)၊ လူသားအရင်းအမြစ် (Human Resource)၊ အရင်းအနှီး (Capital) နှင့် နည်းပညာ ခေတ်မီမှု (Advanced Technology) များ တိုးတက်လာပါက ထုတ်လုပ်မှုစွမ်းအား တိုးတက်ရန် အလားအလာရှိပြီး စီးပွားရေး တိုးတက်မှု ဖြစ်ပေါ်နိုင်သည်။

စီးပွားရေးဖွံ့ဖြိုးမှု (Economic Development) ဆိုသည်မှာ တစ်ဦးကျဝင်ငွေ မြင့်တက်ခြင်း (Rising per capita income) အပြင် စီးပွားရေး ပုံသဏ္ဍာန် အခြေခံ ပြောင်းလဲမှုများ (Fundamental Changes of Structure of the Economy) တို့ကိုဖြစ်ပေါ်စေသည်။ အရေးပါသော စီးပွားရေး ပုံသဏ္ဍာန် အခြေခံ ပြောင်းလဲမှုနှစ်ခုမှာ-

(၁) အမျိုးသားထုတ်ကုန်စုစုပေါင်းတွင် စက်မှုကဏ္ဍ ရှယ်ယာ မြင့်တက်လာခြင်းနှင့်အတူ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုများ လျော့နည်းကျဆင်းလာခြင်း၊

(၂) ကျေးလက်ဒေသထက် မြို့ပြဒေသများတွင် နေထိုင်မှု များပြားလာခြင်းတို့ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်ပေါ်စဉ်တွင် လူဦးရေနှင့် အသက်အရွယ်ပုံသဏ္ဍာန် ( Population and Age Structure) နှင့် စားသုံးမှုပုံသဏ္ဍာန် (Consumption Pattern) ပြောင်းလဲမှုများလည်း ဖြစ်ပေါ်သည်။ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်သူများသည် ၎င်းတို့ ၏ဝင်ငွေများအားလုံးကို အခြေခံကုန်စည်ဖြစ်သော စား ဝတ်နေရေး (Necessities) များအပေါ်တွင် သုံးဖြုန်းစရာ မလိုအပ်ဘဲကြာရှည်သုံးကုန်စည် (Consumer Durables)၊ အားလပ်ချိန်သုံး ကုန်စည်နှင့် ဝန်ဆောင်မှုများ ( Leisure Time Products and Services) များအပေါ်တွင် သုံးစွဲမှုများလာသည်ကိုတွေ့ရှိရသည်။

ထို့ကြောင့်စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကအကြောင်းအရာမှာ ပုံသဏ္ဍာန်ပြောင်းလဲမှု ဖြစ်စဉ် (Process of Changes in Structure) တွင် အဓိက ပါဝင်ရန် လိုအပ်ပြီး ထိုဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ဖွံ့ဖြိုးမှုတွင် ပါဝင်လုပ်ဆောင်နေသူများအကြား ညီမျှစွာ ခွဲဝေရန်လိုအပ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုဆိုသည်မှာ တစ်ဦးကျဝင်ငွေမြင့်တက်လာခြင်းထက် ပိုမိုအဓိပ္ပာယ်ရှိသည်။ သို့သော် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဖွံ့ဖြိုးမှု လုံးဝမဖြစ်ပေါ်နိုင်ပါ။

နိုင်ငံတစ်နိုင်ငံသည် ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ တိုးတက်လာသည်နှင့် စီးပွားရေးတိုးတက်မှုရရှိနေသည်ဟု ဆိုနိုင်ပါသည်။ ဥပမာ ၁၉၆၀ ခုနှစ်များ၌ တောင်ကိုရီးယားနှင့် လစ်ဗျားနိုင်ငံများ၏ အခြေအနေမှာ အတူတူပင်ဖြစ်သည်။ လစ်ဗျားနိုင်ငံတွင် ရေနံတွင်းများ ရှာဖွေတွေ့ရှိမှုတို့ကြောင့် တစ်ဦးကျဝင်ငွေများ မြင့်တက်လာခဲ့သည်။ သို့သော် ၎င်းတို့သည် ရေနံထုတ်လုပ်ရာတွင် မိမိတို့၏ ကိုယ်ပိုင်နည်းပညာ၊ အတတ်ပညာများနှင့်မဟုတ်ဘဲ နိုင်ငံခြားသား အတတ်ပညာရှင်များ ငှားရမ်းကာ ထုတ်လုပ်ခြင်း၊ ထုတ်ကုန်တစ်မျိုးတည်းသာ ထွက်ခဲ့ပြီး အမေရိကန် နှင့် ဥရောပ ဈေးကွက်တွင်သာ ရောင်းချနေခြင်း၊ အခြားကဏ္ဍများတွင် ထူးခြားသော တိုးတက်မှု(Structural Changes) မရှိခြင်းတို့ကြောင့် လစ်ဗျားနိုင်ငံ၏ စီးပွားရေး အတွေ့အကြုံကို ဖွံ့ဖြိုးမှု ရရှိနေသည်ဟု မဆိုနိုင်ဘဲ တိုးတက်မှုရနေသည်ဟုသာ

ဆိုနိုင်သည်။ တောင်ကိုရီးယားနိုင်ငံမှာမူ ၁၉၆၀ ခုနှစ်နောက်ပိုင်း၌ စိုက်ပျိုးရေးကဏ္ဍမှီခိုမှုမှ စက်မှုကဏ္ဍ တိုးတက်မှုများ ဖြစ်ပေါ်စေခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများမှ အကြီးစား စက်မှုလုပ်ငန်းသို့ ပြောင်းလဲနိုင်ခြင်း စသည့် စီးပွားရေးပုံသဏ္ဍာန် (Structural Changes) များ ဖြစ်ပေါ်သည့်အပြင် အခြားသော စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဘက်ညီစွာ တိုးတက်လာခြင်းကြောင့် စီးပွားရေး ဖွံ့ဖြိုးမှု ဖြစ်ပေါ်နေသည်ဟု ဆိုရပါမည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ် ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။

## ဖွံ့ဖြိုးမှု အဓိပ္ပါယ် ပြောင်းလဲလာပုံ အဆင့်ဆင့်

၁၉၅၀ ခုနှစ် ပတ်ဝန်းကျင်က စီးပွားရေးဖွံ့ဖြိုးမှုဆိုသည်မှာ အချိန်ကာလ အတန်ကြာ တိုင်းပြည်၏ အမှန်ဝင်ငွေများ တိုးတက်လာသော ဖြစ်စဉ်တစ်ခု ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် ကနဦးတွင် တန့်နေရာမှ နောက်ပိုင်းနှစ် များတွင် စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တိုးနှုန်း (Gross National Product – GNP) သည် ၅% နှင့် အထက် တိုးတက်လာခဲ့ပါက ၎င်းကို စီးပွားရေးဖွံ့ဖြိုးမှု ရရှိနေသည်ဟု ဆိုခဲ့ပါသည်။ ဤအဓိပ္ပာယ်မှာ အလွန်ကျဉ်းမြောင်းသောအမြင်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းပင်ဖြစ်သည်။

နိုင်ငံများအကြား ဖွံ့ဖြိုးမှုကို နှိုင်းယှဉ်ရာတွင် စုစုပေါင်းထုတ်ကုန်ကို နှိုင်းယှဉ်ခြင်းသည်လည်း သဘာဝမကျပေ။ တိုင်းပြည်တွင်း နေထိုင်သူ စုစုပေါင်းလူဦးရေကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ထိုနောက်မှသာ ၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် တစ်ဦးကျ ထုတ်လုပ်မှု (Per Capita Output) သို့မဟုတ် တစ်ဦးကျ GDP ဟူ၍ တိုင်းတာမှု ညွှန်ကိန်း အသစ်များ ပေါ်ပေါက်လာခဲ့ သည်။

၁၉၇၀ ခုနှစ်များတွင် ဖွံ့ဖြိုးမှုကို စီးပွားရေးရှုထောင့်မှ အမြင်သစ်ဖြင့် ရှုမြင်ကာ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်ကို ပြန်လည်သတ်မှတ်ခဲ့ကြသည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ ဆင်းရဲမွဲတေမှုများနှင့် မညီမျှမှုများ လျော့ကျခြင်း (Reduction or Elimination of Poverty and Inequality) နှင့် တိုးတက်နေသော စီးပွားရေး အဆောက်အအုံအတွင်း အလုပ်လက်မဲ့ လျော့ကျခြင်း (Reduction in Unemployment) တို့ ဖြစ်ပေါ်စေသော ဖြစ်စဉ်ပင်ဖြစ်သည်။ သို့သော် တစ်ဦးကျ ဝင်ငွေ သို့မဟုတ် တစ်ဦးကျ GDP သည် ပျှမ်းမျှကိန်းဂဏန်း (Average Figure) သာ ဖြစ်ပြီး ၎င်း ကိန်းဂဏန်းသည် လူတိုင်းကို အနီးစပ်ဆုံး ကိုယ်စားပြု၊ မပြုကို ဆန်း စစ်ရန် ဝင်ငွေဖြန့်ဖြူးမှု ညီမျှမှု (Distribution of Income) ရှိမရှိ ဆန်းစစ်ရန် လိုအပ်ကြောင်း တွေ့ရှိလာခဲ့ကြသည်။ ဆင်းရဲချမ်းသာ ကွာဟမှု၊ ဝင်ငွေကွာဟမှုကို ဆန်းစစ်ရန် လောရင့်၏ မျဉ်းကွေး (Lorenz Curve) နှင့် ဂျီနီမြှောက် ဖော်ကိန်း (Gini Coefficient) စသည့် ညွှန်ကိန်းများဖြင့် နိုင်ငံများ အကြားတွင်လည်းကောင်း၊ ဒေသများအကြား တွင်လည်းကောင်း၊ အချိန် အပိုင်းအခြားအားဖြင့် သော်လည်းကောင်း နှိုင်းယှဉ်လေ့လာနိုင်သည့် ညွှန်ကိန်းများ ပေါ်ပေါက်လာခဲ့သည်။

ဖွံ့ဖြိုးမှု၏စိန်ခေါ်မှု(Challenge of Development)

> ယခုအခါ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်မှာ ပြောင်းလဲလာ ခဲ့ပြီ ဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွား ရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကောင်းကျိုး (Material Well-being) တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ (Spiritual and Mental Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေးရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ ကြပါသည်။

ဆိုသည်မှာ လူနေမှုဘဝ အရည်အသွေးကို ကောင်းမွန်တိုးတက်စေခြင်း (Improving the Quality of Life) တို့ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ဆင်းရဲသော နိုင်ငံများအတွက် ဝင်ငွေများမြင့်တက်လာလျှင် လူနေမှုဘဝ တိုးတက်လာသည်ဟုမှတ်ယူသော်လည်း လူနေမှုဘဝအရည်အသွေးမှာ ထိုထက်မက များစွာပိုမို အဓိပ္ပာယ်ရှိနေပေသည်။ ၎င်းတွင် ပညာရေးပိုမိုကောင်းမွန်ခြင်း (Better Education)၊ ကျန်းမာရေးနှင့် အာဟာရ အဆင့်တန်းပိုမိုကောင်းမွန်ခြင်း (Higher Standards of Health and Nutrition)၊ ဆင်းရဲမွဲတေမှုလျော့ခြင်း (Less Poverty)၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း (Clear Environment)၊ အခွင့်အလမ်းများ ညီမျှခြင်း (More Equality of Opportunity)၊ တစ်ဦးချင်း လွတ်လပ်မှု ပိုမိုများပြားခြင်း (Greater Individual Freedom) နှင့် ယဉ်ကျေးမှုပိုမိုထွန်းကားလာခြင်း (Richer Cultural Life) တို့အားလုံး ပါဝင်သည်။

ထို့ကြောင့် ဖွံ့ဖြိုးမှုကို လူမှုရေးသဏ္ဍာန် အဓိကပြောင်းလဲမှု (Major Changes in Social Structure)၊ ထင်ရှားသော စိတ်နေစိတ်ထား (Popular Attitude)၊ နိုင်ငံ့အဖွဲ့အစည်းများ (National Institution) နှင့် စီးပွားရေးတိုးတက်မှုကိုအရှိန်အဟုန်ရစေနိုင်ခြင်း (Acceleration of Economic Growth)၊ မညီမျှမှုများ လျော့ကျခြင်း (Reduction of Inequality) နှင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေခြင်း (Eradication of Poverty) တို့ပါဝင်သော ရှုထောင့် ပေါင်းစုံ ပါဝင်သော ဖြစ်စဉ်ကြီးတစ်ခု (Multidimensional Process) ပင်ဖြစ်သည်။

ယခုအခါ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်မှာ ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွား ရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ကောင်းကျိုး (Material Well-being) တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ (Spiritual and Mental Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှု ကို အရည်အသွေး ရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ ကြပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှု ဆိုသည်မှာ လူနေမှုဘဝအရည်အသွေး တိုးတက်လာခြင်း (Promoting Quality of Life) ပင် ဖြစ်ပါသည်။




စုစုပေါင်း တိုင်းပြည်ထုတ်ကုန်ဖြင့် တိုင်းတာခြင်းသည် လုံလောက်မှုမရှိဘဲ လူနေမှုဘဝ အရည်အသွေးတို့ကို တိုင်းတာနိုင်သည့်အနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပျော်ရွှင်မှုညွှန်ကိန်း ( Gross National Happiness -GNH) ဖြင့် (ဥပမာ - ဘူတန်နိုင်ငံ) တိုင်းတာလာခဲ့ကြသည်။ လူ့အဖွဲ့အစည်းအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးစေရန် လိုအပ်ပြီး အဆိုပါ ဖွံ့ဖြိုးမှုသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် မှီခို ဆက်စပ်နေကြသည်။ GNH ကို တွက်ချက်ရာတွင် မဏ္ဍိုင်လေးခုကိုထည့်သွင်းစဉ်းစားထားပြီး ဘက်ညီမျှတပြီး စဉ်ဆက်မပြတ်သည့် လူမှု-စီးပွားဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှုတန်ဖိုးများ ထိန်းသိမ်းမြှင့်တင်ခြင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ထူထောင်ခြင်း စသည့် မဏ္ဍိုင်များအပေါ် အခြေခံ၍ တိုးတက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။






၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့်ကုလသမဂ္ဂစုံညီ အစည်းအဝေး တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals-SDGs) များအား အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်၍ အသက်ဝင်ခဲ့ပြီ ဖြစ်သည်။ ယခုအခါ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှု အစီအစဉ်အသစ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) ကို ကမ္ဘာ့နိုင်ငံများက စတင် အကောင်အထည်ဖော်ဆောင်နေကြပြီဖြစ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုသည်မှာ နောင်လာနောက်သား မျိုးဆက်သစ်တို့၏ စားသုံးမှုမလျော့စေဘဲ လက်ရှိလူသားတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဖွံ့ဖြိုးမှု ပန်းတိုင်များသည် ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (MDGs) အဖြစ်မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (SDGs) အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက် ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင်(၁၇) ခုတွင် ရည်မှန်းချက်ပေါင်း(၁၆၉) ခု ရှိပြီး တိုင်းတာမည့် ညွှန်ကိန်းပေါင်း (၂၄၂) ခု ရှိမည်ဖြစ်ပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့် အလိုက် စီမံချက်အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂ္ဂမှ လမ်းညွှန်ထားပါသည်။ နိုင်ငံတိုင်း၏ နှစ်တိုနှစ်ရှည် စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက် များ၊ အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်ကိန်းများ တိုးတက်စေရေးကိစ္စများ ပါဝင်စေရန် လိုအပ်ပါသည်။ ထို့အပြင် မိမိတို့နိုင်ငံ အနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် မရှိမဖြစ် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ် ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများ အားလုံးတို့ ပူးပေါင်း ပါဝင်ရန် လိုအပ်လျက် ရှိပါသည်။

■

# ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ နှင့် ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုများ

|မောင်ငြိုကာ|



ကုမ္ပဏီဆိုတာဟာ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတာဖြစ်တဲ့အတွက် တရားဥပဒေအရ ဆောင် ရွက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ယင်းသို့ ဥပဒေ ကြောင်းအရ အကျုံးဝင်မှုရှိစေဖို့ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရမှတ်ပုံတင်မှသာ တရားဝင်မှာဖြစ်ပြီး၊ လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီအဖွဲ့အစည်းကို သီးခြားစီ ခွဲခြားပြီး ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မှတ်ပုံတင် ခြင်းကို ပယ်ဖျက်ခြင်းဖြင့်လည်း တရားဝင် ရပ်တည်မှု ရပ် ဆိုင်းခြင်း ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) နဲ့ အခြားစီးပွားရေးဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီများ အားလုံးမှာ တူညီတဲ့ဥပဒေဆိုင်ရာလိုက်နာရန်တာဝန်များ ရှိကြမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ တစ်ခု ရဲ့စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို သင်းဖွဲ့စည်း မျဉ်း၊ သင်းဖွဲ့မှတ်တမ်းတို့နဲ့ သတ်မှတ်ရေးဆွဲ ရပါတယ်။ ယင်းစာရွက်စာတမ်းနှစ်မျိုးကို ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းများ (Constitution)အဖြစ် နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှာ သိရှိကြပြီး၊ မြန်မာ နိုင်ငံကုမ္ပဏီများဥပဒေ မူကြမ်းမှာလည်း ယင်းအချက်ကို ထည့်သွင်းရေး ဆွဲထား ပါတယ်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဆိုတာကတော့ ကုမ္ပဏီ များအနေနဲ့ စီမံဆောင်ရွက်မယ့် အခြေခံစည်းမျဉ်းများကို ထည့်သွင်းဖော်ပြ ရေးဆွဲထား ခြင်း ဖြစ်ပါတယ်။

## သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဆိုတာ ဘာလဲ

သင်းဖွဲ့မှတ်တမ်း (Memorandum of Association) ဆိုတာက ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေ အထားကို ဖော်ပြတဲ့စာရွက်စာတမ်းဖြစ်ပြီး၊ ကုမ္ပဏီ အမည်၊ ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ကုမ္ပဏီ အဖွဲ့ဝင်များ ရဲ့ ပေးရန် တာဝန်များကိုဖော်ပြထားပါတယ်။ သင်းဖွဲ့ မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်တွေကို အတိအလင်း ဖော်ပြထားပြီး၊ ယင်းရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်မယ့် အခွင့်အာဏာများလည်း ဖော်ပြပါ ရှိပါတယ်။

သင်းဖွဲ့စည်းမျဉ်း (Articles of Association) ဆိုတာကတော့ ကုမ္ပဏီအတွင်း ဆောင်ရွက်မယ့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်တဲ့ အဖွဲ့ဝင်များရဲ့ တာဝန်နှင့် ရပိုင်ခွင့်များ၊ ဒါရိုက်တာများ ခန့်အပ်ခြင်း၊ ဒါရိုက်တာ အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ခြင်း၊ အစည်း အဝေးခေါ် ယူခြင်း၊ အစုရှယ်ယာများ ထုတ်ဝေခြင်း၊ အစု

ရှယ်ယာများရဲ့ ရပိုင်ခွင့်များသတ်မှတ်ခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း အစရှိတဲ့ သတ်မှတ်ချက်များကို ထည့်သွင်းရေးဆွဲထားပါတယ်။

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဆိုတာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များနဲ့ ဒါရိုက်တာများရဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့် အာဏာများနဲ့ ဆက်နွယ်နေတဲ့ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်တွေပါဝင်ပါတယ်။ ဒါကြောင့် ကုမ္ပဏီတိုင်းဟာ ၎င်းရဲ့သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ မှတ်တမ်းထားရှိရပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄)အရ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပုံစံတွေကို ဖြည့်စွက် အသုံးပြုနိုင်သလို၊ မိမိတို့ဘာသာ စိတ်ကြိုက်ရေးဆွဲထားတဲ့ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းတွေနဲ့လည်း တင်ပြနိုင်ပါတယ်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) မှာ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ဖို့လုပ်ထုံးလုပ်နည်းတွေကို ဖော်ပြထားပြီး အဲဒီလိုပြင်ဆင်ဖို့ အစုရှယ်ယာရှင်တွေရဲ့ အထူးဆုံးဖြတ်ချက် လိုအပ်ပါတယ်။ ဒါ့အပြင် တရားရုံးရဲ့အတည်ပြုချက်လည်း လိုအပ်တဲ့အတွက် ဈေးကွက်စီးပွားရေးစနစ်မှာ လုပ်ငန်းလည်ပတ်နေတဲ့ ကုမ္ပဏီများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေပြီး၊ အချိန်ကြန့်ကြာမှုများကိုလည်း ဖြစ်ပေါ်စေတဲ့အတွက် အဆိုပါအပြောင်းအလဲများကို တရားရုံး အတည်ပြုချက် ရယူဖို့ မလိုအပ်ဘဲ ဆောင်ရွက်နိုင်ဖို့ ပြောင်းလွယ်ပြင်လွယ်ရှိဖို့ လိုအပ်လာပါတယ်။

## သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများ

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်တွေဟာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်တွေကဲ့သို့ စွမ်းအားမရှိပေမယ့် အဆိုပါ စာရွက်စာတမ်းတွေဟာ အောက်ပါပုဂ္ဂိုလ်များအကြား ချုပ်ဆိုထားတဲ့ စာချုပ်တစ်ခုအဖြစ် ဥပဒေအရ သက်ရောက်မှုရှိစေပါတယ်။

- ကုမ္ပဏီနှင့် အစုရှယ်ယာရှင်တစ်ဦးချင်းစီအကြား၊
- ကုမ္ပဏီနှင့် ဒါရိုက်တာတစ်ဦးချင်းစီ (နှင့် ကုမ္ပဏီအတွင်းရေးမှူး အစရှိသည့်ပုဂ္ဂိုလ်များ) အကြား၊
- အစုရှယ်ယာရှင်တစ်ဦးနှင့် အခြားအစုရှယ်ယာရှင်များအကြား၊

သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြား စာချုပ်တစ်ခုဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက်စလုံးက ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုတွေကို ရရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အစုရှယ်ယာရှင်တစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီ သို့မဟုတ် အခြားသော အစုရှယ်ယာရှင်တွေက အဆိုပါ အစုရှယ်ယာရှင်တွေကို တရားစွဲဆိုနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် ဒါရိုက်တာများကြား စာချုပ်တစ်ခုကဲ့သို့ ဥပဒေအရ သက်ရောက်မှုတွေရှိပါတယ်။ ဒါ့ကြောင့် ဒါရိုက်တာတစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့ စည်းမျဉ်းပါပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီက အဆိုပါ ဒါရိုက်တာကို တရားစွဲနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနဲ့ အဆိုပါ ကုမ္ပဏီတို့ရဲ့ အခွင့်အရေး၊ အာဏာနှင့် တာဝန်ဝတ္တရားတို့ကို သတ်မှတ်ဖော်ပြထားတဲ့ အလွန်အရေးပါတဲ့ စာရွက်စာတမ်း တစ်ခုဖြစ်ဖြစ်ပါတယ်။ ဒါ့အပြင် အခွင့်အရေးနှင့် လုပ်ပိုင်ခွင့် အာဏာတို့ကို နားလည်ရန် လိုအပ်တဲ့ အစုရှယ်ယာရှင်အသစ်များကဲ့သို့ အဆိုပါကုမ္ပဏီနှင့် ဆက်သွယ် ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အရေးကြီးတဲ့ စာရွက်စာတမ်းတစ်ခု ဖြစ်ပါတယ်။

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားသည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီး

ဌာနက ရေးဆွဲနေတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ကုမ္ပဏီမှတ်ပုံတင်ရာမှာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများတင်ပြရန် မလိုအပ်တော့ဘဲ၊ ကုမ္ပဏီ၏ 'ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ' ဟု ခေါ်ဝေါ် သုံးစွဲမယ့် အထောက်အထား မှတ်တမ်းသာ လိုအပ်မှာ ဖြစ်ပါတယ်။

သင်းဖွဲ့မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်များ ပါဝင်ပြီး ဥပဒေအသစ်အရ အဆိုပါ ရည်ရွယ်ချက်တွေကို မဖြစ်မနေ တင်ပြဖို့ မလိုအပ်တော့ပါဘူး။ အကြောင်းရင်းကတော့ ကုမ္ပဏီအားလုံးဟာ ဥပဒေနဲ့အညီ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေရှိတာကြောင့် ဖြစ်ပါတယ်။ လက်ရှိဥပဒေအရ သင်းဖွဲ့မှတ်တမ်းမှာ အဆိုပြုရတဲ့ ကုမ္ပဏီရဲ့ သတ်မှတ်မတည်ငွေရင်း ဖော်ပြချက်ကို ဥပဒေသစ်မှာ ပယ်ဖျက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သင်းဖွဲ့မှတ်တမ်းကို သီးခြားစာရွက်စာတမ်းတစ်ခုအနေနဲ့ တင်ပြဖို့ မလိုအပ်တော့ခြင်းဘဲ ဖြစ်ပါတယ်။

ယခင် သင်းဖွဲ့စည်းမျဉ်းမှာ ပါဝင်တဲ့ အချက်တွေဟာ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှာ ပါဝင်လာမှာဖြစ်လို့ ကုမ္ပဏီက ရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရမယ့် စာရွက်စာတမ်းတွေကို လွယ်ကူရှင်းလင်းစွာ ရေးဆွဲပြင်ဆင်နိုင်စေပါမယ်။ ကုမ္ပဏီများမှ ၎င်းတို့ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲမှုကို စာရွက်စာတမ်း တစ်မျိုးတည်းနဲ့ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အကယ်၍ ကုမ္ပဏီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ကိုယ်တိုင် ရေးဆွဲလိုခြင်းမရှိတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေအတွက် ဥပဒေအသစ်မှာ နမူနာကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုဖော်ပြထားပါတယ်။

ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ လက်ရှိမှာ အသုံးပြုနေတဲ့ သင်းဖွဲ့စည်းမျဉ်းနှင့် သဘောတရား တူညီပြီး၊ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြားဖြစ်စေ၊ ကုမ္ပဏီနှင့် ဒါရိုက်တာများကြားဖြစ်စေ ဥပဒေသက်ရောက်မှုရှိတဲ့ စာချုပ်တစ်ခုအဖြစ် အကျုံးဝင်မှာဖြစ်ပါတယ်။

ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ပြောင်းလဲမယ်ဆိုရင် အစုရှယ်ယာရှင်တွေရဲ့ အထူးဆုံးဖြတ်ချက်နဲ့ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယင်းအထူးဆုံးဖြတ်ချက်ကိုလည်း တရားရုံး အတည်ပြုချက် ရယူဖို့ မလိုအပ်တော့ပါ။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ အာဏာသက်ဝင်တဲ့အခါမှာ လက်ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်လိုပါကလည်း ဥပဒေအသစ်မှ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကလည်း ဥပဒေသစ်အရ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအဖြစ် အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေသစ်အရ အကျုံးမဝင်တဲ့ အချက်အလက်များကတော့ ပျက်ပြယ်သွားမှာ ဖြစ်ပါတယ်။ လက်ရှိကုမ္ပဏီတွေရဲ့ သင်းဖွဲ့မှတ်တမ်းမှာ ပါဝင်တဲ့ လုပ်ငန်းရည်ရွယ်ချက်တွေကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ လုပ်ငန်းရည်ရွယ်ချက်အဖြစ် ဥပဒေအသစ် အသွင်ကူးပြောင်းရေးပြီးဆုံးတဲ့ ကာလအထိ ဆက်လက် ကျင့်သုံးသွားနိုင်မှာ ဖြစ်ပါတယ်(ဒါပေမဲ့ အစုရှယ်ယာရှင်များရဲ့ သဘောထားအရကုမ္ပဏီရဲ့ လုပ်ငန်းရည်ရွယ်ချက်များအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။)

အဆိုပါအပြောင်းအလဲတွေဟာ မြန်မာနိုင်ငံလိုပဲ အင်္ဂလိပ်ကုမ္ပဏီဥပဒေဓလေ့ထုံးတွေကို ကျင့်သုံးတဲ့ စင်ကာပူ၊ ဟောင်ကောင်၊ မလေးရှား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတွေအပါအဝင် ဒေသတွင်းနိုင်ငံများရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေများနှင့် တစ်ပြေးညီရှိစေမှာ ဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်ခြင်းဟာ ကုမ္ပဏီ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများရဲ့ အခွင့်အရေးများကို ရှင်းလင်းစွာ သတ်မှတ်နိုင်မှာဖြစ်ပြီး၊ လုပ်ငန်းစတင် တည်ထောင်ရာမှာလည်း ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။

■

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်

## ပြောင်းလဲလာသော

# ရင်းနှီးမြှုပ်နှံမှု

## အခွင့်အလမ်းများ

ဒေါက်တာညီညီမောင်

**အကျဉ်းချုပ်**

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုအတည်ပြုပြဋ္ဌာန်း ခဲ့ပြီး ယခင်သီးခြားဖြစ်နေသော ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခု ကို သာတူညီမျှစွာဖြင့် နိုင်ငံခြားနှင့်ပြည်တွင်း စီးပွားရေး လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့မြန်ဆန်စွာ စီးပွားရေး လုပ်ငန်းများ အခြေကျလုပ်ဆောင်နိုင်စေရန် ယခင်ဥပဒေ ပါပြဋ္ဌာန်းချက်အချို့အားဖြေလျှော့၍ နိုင်ငံတကာသို့ဖိတ်ခေါ်လျက်ရှိပါသည်။ ယင်းဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရင်းနှီးမြှုပ်နှံမှုများလွယ်လင့်တကူခွင့်ပြုလုပ်ဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ ပေါ်ပေါက် အသက်ဝင်လာမည်ဖြစ်ပြီး နိုင်ငံတော် အစိုးရမှ အကောင်အထည်ဖော်ဆောင်နေသော ဖက်ဒရယ် ပြည်ထောင်စုအတွက်လည်းစီးပွားရေးအဆောက်အဦများကိုစီမံခန့်ခွဲခွင့်နှင့် အကျိုးစီးပွားမျှဝေခံစားလာနိုင်ရန်လည်းဦးတည်ထားရှိသည်ကိုတွေ့ရှိရမည်ဖြစ်သည်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၏ စီးပွားရေးလုပ်ငန်းများမြန်မာနိုင်ငံအတွင်း လုပ်ဆောင်နိုင်ရန် အလွန် လွယ်ကူစွာဖြင့် အတည်ပြုမိန့်နှင့် ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိပြီး တစ်ချိန်ကနိုင်ငံတော်မှမျှော်လင့်ခဲ့သည့် စီးပွားရေး အသိုက်အမြုံပုံစံသို့ ဤဥပဒေသည် ပုံဖော်ဆောင်နေသည်ကိုတွေ့ရှိလာကြရပေပြီ။

သို့ဖြစ်ပါ၍ အသစ်ပြဋ္ဌာန်းနိုင်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရပြောင်းလဲလာသောရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများ၊ ပြောင်းလဲစပြုလာသောရင်းနှီးမြှုပ်နှံမှုအသွင်သဏ္ဍာန်နှင့် နိုင်ငံတော်၏စီးပွားရေးအဆောက်အဦပိုမိုကျယ်ပြန့်စွာအထောက်အကူဖြစ်ပေါ်လာမှု နှင့် နှစ်ရှည်ရည်မှန်းချက်များကျော်လွန် ပုံဖော်ပေးမှုများကို သိသာထင် ရှားလာစေရန်ဤစာတမ်းကိုပြုစုရခြင်းဖြစ်ပါသည်။

**အဓိကစကားလုံးများ**။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပြောင်းလဲလာသောရင်းနှီးမြှုပ်နှံမှုအသွင်သဏ္ဍာန်၊

## မြန်မာ့စီးပွားရေးအဆောက်အဦ နိဒါန်း

၁၉၈၈ ခုနှစ်မှ အစပြု၍ တံခါးပိတ် စီးပွားရေးမူဝါဒကို ချိုးဖျက်ခါ နိုင်ငံတော်အတွက် စီးပွားရေးဦးတည် ချက်များထားရှိပြီး တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကိုစတင်အခြေချခဲ့ပါသည်။ နိုင်ငံတကာမှစိတ်ပါဝင်စားသူများမှမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ကြပြီး အထည်ချုပ်လုပ်ငန်းတွင် ကမ္ဘာ့တင်ပို့မှုတွင် စံချိန်တင်သည်ထိ မြင့်တက်တင်ပို့နိုင်ခဲ့ပြီး စွမ်းအင်နှင့် သတ္တုလုပ်ငန်းများတွင် နိုင်ငံတကာမှတာဝန်ယူမှုရှိသော စွမ်းအင်ကုမ္ပဏီကြီးများဖြင့် လုပ်ဆောင်ပုံဖော်နိုင်ခဲ့ကြသည်။

၁၉၉၃ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင်များ၊ အမိန့်ကြော်ငြာစာများကိုထုတ်ပြန်၍ မြန်မာ့ စီးပွားရေး အသွင်ကိုဦးမော့စေခဲ့သော်လည်း နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကြောင့်များစွာ တွန့်ဆုတ်ခဲ့ရပြီး ထုတ်လုပ်မှုလုပ်ငန်းများကျဆင်းလာခါ နိုင်ငံတကာမျက်နှာစာမှ ပြန်လည်ထွက်ခွာခဲ့ရပြန်သည်။

၂၀၁၀ ခုနှစ်တွင် ပထမဆုံး ဒီမိုကရေစီ အစိုးရတက်လာခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ နှစ်ရှည်မျှော်မှန်းချက်များချထားသတ်မှတ်ပြီး နှစ်စဉ်မျှော်မှန်းပမာဏထက်များစွာကျော်လွန်၍ မြန်မာ့စီးပွားရေးအညွှန်းကိန်း ကိုတိုးတက်စေခဲ့သည်။

၂၀၁၆ ခုနှစ်၊အောက်တိုဘာလ ၁၈ ရက်တွင် မြန်မာနိုင်ငံအတွင်းပိုမိုလျင်မြန်စွာ အခြေချ၍ တာဝန်ယူမှုရှိသောစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုစတင်အသက်သွင်းနိုင်ခဲ့ပြီးနိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ခေါ် လျက်ရှိနေပေသည်။ ထို့အတူ တစ်ချိန်တည်းတွင် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်နေသည့်နည်းတူ နှစ်နိုင်ငံကြားမိတ်ဖက်အဖြစ် စီးပွားရေးဆိုင်ရာပူး ပေါင်းမှု၊ အကာအကွယ်ပေးမှု၊ အတူမျှဝေခံစားနိုင်မှုတို့အတွက် နားလည်မှုစာချွန်များလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာ့နိုင်ငံရေးအခင်းအကျင်းအရဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နောက်ခံထား၍ ယခင်ဥပဒေဟောင်းများတွင် အလုပ်အကိုင်ရရှိရေးနှင့် နည်းပညာတိုးတက်ရရှိရေးကို ဦးတည်ကြိုးပမ်းခဲ့ သော်လည်း အမှန်တကယ် စိစစ်ကြည့်လျှင် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို ပိုမိုဇောင်းပေးခဲ့ရသည့်အပြင် အလုပ်သမားပြဿနာများ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ယခုပြဋ္ဌာန်းအသက်ဝင်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ ပြည်ပမှသွင်းကုန်လျှော့ချရေး၊ နည်းပညာတိုးတက်ရရှိရေး၊ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအားအာမခံမှုရှိသောလုပ်ငန်းများအဖြစ်အသိအမှတ်ပြုပေးမည့်အပြင်၊ တာဝန်ယူမှုရှိသောစီးပွားရေးသမားများအဖြစ်လည်း



ကောင်း ဖန်တီးနိုင်ရေးနှင့် နိုင်ငံတကာမှတာဝန်ယူမှု ရှိသော ခိုင်မာသည့် စီးပွားရေးလုပ်ငန်းများ၏ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာဖိတ်ခေါ်နိုင်ရန်ရည်ရွယ်ထားပြီး မြန်မာ့စီးပွားရေးဦးတည်ချက် ၁၂ ရပ်ကို ပိုမိုအကောင်အထည်ဖော်ဆောင်ရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဤစာတမ်းတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်၊ နည်းဥပဒေများနှင့်အမိန့်ကြော်ငြာစာများ ပေါ်ပေါက် ပြီး ကနဦးအစတွင်ပင် ဥပဒေသစ်ရေးဆွဲ အကောင်အထည်ဖော်ပေးခဲ့မှုကြောင့် ရင်းနှီးမြှုပ်နှံမှု အသွင်သဏ္ဍာန် စတင် အသက်ဝင်ပြောင်းလဲလာပုံကို တင်ပြရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

ဤစာတမ်း၏ အပိုင်း (၁)တွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေပေါ်ပေါက်မှုနှင့် ရည်ရွယ်ချက်များကိုမိတ်ဆက် တင်ပြခြင်းနှင့် အပိုင်း(၂)တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပါ အခွင့်အရေးများနှင့်ပိုမိုလွယ်ကူစွာ ဖြေလျှော့မှု များကိုတင်ပြမည်ဖြစ်ပြီး အပိုင်း(၃)တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မြန်မာ့စီးပွားရေး အတွက် ခြေလှမ်း များကိုလည်းကောင်း၊ အပိုင်း(၄) တွင် ပြောင်းလဲစပြုလာသောရင်းနှီးမြှုပ်နှံမှုအသွင်သဏ္ဍာန် ကိုလည်းကောင်း၊ အပိုင်း(၅)တွင် ဆွေးနွေးတင်ပြချက် များနှင့် အပိုင်း(၆)တွင်နိဂုံးချုပ် အဆုံးသတ်တင်ပြမှုများဖြင့် စုစည်းတင်ပြမည် ဖြစ်ပါသည်။

**၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါပြဋ္ဌာန်းချက်များ**

ဤအပိုင်းတွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခန်းများကို တင်ပြမည်မဟုတ်ဘဲ အရေးပါသည့် ယခင် ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် ကွဲလွဲစွာ ဖြေလျှော့မှု များကိုသာ အနှစ်ချုပ် ဆွေးနွေးတင်ပြသည်ဟု မှတ်ယူစေချင် ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် တွင်ယခင်နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ နှစ်ခု ကိုပေါင်း၍ မြန်မာနိုင်ငံအတွင်း လျင်မြန်စွာ စီးပွားရေးအခြေချနိုင်ရန်နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ယင်း ဥပဒေအရ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဟူသော ကွာဟချက်များပျောက်ကွယ်သွားခဲ့ပြီး သာတူညီမျှအခွင့် အရေးပေးထားသည့် အချက်ကို ပိုမိုထင်ဟပ်လာစေခဲ့ သည်။ ဥပဒေသစ်အရပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာမှ တိုက်ရိုက် ရင်းနှီး မြှုပ်နှံမည့်လုပ်ငန်းရှင်များကို လွယ်ကူ လျင်မြန်စွာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အတွက် အခွင့်ကောင်းများ ကိုလက်ကမ်းနိုင်ခဲ့သည်။ နိုင်ငံတွင်းယခင် ကရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြမှုမရှိခဲ့ဘဲ လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများနှင့် လုပ်ကိုင်ရန်ရည်သန်

လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းများအတွက် အလျင်မြန်ဆုံး စီးပွားရေးအခြေချနိုင်ရန် အတည်ပြုမိန့်ကိုလည်းကောင်း၊ ပုဒ်မ (၃၆)ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ကိုက်ညီနေသည့်စီးပွားရေးလုပ်ငန်းများကို အဆိုပြုချက်လျှောက်ထားနိုင်ပြီး ခွင့်ပြုမိန့်ကိုထုတ်ပေး၍ ယခင်ဥပဒေများပါပြဋ္ဌာန်းချက်အရရက်(၉၀)အစား ရက်ပေါင်း(၆၀) အတွင်း လျင်မြန် စွာထုတ်ပေးလျက်စီးပွားရေးလုပ်ငန်းများကို ကူညီလျက်ရှိနေပေသည်။

ထို့အတူ တိုင်းနှင့်ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီများပေါ် ပေါက်လာမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ငါးသန်း သို့မဟုတ် မြန်မာကျပ်ငွေ ကျပ်သန်းခြောက်ထောင်နှင့်အောက် ရင်းနှီးမြှုပ်နှံမှုများသည် မိမိတို့နှစ်သက်သည့်အရပ်ဒေသတွင် မြို့နယ်အလိုက် ဝင်ငွေခွန်ကင်းလွတ်ခွင့်များနှင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ မြှင့်တင်ရေးလုပ်ငန်းပါဝင်သည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပတင်ပို့မှုပေါ် မူတည်၍ ကုန်ကြမ်းအပေါ် အခွန်ကင်းလွတ်ခွင့်/သက်သာခွင့် များ လွယ်လင့်တကူလျှောက်ထားနိုင်ပြီဖြစ်သည်။

အထက်နိဒါန်းတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ရည်ရွယ်ချက်များစွာဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပြီး သိသာထင်ရှားသောရလဒ်ကောင်းများမှာ နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ယခင်ဥပဒေများတွင် ရယူခဲ့ခြင်းမရှိသော ကနဦးဝန်ဆောင်ခများကို အခွန်အဖြစ် တရားဝင်ရရှိနေခြင်း၊ လက်ရှိလုပ်ငန်းလည်ပတ်ဆဲ စီးပွားရေးလုပ်ငန်းများအတွက် ခိုင်မာသောအာမခံချက်အပြည့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြလျှောက်ထားခွင့်ရရှိလာခြင်း၊ နိုင်ငံခြားသားများလွယ်လင့်တကူဖြင့်မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက်ဖြင့်လုပ်ငန်းလုပ်ဆောင်နေသော ကုမ္ပဏီများထံမှ အစုရှယ်ယာများ လျင်မြန်လွယ်ကူစွာ ဝယ်ယူနိုင်လာခြင်း၊ ပြင်ပစီးပွားရေးဆိုင်ရာဥပဒေအဖွဲ့များကို ငှားရမ်းကုန်ကျစာရိတ်များ လျှော့ချနိုင်ပြီး ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လွယ်ကူ လျင်မြန်စွာလျှောက်ထား တင်ပြနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း စက်မှုဇုန်များတွင် ဆောင်ရွက်သော လုပ်ငန်းများအတွက် နှစ်ရှည်မြေငှားရမ်းအသုံးပြုခွင့်ကို ယခင်ဥပဒေများတွင် မြေကိစ္စ ရှုပ်ထွေးမှုများစွာကို လုံးဝမကြုံတွေ့ရစေဘဲ လွယ်လင့်တကူစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ခွင့်များ ရရှိနေကြပြီ ဖြစ်သည်။

ပြည်တွင်းရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း သက်သာသောဝန်ဆောင်ခများဖြင့် လွယ်လင့်တကူစီးပွားရေးရှင်သန်ရန် ဥပဒေသစ်မှ ထောက်ပံ့ကူညီထားပြီး ကုမ္ပဏီဥပဒေသစ်ပေါ် ပေါက်လာပါက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကုမ္ပဏီပိုင် အစုရှယ်ယာအချို့အား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အချိုးကျပေါင်းစပ်၍ မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ်နှင့် ပင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခွင့်နှင့် နည်းပညာနှင့် ငွေကြေးများရယူနိုင်ကြမည်လည်းဖြစ်ပေသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံတွင် ရှုပ်ထွေးလျက်ရှိသည့် အလုပ်သမား ပြဿနာများ အပြီးတိုင် အဖြေရှာနိုင်ရေးရည်ရွယ်လျက် ယခင်ဥပဒေဟောင်းများတွင် နှစ်နှစ်တခါ နိုင်ငံခြားသား/ပြည်တွင်း အလုပ်သမား ခန့်ထားမှုအချိုးများအစား၊ နည်းပညာအသုံးမပြုသောနေရာများတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားများကိုခန့်ထားသွားကြရမည်ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့်တာဝန် ဝတ္တရားများကိုလည်း အတိအကျပြဋ္ဌာန်းထားသည်။ ထိုနည်းတူစွာ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲကိုလည်း ဥပဒေတွင် အတိအလင်း ဖော်ပြထားပါသည်။ ထို့သို့ဆိုလျှင် အရပ်အပြောအရ ယခင်က အဝင်ခက်၍ ကြီးကြပ်ကွပ်ကဲမှုအားနည်းပြီး ယခု ဆိုလျှင် အဝင်လွယ်၍ ယခင်လိုညာမရတော့ဟု ဆိုရမည်ကဲ့သို့ပင်။ ဥပဒေသစ်ပါပြဋ္ဌာန်းချက်များအရ စနစ်တကျ ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည်အမှတ်တကယ်ပြည်သူ့အတွက် အကျိုးရှိ/မရှိနှင့် တာဝန်ယူမှုကိုပါစစ်ဆေးသွားနိုင်တော့ မည်ဖြစ်သည်။

ယခင်ဥပဒေဟောင်းအရ လုပ်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကိုလည်း အာမခံပေးလျက်ရှိ

ပြီး ဥပဒေသစ်နှင့်အဟောင်းကြား အသွင်ကူးပြောင်းရေးကာလကို သတ်မှတ်ပြဋ္ဌာန်းပေးထားနိုင်ခဲ့ပါသည်။ အရပ်စကားလုံးအသုံးအရ တင်ပြရလျှင် ယခင် ဥပဒေဟောင်းများတွင် ရှုပ်ထွေးသော စီးပွားရေးတွက်ချက်မှုများ၊ အထောက်အထားများ၊ သဘောထားမှတ်ချက်များ တောင်းခံခြင်းများကို အားလုံးနီးပါး ယခုဥပဒေသစ်တွင် ဖြေလျှော့ထားပြီး စီးပွားရေးလျင်လျင်မြန်မြန် လွယ်လင့်တကူလုပ်နိုင်ရန်အတွက် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းဖြစ်သည်ဆိုကမှားမည်မထင်ပါ။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များအတွက်သာမက စီးပွားရေးစတင်ခြေလှမ်းမည့် မြန်မာနိုင်ငံသား စီးပွားရေး လုပ်ငန်းရှင်များကိုပါ မြန်မာစီးပွားရေးအဆောက်အဦတွင် တာဝန်ယူမှုရှိသော စီးပွားရေးသမားများအဖြစ် ခိုင်ခိုင်မာမာရပ်တည်မှုရရှိစေရန် ဆွဲဆောင် နိုင်သည့် ဥပဒေတစ်ခုလည်းဖြစ်ပေသည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏မြန်မာ့စီးပွားရေးအတွက်ခြေလှမ်းများ

ခိုင်မာတောင့်တင်းသောစီးပွားရေးအဆောက်အဦတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်မှစီးပွားရေးဦးတည်ချက်၁၂ချက်ကိုချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး ယခင်ကာလများစွာက မြန်မာနိုင်ငံသို့လာရောက်စုံစမ်းရင်းနှီးမြှုပ်နှံသူများအလာကိုစောင့်ဆိုင်းခဲ့သည်များကိုလျစ်လျူရှု၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုချမှတ်၍ ပေါ်ပေါက်ဖြစ်တည်လာခဲ့သော မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတကာရှိစီးပွားရေးလုပ်ငန်းရှင်ကြီးများထံသို့ ခြေလှမ်းစတင်တက်လှမ်းနေပြီဖြစ်သည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် ယခင်ကာလများက တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းနည်းပါးပြီး ကြားခံနိုင်ငံများဖြစ်သည့် စင်ကာပူနိုင်ငံ၊ ထိုင်ဝမ်၊ ထိုင်းနိုင်ငံ စသည်တို့မှသာ ရင်းနှီးမတည်ငွေ အနည်းငယ်ဖြင့်သာ မြန်မာနိုင်ငံတွင် တစ်ဆင့်ခံ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ကြသည်ကိုတွေ့ရှိကြရသည်။ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကိုသာ အားထားခဲ့ကြရပြီး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းအမျိုးအစားများကသာ ရင်းနှီးမတည်ငွေမြောက်မြားစွာတည်ရှိခဲ့သည်ကို စာရင်းများအရ ပေါ်လွင်ထင်ရှားစေခဲ့သည်။ ထုတ်လုပ်မှုလုပ်ငန်းများ အမှန်တကယ် ရောက်ရှိမှသာ မြန်မာ့စီးပွားရေးအမှန်တကယ် တိုးတက်လာနိုင်ပြီး အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများနှင့်စွန့်ဦးတီထွင်သော လူငယ်စီးပွားရေးသမားများကို မြေတောင် မြှောက်ပေးနိုင်ရန်၊ မိတ်ဖက် စီးပွားရေးအကျိုးတူဆောင်ရွက်လိုသူများရရှိစေရန်နှင့် ထုထည်ကြီးမားသော ရင်းနှီးမတည်ငွေများပြား သောတိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအတွင်းအခြေချလုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်များကိုလည်းကောင်း၊ ပြည်ပနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များကို လည်းကောင်း ဖိတ်ခေါ်လျက် မြန်မာနိုင်ငံ၏စီးပွားရေးအခွင့်အလမ်းများကို ရှင်းလင်း ဆွေးနွေးဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိပါသည်။

ထို့အတူ စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးမိတ်ဖက်နိုင်ငံများဖြင့် နှစ်ဘက်သဘောတူစာချုပ်များ၊ သုံးဦးသုံးဖလှယ်သဘောတူစာချုပ်များကို ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ရရှိစေရေးနှင့် အပြန်အလှန်အကာအကွယ်ပေးရေးတို့ကို သဘောတူချုပ်ဆိုနိုင်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သည် မြန်မာ့စီးပွားရေးကို ဦးဆောင်မှုနေရာတွင်တည်ရှိနေသည့်အားလျော်စွာ နိုင်ငံ့စီးပွားရေးကိုဦးမော့လာစေမည့် ခြေလှမ်းသစ်များကို ကမ္ဘာသို့ ခြေချပြနေပြီလည်းဖြစ် ပါသည်။

■

# ရင်းနှီးမြှုပ်နှံမှု
# မေးကြမယ်.......ဖြေကြမယ်

ကျော်ဒွန်း(ညွှန်ကြားရေးမှူး-ငြိမ်း)

**မေး။** (၁) ယခင်က MIC ခွင့်ပြုမိန့်ပဲရှိတယ်။ ယခု ၂၀၁၆ ဥပဒေမှာ ခွင့်ပြုမိန့်နဲ့ အတည်ပြုမိန့်ဆိုပြီး တွေ့ပါတယ်၊ ကွာခြားမှုနဲ့ အခွင့်အရေးတွေ သိချင်လို့ပါ။

## ကွာခြားမှု

**ဖြေ။** (၁) မှန်ပါတယ်၊ FIL/MCIL ၁၉၈၈/၁၉၉၄ ဥပဒေများ ၊ ၂၀၁၂ / ၂၀၁၃ ဥပဒေများအရ လုပ်ငန်းအသစ်များကိုသာ MIC ခွင့်ပြုမိန့် ပေးပါတယ်၊ လုပ်ငန်းအဟောင်းကို MIC ခွင့်ပြုမိန့် မပေးခဲ့ပါ၊ ဒါပေမဲ့ ၁၉၉၈/ ၁၉၉၉ ခုနှစ်လောက်က CMP အထည်ချုပ် လုပ်ငန်းဟောင်း တွေကိုတော့ နောက်ကြောင်းပြန် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ဖူးပါတယ်၊ အဲဒီ လုပ်ငန်း အဟောင်းတွေ ခွင့်ပြုမိန့်ရတဲ့နေ့ကို စီးပွားဖြစ်နေ့အဖြစ် သတ်မှတ်ပေးခဲ့တယ်၊ အခြားလုပ်ငန်း အဟောင်းတွေကို MIC ခွင့်ပြုမိန့် ထုတ်မပေးရတဲ့ အကြောင်းရင်းကတော့ လုပ်ငန်း လည်ပတ်နေသောကြောင့် နှစ်စဉ်အရှုံးအမြတ်ရှိမယ်၊ ကျသင့်တဲ့ ဝင်ငွေခွန်လည်း ပေးဆောင်နေကြဖြစ်တယ်၊ ဒါ့ကြောင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရန် မလိုဘူးလို့အစည်းအဝေးမှာ လူကြီးတွေဆွေးနွေးတာ မှတ်သားဖူးပါတယ်၊ CMP အထည်ချုပ် လုပ်ငန်းတွေကိုတော့ အလုပ်အကိုင် များများရတယ် အရင်းအနှီး နည်းပြီး ဝင်ငွေသေချာတဲ့ လုပ်ငန်းဖြစ်လို့ သီးခြားဦးစားပေးခဲ့တယ်။

ယခု ၂၀၁၆ ဥပဒေမှာ အဆိုပြုချက်နဲ့ တင်ပြပြီး ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့် အမိန့်ကို ကော်မရှင် ခွင့်ပြုမိန့်လို့ ခေါ်သည်။ ၂၀၁၆ ဥပဒေတွင် လုပ်ငန်း လည်ပတ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် (သို့မဟုတ်) အသစ်ဖွဲ့စည်း တည်ထောင် လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် အကျုံးဝင်သက်ဆိုင်ကြောင်း ဖော်ပြထားပါသည်။

အဆိုပြုချက်တင်ရန် လုပ်ငန်းတွေကို ဥပဒေပုဒ်မ ၃၆ တွင် ဖော်ပြထားပါတယ်၊ ဥပဒေပုဒ်မ ၃၆ ပါ လုပ်ငန်းများမှတစ်ပါး အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်ပတ်သက်၍ ကော်မရှင်သို့ အဆိုပြုချက် တင်ပြရန် မလိုပါ။

အောက်ပါလုပ်ငန်းများအား ကော်မရှင်သို့ အဆိုပြုချက် တင်ပြစေပြီး ခွင့်ပြုမိန့် ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါသည်-

၁။ အောက်ပါတို့ကို နိုင်ငံတော်အတွက် မဟာဗျူဟာ အရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) IT, မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း လုပ်ငန်းစသည့် လုပ်ငန်းများအနက် လုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းနှစ်ဆယ်ထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

(ခ) အစိုးရမြေ သို့မဟုတ် ပစ္စည်းအား အသုံးပြုခွင့် ပေးအပ်ခြင်း၊ လုပ်ပိုင်ခွင့် ပေးအပ်ခြင်းတို့အရ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၂၀ အထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

(ဂ)နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံ၏ နယ်နိမိတ် ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းတစ်လျှောက် သို့မဟုတ် ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည့် ဧရိယာအတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီး

မြှုပ်နှံခြင်း သို့မဟုတ် မြန်မာနိုင်ငံသား၊ ရင်းနှီးမြှုပ်နှံသူမှ အမေရိကန်ဒေါ်လာ ၁ သန်းထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

(ဃ) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံခြင်းတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူမှ အမေရိကန် ဒေါ်လာ ၁ သန်းထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

(င) နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုနှင့်တစ်ခု ဖြတ်ကျော်၍ ရင်းနှီး မြှုပ်နှံခြင်းလုပ်ငန်း။

(စ) မြေဧက ၁၀၀၀ ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေး လုပ်ငန်း လုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

(ဆ) မြေဧက ၁၀၀ ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေး လုပ်ငန်းမှအပ အခြား လုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း။

၂။ မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ အထက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဥပဒေပုဒ်မ ၃၆(ခ)ပါ မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအဖြစ် သတ်မှတ်သည်။

၃။ ဥပဒေ ပုဒ်မ ၃၆(ဂ)ပါ ပြဋ္ဌာန်းချက် အလို့ငှာ အောက်ဖော်ပြပါ သတ်မှတ်ချက် တစ်ခုခုနှင့် ကိုက်ညီမှုရှိလျှင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအဖြစ် မှတ်ယူရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်း အမျိုးအစားဖြစ်ခြင်း သို့မဟုတ် ဖြစ်နိုင်ချေရှိခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ အပါအဝင် တည်ဆဲ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများအရ သတ်မှတ်ထားသည့် သို့မဟုတ် အဆိုပြုထားသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာ အဓိက အရေးပါသော ဇီဝ မျိုးစုံမျိုးကွဲများ တည်ရှိနယ်မြေများ သို့မဟုတ် ဂေဟစနစ် ဝန်ဆောင်မှုများ အထောက်အပံ့ပြုရန် အရေးပါသည်ဟု ရွေးချယ်သတ်မှတ်ခံထားရသည့် ဧရိယာများနှင့် ယဉ်ကျေးမှု အမွေအနှစ်နှင့် သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှု အထိမ်းအမှတ်နှင့် မပြုပြင်ဘဲ သဘာဝအတိုင်း တည်ရှိနေသော ဧရိယာများတွင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း။

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အသုံးပြုမည့်မြေ သို့မဟုတ် ငှားရမ်းမည့် မြေသည် . . . .

(၁) နိုင်ငံတော်၏ ဥပဒေများနှင့်အညီ လျော်ကြေးပေး၍ သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိမြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့်ရယူခြင်း သို့မဟုတ် လျော်ကြေး ပေး၍ သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူရန် ကြိုတင်သဘောတူညီချက်ဖြင့် ပြုလုပ်ခြင်းနှင့် ထိုကဲ့သို့ သိမ်းယူခြင်းကြောင့် ယင်းမြေ၌ အမြဲတမ်းနေထိုင်သူဦးရေအနည်းဆုံး ၁၀၀ ယောက် သို့မဟုတ် ၁၀၀ ဧက အထက်အား ပြန်လည်နေရာချထားပေးရန် လိုအပ်ခြင်း။

(၂) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁၀၀အထက်ပို၍ ရယူရာတွင် မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ရှိသူတို့မှ အတင်းအကြပ်ပိတ်ပင်ခြင်းဖြင့် ဥပဒေအရ အသုံးပြုခွင့်ရှိသော ပုဂ္ဂိုလ်အား ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်ခြင်း။

(၃) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁၀၀အထက်ပို၍ ရယူရာတွင် ပုဂ္ဂိုလ်တစ်ဦးက ရိုးဖြောင့်သောသဘောဖြင့် တရားစွဲဆိုတောင်းဆိုခြင်း သို့မဟုတ် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု ဖြစ်နေခြင်းတို့ကြောင့် အဆိုပြုရင်းနှီးမြှုပ်နှံလုပ်ငန်းအား ပဋိပက္ခဖြစ်စေနိုင်ခြင်း သို့မဟုတ်၊

(၄) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကြောင့် လျှောက်ထားချိန်တွင် စိစစ်ခွင့်ရှိသည့် အဖွဲ့က စိစစ်သည့်မြေတွင် နေထိုင်သူဦးရေ အနည်းဆုံး ၁၀၀ ယောက်အား ယင်းမြေတွင် ဆက်လက်နေထိုင်ခြင်းဖြင့် အခြားသော ဆိုးကျိုးသက်ရောက်စေနိုင်ခြင်း။

(ဃ) ဥပဒေ ပုဒ်မ ၃၆ (ဃ)ပါ ပြဋ္ဌာန်းချက်အလို့ငှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသည့် မြေ သို့မဟုတ် အဆောက်အဦတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းအား နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် သတ်မှတ်သည်။ (MIC ခွင့်ပြုမိန့် ရယူရန် အဆိုပြုလွှာတင်ရမည်)

- အစိုးရဌာနလုပ်ပိုင်ခွင့်အတွင်းမှ မြေယာ စီမံခန့်ခွဲမှုအရ ခွင့်ပြုခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြားနည်းဖြင့် ပေါ်ပေါက်လာသော မြေအသုံးချခွင့်များ မပါဝင်စေရ ။

သို့သော် (က)မြေ/အဆောက်အဦအား ၅ နှစ် သို့မဟုတ် ငါးနှစ်အောက်ငှားခြင်း၊ လိုင်စင်ယူခြင်းများနှင့် (ခ) ယခင်က ငှားရမ်းထားသူနှင့် တစ်ဆင့်ငှားယူရန် ပုဂ္ဂိုလ်ထံမှ တစ်ဆင့် ငှားယူခြင်းတို့သည် ဥပဒေပုဒ်မ ၃၆ (ဃ)အရ ခွင့်ပြုမိန့် လျှောက်ထားရန် မလိုပါ။

ဥပဒေ ပုဒ်မ ၃၆ တွင် အကျုံးဝင်မှု မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အတည်ပြုလျှောက်ထားလွှာကို MIC ရုံး သို့မဟုတ် တိုင်း/ပြည်နယ် ရင်းနှီးမြှုပ်နှံ ကော်မတီရုံးသို့ လျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံလိုသူက ပုဂ္ဂလိကထံမှဖြစ်စေ၊ အစိုးရထံမှဖြစ်စေ၊ မြေ သို့မဟုတ် အဆောက်အဦ ငှားရမ်းခွင့်နှင့် ဝင်ငွေခွန်၊ အကောက်ခွန် ကင်းလွတ်ခွင့်/ သက်သာခွင့်များ ခံစားနိုင်ရန်အလို့ငှာ ကော်မရှင်၏ အတည်ပြုမိန့် ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့်တင်ပြသော လျှောက်လွှာကို အတည်ပြုလျှောက်လွှာဟု ခေါ်ပါသည်။

ဒါပေမဲ့တိုင်း/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများသည် မတည်ငွေရင်း အမေရိကန်ဒေါ်လာ ၅ သန်း သို့မဟုတ် မြန်မာငွေကျပ် သန်း ၆၀၀၀ အထိသာ အတည်ပြုမိန့် ထုတ်ပေးနိုင်ပါသည်။ ယင်းသို့ ထုတ်ပေးပိုင်ခွင့်ရှိသည့် အတည်ပြုလျှောက်လွှာအား MIC သို့ လည်း လျှောက်ထားနိုင်သည်။

ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရာတွင်ဖြစ်စေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲရာတွင်ဖြစ်စေ၊ ကော်မရှင်သို့ အဆိုပြုချက် သို့မဟုတ် အတည်ပြု လျှောက်လွှာတင်ပြရန် မလိုပါ။

## အခွင့်အရေး

ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြု လျှောက်ထားလွှာအား လျှောက်ထားဆဲဖြစ်သည် ရင်းနှီးမြှုပ်နှံသူသည် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားလိုပါက လျှောက်ထားလွှာဖြင့် တင်ပြနိုင်ပါသည်။

| ဝင်ငွေခွန် ကင်းလွတ်ခွင့် | |
|---|---|
| ဇုန်(ဖွံ့ဖြိုးမှု) | ကင်းလွတ်ခွင့်ကာလ |
| ဇုန်(၁) (နည်း) | ၇ နှစ် |
| ဇုန်(၂) (သင့်) | ၅ နှစ် |
| ဇုန် (၃) (ဖွံ့ဖြိုး) | ၃ နှစ် |
| * တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးလျှင် ဝင်ငွေခွန် ကင်းလွတ်ခွင့် R &D စရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်။ | |
| * ရင်းနှီးမြှုပ်နှံမှု မြှင့်တင်သည့် လုပ်ငန်းများသာ ခွင့်ပြုမည်။ | |

| အကောက်ခွန်ကင်းလွတ်ခွင့် | |
|---|---|
| တည်ဆောက်/ပြင်ဆင်ကာလ | စက်၊ စက်ကိရိယာ၊ ပြည်တွင်း၌ ဝယ်မရသော တည်ဆောက်ရေး ပစ္စည်းတင်သွင်းခြင်း၊ |
| ရာခိုင်နှုန်းပြည့်တင်ပို့ခြင်း | ပို့ကုန်အတွက် တင်သွင်းသော ကုန်ကြမ်း၊ တစ်ပိုင်းတစ်စထုတ်ပြီး ပစ္စည်းများ တင်သွင်းခြင်း |
| လုပ်ငန်းတိုးချဲ့ခြင်း | စက်၊ စက်ကိရိယာ၊ ပြည်တွင်း၌ ဝယ်မရသော တည်ဆောက်ရေး ပစ္စည်း တင်သွင်းခြင်း၊ |

■

# ဖွံ့ဖြိုးမှုစီမံကိန်းများ

**ထင်အောင်ဇော်**

## ဖွံ့ဖြိုးမှု စီမံကိန်းများ

ဒုတိယကမ္ဘာစစ်ပြီးနောက် စီးပွားရေး ဖွံ့ဖြိုးမှု အတွက် အသေချာဆုံးနှင့် တိုက်ရိုက်အကျဆုံးမှာ ဖွံ့ဖြိုးမှု စီမံကိန်းများဟု တစ်ကမ္ဘာလုံးက လက်ခံခဲ့သည်။ အစိုးရ ဝန်ကြီးဌာနများတွင်လည်း နှစ်စဉ်စီမံကိန်းများ၊ ငါးနှစ် စီမံကိန်းများ စသည်ဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းများကို ချပြ ဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားစီမံကိန်းသည် အခြေခံ အားဖြင့် စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားခြင်းကို ထိန်းထားနိုင်ရန်နှင့် ဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခက်အခဲကို ကျော်လွှားနိုင်ရန် အဓိကကျပြီး တစ်ခုတည်းသော ဖြစ်နိုင်ချေဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြသည်။

## ဖွံ့ဖြိုးမှုစီမံကိန်း၏ သဘောသဘာဝ

နိုင်ငံတိုင်းသည် အဓိကကျသော စီးပွားရေးကိန်း ရှင်များဖြစ်သည့် (ဝင်ငွေ၊ စားသုံးမှု၊ အလုပ်အကိုင်ရရှိရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးစုဆောင်းမှု၊ ပြည်ပပို့ကုန်၊ သွင်း ကုန် အစရှိသည့်) ကိစ္စများကို ထိန်းချုပ်ကိုင်တွယ်ရန် ဖွံ့ဖြိုးမှု ရည်မှန်းချက်များရအောင် ဆောင်ရွက်ရသည်။ ဖွံ့ဖြိုးရေးစီမံကိန်းသည် သတ်မှတ်ထားသော အချိန်အတွင်း ချမှတ်ထားသော အရေအတွက်ရရှိရန် စီးပွားရေး ရည်မှန်းချက်များကို ချမှတ်နိုင်ရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းသည် ဘက်စုံ စီမံကိန်း ဖြစ်နိုင်သလို သီးသန့်စီမံကိန်းများလည်း ဖြစ်နိုင်သည်။ သို့သော် အမျိုးသားစီးပွားရေး၏ အဓိကကျသော ရှုထောင့်အားလုံးကို ပါဝင် စေရမည်။



စီမံကိန်းလုပ်ငန်းစဉ်သည် အစိုးရက ပထမဦးစွာ လူမှုရည်မှန်းချက်များကို ရွေးချယ်ချမှတ်ကာ နောက်ဆုံးအနေဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည်ဖော်ရေး ပူးပေါင်းညှိနှိုင်းခြင်းတို့ပြုလုပ်၍ ဖွံ့ဖြိုးမှုစီမံကိန်း မူဘောင်အရ ဆောင်ရွက်ခြင်း ဖြစ်သည်။

အစိုးရ၏စီးပွားရေးမူဝါဒ (ဥပမာ- အခွန်ကောက်ခံခြင်း၊ စက်မှုလိုင်စင်ထုတ်ပေးခြင်း၊ ကုန်သွယ်ခွန်သတ်မှတ်ခြင်း၊ ကိုတာသတ်မှတ်ခြင်း၊ လုပ်အားခများသက်မှတ်ခြင်း၊ အတိုးနှုန်းနှင့် ကုန်ဈေးနှုန်းတို့ကို သတ်မှတ်ထိန်းချုပ်ခြင်း)နှင့် စည်းရုံးခြင်း၊ကြီးကြပ်ခြင်းနှင့် အချို့သော ကိစ္စများဖြင့် ပုဂ္ဂလိကစီးပွားရေး လုပ်ဆောင်ချက်များကိုထိန်းချုပ်ရသည်။ သို့မှသာလျှင် အစိုးရ၏ လူမှုရေးဦးတည်ချက်များနှင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များကြား သဟဇာတဖြစ်ရေး စွမ်းဆောင်နိုင်မည်။

**သယံဇာတများ ရွှေ့ပြောင်းအသုံးချခြင်းနှင့် ခွဲဝေသုံးစွဲခြင်း** - ရှားပါးသော သယံဇာတ သွင်းအားစုများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု အကောင်းဆုံး ဖြစ်စေရန် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ညှိနှိုင်းခြင်းဖြင့် အဖြေရှာရမည်။

**အမျိုးသားစွမ်းပကား** - အမျိုးသားစွမ်းပကားကို တိုးမြှင့်ပေးရန်အတွက် အမျိုးသားလှုပ်ရှားမှုအနေဖြင့် လှုံ့ဆော်စည်းရုံးရာတွင် ပြည်သူလူထုကို အစိုးရနောက်တွင် ရှိစေခြင်းဖြင့် အောင်မြင်မှုကို ရရှိနိုင်သည်။ အမျိုးမျိုးသော လူတန်းစား၊ ဇာတ်၊ လူမျိုး၊ ဘာသာ၊ မျိုးနွယ်စုများ အားလုံး နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်လာစေရန် ဆောင်ရွက်ခြင်းသည် အစိုးရကို ပိုမိုအားကြီးစေပြီး စီးပွားရေးစီမံကိန်းဖြင့် အကန့်အသတ်များ အတားအဆီးများကို ကျော်လွှားနိုင်သည်။

**နိုင်ငံခြားအကူအညီ** - အသေးစိပ် ရေးဆွဲ အကောင်အထည်ဖော်သော ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နိုင်ငံခြားအကူအညီ ရရှိရန်လိုအပ်သည်။ အစိုးရများသည် ကောင်းမွန်သော ဆောင်ရွက် မှုစီမံကိန်းများဖြင့် အလှူရှင်များ၏ငွေကို မည်သို့သုံးစွဲမည်ကို ဖော်ပြ၍ ဆွဲဆောင်နိုင်သည်။



## စီမံကိန်းမအောင်မြင်ရခြင်း၏ အကြောင်းရင်းများ

**စီမံကိန်းအားနည်းချက်နှင့် အကောင်အထည်ဖော်မှု** - စီမံကိန်းများသည် မကြာခဏ ဆိုသလို အလွန်ကျယ်လွန်းလှသည်။ အချို့သော ရည်မှန်းချက်များသည် ပြိုင်ဆိုင်ခြင်း(သို့) ပဋိပက္ခ ဖြစ်ခြင်းတို့ကို ထည့်မတွက်ကြဘဲ ရည်မှန်းချက် အများအပြားကို ချက်ခြင်းပြီးဆုံးအောင် ကြိုးစားကြသည်။ နောက်ဆုံးတွင် စီမံကိန်းဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့နှစ်ခုကြားတွင် ကွာဟမှုအလွန်ကြီးမားနေပြီး အကောင်အထည်ဖော်နိုင်ခြင်း မရှိကြပေ။

**မပြည့်စုံသည့်အပြင် အားထား၍မရသော အချက်အလက်များ** - ဖွံ့ဖြိုးမှုစီမံကိန်း၏ စီးပွားရေးတန်ဖိုးသည် စာရင်းဇယားအချက်အလက်၏ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှု အပေါ်တွင် အတိုင်းအတာတစ်ခုထိ မူတည်သည်။ များစွာသော ဆင်းရဲသည့်နိုင်ငံများတွင် အချက်အလက်များအားနည်းခြင်း၊ အားမကိုးလောက်ခြင်း(သို့)တကယ်မရှိခြင်းနှင့် ရှေ့နောက် မညီညွတ်ခြင်းတို့သည် စီးပွားရေးနှင့်ဆိုင်သည့် စီမံကိန်းများကို ကြီးကြီးကျယ်ကျယ် အားနည်းသွားစေသည်။ ထို့ပြင် ယုံကြည်စိတ်ချရမှု မရှိသော စာရင်းဇယားများအပေါ် ပြည့်စုံသော အရည်အချင်းမရှိသည့် စီးပွားရေးပညာရှင်များ၊ စာရင်းအင်းပညာရှင်များနှင့် အခြားသော စီမံကိန်းပုဂ္ဂိုလ်များ ရောနှောလိုက်ချိန်တွင် ဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည်ဖော်ရန် အဆင့်တိုင်းတွင် အဆင်မပြေမှု ဖြစ်နိုင်ခြေကို ပိုမိုများပြားစေသည်။

**ပြည်တွင်းပြည်ပမှ မျှော်လင့်မထားသော စီးပွားရေးဆိုင်ရာ အနှောက်အယှက်များ**- ဖွံ့ဖြိုးဆဲ နိုင်ငံအများစုသည် တံခါးဖွင့် စီးပွားရေးစနစ်ကို ကျင့်သုံးကြပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု၊ အကူအညီ၊ အရင်းအနှီးစီးဝင်မှု အတက်အကျနှင့် ပုဂ္ဂလိက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပေါ် တွင် မှီခိုနေသည်။ ရေရှည်စီမံကိန်းကို မဆိုထားနှင့် ကာလတို ကြိုတင်ခန့်မှန်းရေးအတွက်ပင် အခက်အခဲ ရှိသည်။ ၁၉၇၅၊ ၁၉၇၉ နှင့် ၁၉၉၀ ခုနှစ်များတွင် ရေနံဈေး တက်လာသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့၏ ဖွံ့ဖြိုးမှု စီမံကိန်းများ အခက်အခဲနှင့် ရင်ဆိုင်ရသည်။ ၁၉၇၀ ခုနှစ်တွင် ရေနံဈေးတက်လာသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့၏ ဖွံ့ဖြိုးမှုစီမံကိန်းများ အကြီးအကျယ် ပျက်စီးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ စွမ်းအင်ပြဿနာသည် ပြင်ပအကြောင်းတရားတစ်ခုသာဖြစ်သော်လည်း ဖွံ့ဖြိုးဆဲအစိုးရများအနေဖြင့် ယင်းတို့၏ ဖွံ့ဖြိုးမှုဝါဒများ အောင်မြင်မှု (သို့) ကျဆုံးမှုကို ဆုံးဖြတ်ရန် အနည်းအကျဉ်းသာ ထိန်းချုပ်နိုင်ကြသည်။

**အဖွဲ့အစည်းအားနည်းချက်များ**- ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီမံကိန်းဖြစ်စဉ်၏ အဖွဲ့အစည်း အားနည်းချက်များတွင် စီမံကိန်းအေဂျင်စီကို နေ့စဉ်ဆုံးဖြတ်ချက်ချရသော အစိုးရယန္တရားမှ ခွဲခြားထားခြင်း၊ စီမံကိန်း ရေးဆွဲသူများ၊ အုပ်ချုပ်သူများနှင့် နိုင်ငံခေါင်းဆောင်များက ရည်မှန်းချက်ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးမှု၊ အဖွဲ့အတွင်း သတင်းဆက်သွယ်မှုများနှင့် ထိတွေ့မှုအားနည်းခြင်း၊ နိုင်ငံတကာမှ ရယူသုံးစွဲသည့် စီမံကိန်းများနှင့် အဖွဲ့အစည်းဆိုင်ရာ စီမံချက်များသည် ဒေသအခြေအနေနှင့် ကိုက်ညီမှုမရှိခြင်းတို့ ပါဝင်သည်။ ထပ်လောင်းဆိုရလျှင် အရည်အချင်းမပြည့်မီသော၊ ကျွမ်းကျင်မှုမရှိသော ဝန်ထမ်းများ ရှိနေခြင်း၊ နှေးကွေးလေးလံသော ဗျူရိုကရေစီ စည်းစနစ်များ၊ သတိထားလွန်းခြင်းနှင့် ပြောင်းလဲမှုကို ဆန့်ကျင်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းနှင့် ဌာနအချင်းချင်း ပြိုင်ဆိုင်ကြခြင်း၊ နိုင်ငံရေးခေါင်းဆောင်များနှင့် အစိုးရဗျူရိုကရက်များသည်ပင်လျှင် ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာ ဦးတည်ချက်တို့ကို ဆန့်ကျင်ပြီး အမျိုးသားပန်းတိုင်အပေါ် တွင် နစ်မြှုပ်ထားမှုမရှိခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည့် ဗျူရိုကရေစီခြစားခြင်းတို့ဖြစ်ကြသည်။

**နိုင်ငံရေးမူဝါဒလိုအပ်ချက်**- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီမံကိန်းချမှတ်ခြင်းနှင့် စီမံကိန်း အကောင်အထည်ဖော်မှုကြား ကွာဟချက်ကြီးမားခြင်းသည် ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချနိုင်သော အဆင့်မြင့်အရာရှိကြီးများက လုပ်ငန်းအပေါ် နစ်မြှုပ်ထားနိုင်မှုနှင့် နိုင်ငံရေးဆန္ဒ (Political Will) မရှိခြင်းတို့ကြောင့် ဖြစ်ပေါ် လာသည်။ နိုင်ငံရေးဆန္ဒသည် သဘောထား မြင့်မြတ်သော ရည်ရွယ်ချက်နှင့် မြင့်မြတ်သောပြောဆိုမှုတို့ဖြစ်သည်။ သြဇာရှိပြီး ကိုယ်ကျိုး စီးပွားပါဝင်ပတ်သက်သော အုပ်စုများကို ပြိုင်ဆိုင်နိုင်ရန် သာမန်မဟုတ်သော စွမ်းဆောင်မှုနှင့် နိုင်ငံရေးသတ္တိ ကြီးကြီးမားမား လိုအပ်သည်။ ထို့အပြင် အချို့သောသူများအနေဖြင့် ရေတိုဆုံးရှုံးမှုများ ကြုံရနိုင်သော်လည်း ပြည်သူများအားလုံး ရေရှည်အကျိုးစီးပွားတွင် ဖွံ့ဖြိုးမှု ရလာမည် ဖြစ်ကြောင်း ပြည်သူများကို တိုက်တွန်းရမည်။

## ဖွံ့ဖြိုးမှုဝါဒနှင့် နိုင်ငံတော်

နိုင်ငံရေးခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချသူများသည် လူသားများဖြစ်ကြသည်ကို မမေ့သင့်ပေ။ ၎င်းတို့နှင့်အတူ လူပုဂ္ဂိုလ်အလိုက် ထူးခြားမှု၊ အားနည်းချက်နှင့် အပြစ်အနာအဆာတို့လည်း ရှိကြမည်ဖြစ်သည်။ ဒီမိုကရေစီတိုင်းပြည်များတွင် နိုင်ငံရေးသမားများသည် ပထမဦးစွာ ၎င်းတို့၏ နိုင်ငံရေးမဲဆန္ဒနယ်မြေနှင့် ၎င်းတို့ဒေသရှိအကျိုးပတ်သက်နေသူများအပေါ် တုံ့ပြန်ဆောင်ရွက်ကြမည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးမူဝါဒများ၏ အခန်းကဏ္ဍနှင့် အကန့်အသတ်များကို လက်တွေ့ကျကျ လုပ်ဆောင်ရန်လိုအပ်ပြီး အခြားတစ်ဖက်တွင် နိုင်ငံ့ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချသူများသည် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားဟု မှတ်ယူခြင်းကို ရှောင်ကြဉ်ရမည်။

အောင်မြင်သော စီးပွားရေးဖွံ့ဖြိုးမှုသည် တိုးတက်ကောင်းမွန်စွာ လုပ်ကိုင်နိုင်သော ပြည်သူ၊ ပုဂ္ဂလိကနှင့် နိုင်ငံသားကဏ္ဍတို့ ပါဝင်ရန် လိုအပ်လှပေသည်။

■

# လွတ်လပ်သောကုန်သွယ်ရေး၏ ကောင်းကျိုးများ

|သိန်းမြင့်ဝေ|

## လွတ်လပ်သောကုန်သွယ်ရေး အဓိပ္ပာယ်

လွတ်လပ်သော ကုန်သွယ်ရေး (Free Trade) သည် နိုင်ငံတကာ ပြိုင်ဆိုင်မှု (International Competition) ကိုမြှင့်တင်အားပေးရန် ဖြစ်ပါသည်။ သီအိုရီသဘောအရ လွတ်လပ်သော ကုန်သွယ်ရေးဆိုသည်မှာ နိုင်ငံတကာ ကုန်သွယ်ရေးကို အဟန့်အတား ဖြစ်စေသည့် အစိုးရက ချမှတ်ကျင့်သုံးသော အဟန့်အတားများ (Government-Imposed Barriers to International Trade) ကို လျှော့ချ ရန်နှင့် နောက်ဆုံးတွင် အဆိုပါ အဟန့်အတားများကို ဖယ်ရှားရန်ဖြစ်ပါသည်။ လွတ်လပ်သော ကုန်သွယ်ရေးသည် နိုင်ငံတကာ အဆင့်တွင် လူ့အခွင့်အရေး (Human Rights)၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု ( Global Economic Growth)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ (Environmental Standards)၊ အလုပ်အကိုင် ဖန်တီးရေး (Job Creation) တို့နှင့် ပတ်သက်၍ လည်းကောင်း၊ ဒေသဆိုင်ရာအဆင့်တွင် အလုပ်အကိုင် ဆုံးရှုံးမှု (Job Loss) နှင့် ပတ်သက်၍လည်းကောင်း အငြင်းပွားဖွယ်ဖြစ်သော၊ ရှုပ်ထွေးသောကိစ္စရပ် သို့မဟုတ် အကြောင်းအရာ ဖြစ်သည်။



လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များ (Free Trade Agreements) ဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ (Free Trade Area) ကိုထူထောင်ရာတွင် အမျိုးမျိုးသော သီအိုရီသဘောတရားများနှင့် ကျင့်သုံးလုပ်ဆောင်ပုံများ ပါဝင်ပါသည်။ လွတ်လပ်သော ကုန်သွယ်ရေးကို အသုံးပြုခြင်း၏ ယေဘုယျအကျဆုံးသော ရည်ရွယ်ချက်မှာ နိုင်ငံများအကြားတွင်ရှိသော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အတားအဆီးများ (Commerical Barriers) ကို လျှော့ချရန် သို့မဟုတ် ဖယ်ရှားရန်ဖြစ်သည်။ လွတ်လပ်သောကုန်သွယ်ရေးက ကုန်သွယ်ရေး သဘောတူညီချက် (Trade Pact) ထားရှိသည့် အဖွဲ့ဝင်နိုင်ငံများကြား ပိုမိုလွတ်လပ်သော လုပ်သားနှင့် ကုန်ပစ္စည်းများ စီးဆင်းမှု (Freer Flow of Labor and Goods) ကိုဖြစ်စေသည်။

## လွတ်လပ်သောကုန်သွယ်ရေး၏ ကောင်းကျိုးများ

ကမ္ဘာတစ်ဝန်းတွင် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များကို ပိုမို ကျင့်သုံးလာသည်နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်သည့် ကောင်းကျိုးများ (Positive Impacts) သည် ယင်းနိုင်ငံများ၏ အကြီးမားဆုံးသော အောင်မြင်မှုများတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။ ကုန်သွယ်ရေး သဘောတူညီချက်များက လွတ်လပ်သောကုန်သွယ်ရေးတွင် ပါဝင်သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်မှုပမာဏ တိုးတက်ခြင်း ( Increased Trade Volume) အပြင် ကောင်းကျိုးအမျိုးမျိုး (Various Advantages) ကို ခံစားရရှိစေသည်။ အဆိုပါကောင်းကျိုးများမှာ အလုပ်အကိုင်ရရှိမှုနှုန်း ပိုမိုမြင့်မားခြင်း (Higher Employment Rates)၊ ကလေးလုပ်သား လျှော့နည်းခြင်း (Less Child Labor)၊ ဈေးကွက်သစ်များရရှိခြင်း (Access to New Markets)၊ ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးပိုမိုရရှိခြင်း (Higher Levels of Investment Capital) နှင့် ဘဝသက်တမ်း မျှော်မှန်းချက် တိုးတက်ခြင်း (Increased Life Expectancy) စသည်တို့ ဖြစ်ကြပါသည်။

### (က) အလုပ်အကိုင်ရရှိမှုနှုန်း ပိုမိုမြင့်မားခြင်း (Higher Employment Rates)

ကုန်သွယ်ရေးကို လွတ်လပ်ခွင့်ပြုခြင်းနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးပြီးသော နိုင်ငံများ (Developed Countries) သည် ယင်းတို့၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများကို ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing Countries) တွင် ပြောင်းရွှေ့ ဆောင်ရွက်ကြသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိသော လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ (New Job Opportunities) ကိုဖြစ်ပေါ်စေသည်။ အလုပ်အကိုင်ရရှိမှု အဆင့်မြင့်မားခြင်းက လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားလာစေပြီး စားသုံးသူများ၏ ဝယ်နိုင်စွမ်းအား (Purchasing Power) ကို တိုးတက်စေနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် တိုင်းပြည်စီးပွားရေးကို တိုးတက်စေပြီး နိုင်ငံသားများအတွက် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကို ထူထောင်လုပ်ကိုင်လာစေနိုင်သည်။

### (ခ) ကလေးလုပ်သား လျှော့နည်းခြင်း (Less Child Labor)

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အကြောင်းအချက်များစွာကြောင့် အရွယ်မရောက်သေးသည့် ကလေးငယ်လုပ်သားများကို အလုပ်လုပ်ကိုင်ရာတွင် အသုံးပြုလျက်ရှိသည်။ ထိုကဲ့သို့ ကလေးလုပ်သားများကို အသုံးပြုရခြင်း၏ အဓိကအကြောင်းရင်းများအနက် အကြောင်းရင်းတစ်ရပ်မှာ နည်းပညာအားနည်းခြင်း (Lack of Technology) ဖြစ်ပါသည်။ နည်းပညာအားနည်းသည့် နိုင်ငံများတွင် စက်မှုကုန်ချောထုတ်လုပ်သည့် စက်ပစ္စည်း ကိရိယာများအတွက် ဈေးနှုန်းသက်သာသည့် အစားထိုးစရာ တစ်ခုအဖြစ် ကလေးငယ်များကို အသုံးပြုလျက်ရှိပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုကို စီးဝင်စေခြင်းအားဖြင့် လွတ်လပ်သော ကုန်သွယ်ရေးက ကုမ္ပဏီများအား စက်မှုကုန်ချော ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရင်းနှီးမြှုပ်နှံရန်နှင့် အရွယ်ရောက်သည့် လုပ်သားများကို မြင့်မားသော လုပ်ခပေးချေရန် ဖြစ်စေနိုင်ပါသည်။ ထိုအခါ မိသားစုဝင်

ငွေမြင့်မားလာပြီး ကလေးငယ်များကို အလုပ်စေခိုင်းခြင်းထက် ကျောင်းတက်၍ ပညာသင်ကြားစေနိုင်မည်ဖြစ်သည်။

## (ဂ) ဈေးကွက်သစ်များရရှိခြင်း

(Access to New Markets)

လွတ်လပ်သော ကုန်သွယ်ရေးက နိုင်ငံခြားသားများပိုင်ဆိုင်သည့် ကုမ္ပဏီများကို မိမိတို့၏ ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်းသို့ လာရောက်တည်ထောင် လုပ်ကိုင်စေရုံသာမက မိမိတို့၏ နိုင်ငံသားပိုင် ကုမ္ပဏီများကိုလည်း ပြည်ပဈေးကွက်များ (Foreign Markets) သို့ တင်ပို့ရောင်းချစေနိုင်သည်။ ဤအချက်က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖောက်သည်အခြေခံ (Customer Base) ကို ကျယ်ပြန့်စေပြီး ထုတ်ကုန်သစ်များနှင့် ဝန်ဆောင်မှုသစ်များ (New Products and Services) ကို ဖြစ်စေသည်။ ထို့အပြင် ဆန်းသစ်တီထွင်မှုပိုင်းတွင် ပိုမိုရင်းနှီးမြှုပ်နှံ လာနိုင်သည်။ အထူးသဖြင့် ဤကောင်းကျိုးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အငယ်စားစီးပွားရေးလုပ်ငန်းများ (Small Businesses) ကို သိသာစွာ အထောက်အကူပြုကြောင်း တွေ့ရှိရသည်။ အဆိုပါ ကုမ္ပဏီများ ဈေးကွက်ဝင်ရောက်ရေးအတွက် အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများကို ရေရှည်ရင်မဆိုင်ရဘဲ ၎င်းတို့၏ ထုတ်ကုန်များကို လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်သည်။

## (ဃ) ရင်းနှီးမြှုပ်နှံမှုများအတွက် အရင်းအနှီးပိုမိုရရှိခြင်း

(Higher Levels of Investment Capital)

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အများစုသည် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ (Restrictions on Foreign Investment) ကိုလည်း လျှော့ချပေးကြသည်။ ဤအချက်က ဖွံ့ဖြိုးဆဲနိုင်ငံအတွင်းသို့ အရင်းအနှီးသစ် (New Capital) စီးဝင်မှုနှင့်အတူ တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်လှုံ့ဆော်ပေးမည့် ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်တက်မှုသံသရာ (Upward Productivity Cycle) ကို စတင်လည်ပတ်စေသည်။ အရင်းအနှီးသစ် စီးဝင်မှု (Inflow of New Capital) က ဘဏ်လုပ်ငန်းစနစ်ကိုလည်း တိုးတက်ကောင်းမွန်စေနိုင်သည်။ ဘဏ်လုပ်ငန်းစနစ် တိုးတက်ခြင်းက ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးသူများအတွက် ချေးငွေထုတ်ချေးမှုကို ဆက်လက်၍ တိုးတက်မြင့်မားစေနိုင်သည်။


## (င) ဘဝသက်တမ်းမျှော်မှန်းချက် တိုးတက်ခြင်း

(Increased Life Expectancy)

အလုပ်အကိုင်ရရှိမှု အဆင့်အတန်း၊ ဝင်ငွေနှင့် အထွေထွေလူနေမှု အဆင့်အတန်းမြင့်မားခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်းနှင့် ဆာလောင်ငတ်မွတ်ခြင်းတို့ကို လျော့နည်းသက်သာစေနိုင်သည်။ ကျန်းမာရေးစစ်ဆေးခြင်း (Medical Checkups) နှင့် ကာကွယ်ဆေးထိုးခြင်းကဲ့သို့သော ကျန်းမာရေး စောင့်ရှောက်မှုကို ဖွံ့ဖြိုးဆဲနိုင်ငံရှိ ပြည်သူများ ပိုမို၍ လက်လှမ်းမီလာမည်ဖြစ်သည်။ ကျောင်းမှန်မှန် တက်ရောက်နိုင်ပြီး ပညာ ကောင်းစွာ သင်ယူနိုင်သော ကလေးငယ် အရေအတွက်လည်း တိုးပွားလာနိုင်သည်။ လွတ်လပ်သော ကုန်သွယ်ရေး၏ နောက်ဆုံးရလဒ်မှာ ပျမ်းမျှဘဝသက်တမ်း (Average Life Span) မြင့်မားပြီး ကလေးငယ်သေဆုံးမှု (Infant Deaths) လျော့ကျခြင်း ဖြစ်ပါသည်။

Source: smallnusiness.chron.com

■




ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၆ခုနှစ် မြန်မာစာရင်းအင်း စာစောင် (Myanmar Statistical Yearbook 2016) ကိုနိုင်ငံတကာ တွင် ထုတ်ပြန်လျက် ရှိသည့် စာရင်းအင်းစာစောင်များ နည်းတူ အခန်းပေါင်း ၁၇ ခန်း၊ ဇယားပေါင်း ၃၀၂ ခုဖြင့် ၂၀၁၆ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးရောင်းချမည် ဖြစ်ပါကြောင်း နှင့် စာအုပ်နှင့် CD နှစ်မျိုးတွဲလျက် ဈေးနှုန်းမှာ ကျပ် ၂၀၀၀၀၊ CD တစ်မျိုး တည်းဝယ်ယူပါက ကျပ် ၁၂၀၀၀ နှုန်းစီဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သောနေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး ဗဟိုစာရင်းအင်း အဖွဲ့၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်မြို့ (ရန်ကုန်ရုံးခွဲ) နှင့် စာပေဗိမာန် အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့) တို့တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၆၇-၄၀၆၃၂၅၊ ၀၆၇-၄၀၆၃၂၉၊**
**၀၆၇-၄၀၆၃၃၆၊ ၀၁-၆၅၇၃၀၈**




# အခွန်ဆိုသည်မှာ

စောနိုင် (အသုံးချဘောဂဗေဒ)

ယခုအချိန်တွင် အခွန်ဆိုသည့်အရာသည် လူတိုင်းနှင့် ခပ်စိမ်းစိမ်း အခြေအနေမျိုးတော့ မဟုတ်တော့။ မြန်မာ့စီးပွားရေး အဆောက်အအုံထဲ၌ အခွန်ဆိုသည်ကို ကျောင်းသားလူငယ်များပင် သိနေကြပြီ။ အထူးသဖြင့် တက္ကသိုလ်ဝင်တန်း(ဆယ်တန်း)တွင် ဘောဂဗေဒ ယူသည့် ကျောင်းသားလေးများအဖို့ ဘောဂဗေဒအောင်မှတ်ရဖို့၊ ဂုဏ်ထူးရဖို့ ကျက်ရင်းမှတ်ရင်း အခွန်နှင့်ပတ်သက်သည့် အခြေခံအကြောင်းများ အလွတ်ပင် ရနေလောက်ပြီဖြစ်သည်။ လက်တွေ့လောက၌ အခွန်သည် နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဆောက်အအုံတစ်ခုအတွက် အလွန်ပင် အရေးကြီးသောပြည်သူ့ဘဏ္ဍာရေး၏ အစိတ်အပိုင်းကြီးတစ်ရပ်ဖြစ်၏။ နိုင်ငံအတွက်လိုအပ်သော အသုံးစရိတ်များအတွက် မှီခိုနေရသောကြောင့် အခွန်ကဏ္ဍသာ အားနည်းခဲ့လျှင် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်း အဖို့ အခက်အခဲများစွာ ရင်ဆိုင်ရလိမ့်မည်မှာ မလွဲသေချာသည်။

နိုင်ငံတစ်နိုင်ငံကို တာဝန်ယူအုပ်ချုပ်သည့် အစိုးရတစ်ရပ်သည် ၎င်းတို့လုပ်ဆောင်မည့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာဖြည့်ဆည်းဆောင်ရွက်မှုများအတွက် ငွေကြေးလိုအပ်သည်။ ထိုငွေကြေးသည် အစိုးရ အသုံးစရိတ်(သို့မဟုတ်)ပြည်သူ့အသုံးစရိတ်ဖြစ်သည်။ ပြည်သူ့အသုံးစရိတ်အတွက်လိုအပ်သည့်ငွေကြေးရရှိရန်အတွက် အားထုတ်ဆောင်ရွက်ကြရသည်။ ရရှိလာသော ငွေကြေးသည် အစိုးရ၏ ရငွေ (သို့မဟုတ်) ပြည်သူ့ရငွေပင် ဖြစ်သည်။ အစိုးရတစ်ရပ်အတွက် ရငွေများရရှိနိုင်သည့် ဇာစ်မြစ်များစွာရှိသည်။ အစိုးရပိုင်ပစ္စည်းများကို ငှားရမ်းခြင်း၊ ရောင်းချခြင်းများမှ ရရှိသည့်ငွေများ၊ အစိုးရမှ အခြားအဖွဲ့အစည်းများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမှရရှိသည့်

ငွေများကဲ့သို့ အလုံးအရင်းဖြင့် ရရှိတတ်သည့် ငွေလုံးငွေရင်းများ ရှိသည်။ သာမန်ရငွေအမျိုးအစားများဖြစ်သည့် အခွန်၊ ထည့်ဝင်ကြေး၊ အခွန်တော်နှင့် အခငွေများ၊ ထောက်ပံ့ကြေးနှင့် အလှူငွေများနှင့် အခြားရငွေများလည်း ရှိသည်။ သို့သော် အားအကိုးရဆုံးနှင့် သေချာပေါက်ရမည့် ဇာစ်မြစ်မှာမူ သာမန်ရငွေအမျိုးအစားထဲရှိ အခွန်ပင်ဖြစ်သည်။ ထို့ကြောင့် အစိုးရများအနေဖြင့် အခွန်ကောက်ခံခြင်းအပေါ်တွင် လွန်စွာ အရေးထားကြခြင်းဖြစ်သည်။

ဤသို့ဆိုသောကြောင့် အစိုးရတစ်ရပ်သည် ရငွေရရှိရေးအတွက်သာ အခွန်ကောက်ခံနေခြင်းတော့ မဟုတ်ပေ။ နိုင်ငံအတွက် လိုအပ်သည့် အခြားရည်မှန်းချက်များလည်း ရှိနိုင်သည်။ ရငွေနှင့်မသက်ဆိုင်သော လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အခြားသော ရည်မှန်းချက်များလည်း ရှိနိုင်၏။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူရစေရေး၊ ကုန်ထုတ်လုပ်မှုများ ဖြစ်ထွန်း၍ အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေရေး၊ ဝင်ငွေပြန်လည်ခွဲဝေဖြန့်ဖြူးနိုင်ရေး စသည့် စီးပွားရေးရည်မှန်းချက်များရှိသကဲ့သို့၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေး အပါအဝင် ဆေးလိပ်၊ အရက် စသဖြင့် ကျန်းမာရေးထိခိုက်စေသော အရာများကို သုံးစွဲမှုလျော့စေရန်နှင့် ရှောင်ကြဉ်မှုရှိလာစေရန် ဟူသော လူမှုရေးရည်မှန်းချက်များလည်း ရှိသည်။ ထို့အပြင် ပြည်တွင်းလုပ်ငန်းများကို နိုင်ငံရပ်ခြားလုပ်ငန်းများ ပြိုင်ဆိုင်မှုမှ အကာအကွယ်ပေးရန်နှင့် တိုင်းပြည်အတွက် အကျိုးမပြုနိုင်သော လုပ်ငန်းများ လျော့နည်းသွားစေရန် ဟူသော အခြေအနေအရ လုပ်ဆောင်ရမည့် ရည်မှန်းချက်များလည်း ရှိလာနိုင်သည်။ ထို့ကြောင့် အစိုးရတစ်ရပ်သည် အခွန်ဆိုသည့် ပြည်သူ့ဘဏ္ဍာရေးကိရိယာကို အစိုးရအသုံးစရိတ် ဖြည့်ဆည်းနိုင်ရေးအတွက်သာမက နိုင်ငံနယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူများအားလုံး၏ အကျိုးစီးပွားအတွက် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် အသုံးပြုနေသည်ဟု ဆိုရမည်။ ထိုသို့ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော်လည်း အသုံးပြုနည်း မမှန်ကန်ပါက ရည်ရွယ်ချက်များ အထမမြောက်၊ မအောင်မြင်နိုင်ပေ။

အခွန်ကောက်ခံမှုတွင် နည်းမှန်လမ်းမှန် မည်သို့ လုပ်ဆောင်ကြမည်နည်း။ ကျင့်သုံးသည့် အခွန်စနစ်၊ အခွန်ဥပဒေများ၊ အခွန်အမျိုးအစားများ၊ အခွန်နှုန်းထားတွက်ချက်မှုများနှင့် ပတ်သက်၍လည်း နိုင်ငံသားများ သဘောပေါက်လွယ်ရမည်၊ နိုင်ငံသားတိုင်း လိုက်နာချင်စိတ်ဖြစ်ပေါ်လာသည့် အခြေအနေမျိုးလည်း ဖြစ်ရမည်၊ လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်စွမ်း ရှိရမည်၊ အခွန်နှင့် ပတ်သက်သမျှ ကိစ္စအဝဝ ပွင့်လင်းမြင်သာမှုရှိစေရမည် ဟူသော အခြေခံအချက်များလည်း ရှိသည်။ အခွန်ကောက်ခံမှုသည် ပေးနိုင်စွမ်းရှိမှုအပေါ် မူတည်၍ တရားမျှတစွာ ကောက်ခံရမည်၊ အခွန်သဘောထားကို တိတိကျကျ သေချာ သိရှိနေရမည်၊ အခွန်ထမ်းပြည်သူများနှင့် အခွန်ကောက်ခံသူများကြားတွင် လုပ်ငန်းလုပ်ဆောင်မှု အဆင်ပြေမှုရှိနေရမည်၊ အခွန်ကောက်ခံရာတွင် ကုန်ကျစရိတ်များပြားခြင်း မဖြစ်စေရ ဟူသော အခွန်ကောက်ခံခြင်း အခြေခံမူများလည်း ရှိသည်။ အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံများတွင် ကွဲပြားခြားနားသော အယူအဆ၊ တွေးခေါ်မှုများ ပါဝင်နေသော်လည်း အားလုံးသည် ထိရောက်သော အခွန်ကောက်ခံစနစ်ကိုသာ ဦးတည်နေကြခြင်းဖြစ်သဖြင့် လိုက်နာဆောင်ရွက်သင့်သည်ချည်းဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် ၎င်းတို့၏ စီးပွားရေးအဆောက်အအုံ အတွင်းရှိ ကုန်ထုတ်စွမ်းအားစုများ အခြေအနေ၊ ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေအဆင့်အတန်း စသည့် မေခရိုစီးပွားရေး အခြေအနေများကို ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစား၍ ချင့်ချိန်လိုက်နာဆောင်ရွက်ရန်သာ ဖြစ်သည်။

အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ ပညာရှင်များ၊ သုတေသီများ အတွေးအခေါ်၊ အယူအဆများကို လေ့လာ၍ အပြောလွယ်၊ အလုပ်ခက်သည့် အရာများအဖြစ် တွေ့ရသော်လည်း လျစ်လျူရှုထား၍မရ၊ နိုင်ငံတစ်နိုင်ငံ ရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်။ မည်သူက စတင် အကောင်အထည်ဖော် လုပ်ဆောင်ရမည်နည်း။ အစိုးရက အခွန်ကောက်ခံ

ခြင်းကိုစတင်ရမည်လော၊ နိုင်ငံသူနိုင်ငံသားပြည်သူပြည်သားများက အခွန်ထမ်းဆောင်ခြင်းကိုစတင်ရမည်လော။ နိုင်ငံကိုတာဝန်ယူစီမံအုပ်ချုပ် လုပ်ကိုင်နေသည့် အစိုးရကသာ အခွန်ကောက်ခံခြင်းကို စတင်ရမည်သာ ဖြစ်၏။ အခွန်ကောက်ခံခြင်းကိစ္စ အောင်မြင်မှု ရှိ၊ မရှိဆောင်ရွက်နိုင်ရန်အတွက် အခွန်နှင့်ပတ်သက်သမျှ အခြေအနေအားလုံးကို ပြည်သူတို့ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှုမှာ အခြေခံအကျဆုံးဖြစ်ပြီး၊ ထိုအလုပ်နှင့်ပတ်သက်၍ တာဝန်အရှိဆုံးမှာလည်း အစိုးရသာဖြစ်သည်ကို သတိပြုမိရန် ဖြစ်သည်။ ထိုအခြေအနေကို အကောင်အထည်ဖော်နိုင်စွမ်းအပေါ် မူတည်၍ ပြည်သူတို့၏ အခွန်ကိုနားလည်မှု၊ အခွန်ပေးချေလိုမှု၊ အခွန်ကောက်ခံရရှိမှု အခြေအနေ ရလဒ်အမျိုးမျိုး ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် အခွန်နှင့် သေခြင်းတရားကို မည်သူမျှ ရှောင်လွှဲနိုင်စွမ်း ရှိမည်မဟုတ်ဆိုသည်ကို ယနေ့ခေတ်ကာလ နိုင်ငံသားအားလုံးနီးပါး ကောင်းစွာ သဘောပေါက်၏။ အုပ်ချုပ်သူအစိုးရမင်းတို့က ၎င်းတို့တာဝန်ယူအုပ်ချုပ်နေသည့် နိုင်ငံ သာယာဝပြောရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ ကောင်းမွန်ရေးအတွက် အားထုတ်လုပ်ကိုင်ဆောင်ရွက်ရာ၌ လိုအပ်သော အသုံးစရိတ်များအတွက်ပြည်သူလူထုက ထည့်ဝင်ပေးရသည့်ငွေကြေးဟုလည်း နားလည်ကြ၏။ ပြည်သူက အစိုးရထံသို့ငွေကြေးထည့်ဝင်၍ အစိုးရက ပြည်သူအတွက် ဝန်ဆောင်မှု ပြန်လည်ဖြည့်ဆည်းပေးရသဖြင့် တစ်ဖက်သတ်မဟုတ်ဘဲ အပြန်အလှန်သဘောဟုလည်း သဘောပေါက်၏။ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံး လိုက်နာရမည့် စည်းကမ်းဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သော အခွန်ကို ပြည်သူများအနေဖြင့် လိုက်နာထမ်းဆောင်ရန် ‘အသင့်ရှိဟု’ သာ ဆိုရပေမည်။

သို့သော် အခွန်ကောက်ခံခြင်းကို အစိုးရကိုယ်စား တာဝန်ယူလုပ်ဆောင်ရမည့် အခွန်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် အခွန်ဆိုင်ရာ အယူအဆ သဘောတရားများ၊ စီးပွားရေး အဆောက်အအုံအတွင်း ကုန်ထုတ်လုပ်မှု၊ ကုန်ထုတ်လုပ်ငန်းများ ထွန်းကားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အခြေအနေများ အပါအဝင် မေခရိုစီးပွားရေး အခြေအနေများကို နားလည်သဘောပေါက်မှုနှင့်အတူ ပါဝင်ပတ်သက်နေရသည့် စာရင်းကိုင်များ၊ စာရင်းစစ်များ၊ အခွန်ကောက်ခံသူ ဝန်ထမ်းများနှင့် အခွန်အရာရှိများ၏ လစာဝင်ငွေ၊ လူနေမှုအဆင့်အတန်း ထည့်သွင်းစဉ်းစားပေးနိုင်မှုနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရန် ထိန်းကျောင်းပေါ်နိုင်မှုတို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားသည့် အခွန်စနစ်အောက်တွင် ပြည်သူအများလိုက်နာကျင့်သုံးနိုင်သည့်အခွန်ဥပဒေကိုပြဋ္ဌာန်း အကောင်အထည်ဖော်ရမည်။ တစ်ချိန်တည်းမှာပင် တရားစီရင်ရေးကဏ္ဍနှင့် တရားဥပဒေစိုးမိုးမှု ထိန်းကျောင်းနေသော အဖွဲ့အစည်းများ၏ ထိထိရောက်ရောက် ပံ့ပိုးပေးမှုကိုလည်း ရရှိနေရမည်ဖြစ်ပေသည်။

* ကောက်ခံနေသော အခွန်သည် တရားမျှတမှု ရှိခဲ့ပါလျှင်၊
* ကောက်ခံနေသော အခွန်နှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူနှင့် အခွန်စည်းကြပ်ကောက်ခံသူ ဝန်ထမ်းနှစ်ဦး နှစ်ဖက်စလုံး ကောင်းစွာ သဘောပေါက်ခဲ့ပါလျှင်၊
* ပြည်သူများနှင့် အခွန်အာဏာပိုင် အဖွဲ့အစည်းတို့အကြား အခွန်စည်းကြပ်ကောက်ခံခြင်း၊ အခွန်ထမ်းဆောင်ခြင်း လုပ်ငန်းစဉ်တို့ အဆင်ပြေချောမွေ့ခဲ့ပါလျှင်၊
* အခွန်ကောက်ခံရာတွင် သုံးစွဲရမည့် ကုန်ကျစရိတ်ကြီးမြင့်ခြင်းမရှိခဲ့ပါလျှင်၊

ရိုးရိုးရှင်းရှင်း နားလည်နိုင်သော အခွန်အခြေခံမူဟုခေါ်နိုင်သည့် အချက်များနှင့် ကိုက်ညီမှုရှိခဲ့လျှင်ပင် နိုင်ငံအတွက် အထောက်အကူရစေနိုင်သည့် အခွန်စနစ်ဟု ဆိုနိုင်ပေမည်။ ထိုအခြေအနေမျိုးအောက်တွင် အခွန်စနစ် အထောက်အပံ့ဖြင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေကောင်းများ ဖန်တီးနိုင်စွမ်း ရှိနေပေလိမ့်မည်။ အခွန်ထမ်းပြည်သူတို့သည်လည်း အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ စောဒကတက်ရန် စိတ်ကူးပင် ရှိကြလိမ့်မည် မဟုတ်ပေ။

■

# စားသုံးသူ
# သုံးစွဲသူ
# အခွင့်အရေး

|ဒေါက်တာခိုင်ခိုင်ဝင်း|

စားသုံးသူ/သုံးစွဲသူအခွင့်အရေး ဆိုသည်မှာ မိမိတို့ ဝယ်ယူသုံးစွဲ သည့် ကုန်ပစ္စည်းအရည်အသွေး ညံ့ဖျင်းမှုတို့အတွက် တာဝန်ခံမှု/ တာဝန် ယူမှုရှိစေရေး စီးပွားရေး လုပ်ငန်းရှင်များအပေါ် တောင်းဆိုခွင့်နှင့် ပြန်လည် ကုစားမှုရပိုင်ခွင့်၊ ဝယ်ယူစားသောက်သည့် အစားအသောက်၏ အရည်အသွေးညံ့ဖျင်းမှုကြောင့် ကျန်းမာရေးထိခိုက်လာနိုင်မှု၊ အသက်အန္တရာယ်ထိခိုက်လာနိုင်မှုတို့အတွက် ပြန်လည်ကုစားမှုရယူပိုင်ခွင့်၊ စီးပွားရေး လုပ်ငန်းရှင်များ၏ ဝန်ဆောင်မှု ညံ့ဖျင်းမှုတို့ကို ပြန်လည်စောဒကတက်ပိုင်ခွင့်၊ မိမိတို့ဝယ်ယူသုံးစွဲရမည့် ပစ္စည်း၊ အစားအသောက်၊ ဝန်ဆောင်မှုများအတွက် သတင်းအချက်အလက်များ ရပိုင်ခွင့်စသည့် အခွင့်အရေးများဖြစ်သည်ဟု အခြေခံအားဖြင့် ဆိုနိုင်ပါသည်။





စားသုံးသူ/သုံးစွဲသူအခွင့်အရေးများ ကာကွယ်ခြင်းဆိုရာတွင် စားသုံးသူများ၏အခွင့်အရေး အပြည့်အဝရစေရေးအတွက် ဥပဒေများထုတ်ပြန်၍လည်းကောင်း၊ အဖွဲ့အစည်းများဖွဲ့စည်း၍လည်းကောင်း အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေများရေးဆွဲသည့်အခါတွင်လည်း စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများဖြင့် လည်းကောင်း အကျိုးအမြတ် ရရှိနေသည့် စီးပွားရေးလုပ်ငန်းရှင်များအား ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး အဓိကရည်ရွယ်ရေးဆွဲထားကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (Consumer Protection Law) ကို ၂၀၁၄ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးစားသုံးသူအား အကာအကွယ် ပေးခြင်းနှင့် သက်ဆိုင်သည့်ဥပဒေဖြစ်သည်ဟုလေ့လာသိရှိရပါသည်။ အဆိုပါဥပဒေကို (က) စားသုံးသူတို့သည် မိမိတို့ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန် (ခ) စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန် (ဂ) စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အစီအမံပေါ်ပေါက်လာစေရန် (ဃ) စီးပွားရေး လုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်စေရန် (င) စားသုံးသူတို့၏ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှု ရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုဖော်ဆောင်ဖြည့်ဆည်းပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ မပြဋ္ဌာန်းခင် ၂၀၁၂ ခုနှစ်ကပင် စားသုံးသူ ကာကွယ်ရေးအသင်း(မြန်မာနိုင်ငံ) Consumer Protection Association သည် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခု အဖြစ် ပေါ်ပေါက်လာပြီးဖြစ်ကြောင်းနှင့် စားသုံးသူပညာပေးအစီအစဉ်များအား တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

စားသုံးသူအခွင့်အရေး လှုပ်ရှားမှုများနှင့် စပ်လျဉ်းပြီး နောက်ကြောင်းပြန်ကြည့်မည်ဆိုလျှင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ကမ္ဘာ့ခေါင်းဆောင်များထဲတွင် ပထမဆုံးစားသုံးသူ အခွင့်အရေး ဆောင်ရွက်သူဟုဆိုရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီသည် ၁၉၆၂ ခုနှစ် မတ်လ (၁၅)ရက်နေ့တွင် အမေရိကန်ကွန်ဂရက်စ်အတွင်း စားသုံးသူ အခွင့်အရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာကို တရားဝင်ပြောကြားခဲ့သူဖြစ်သည်။ သို့အတွက်ကြောင့် အဆိုပါ မတ်လ (၁၅) ရက်နေ့ကို ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့ ( World Consumer Rights Day-WCRD) အဖြစ် သတ်မှတ်ပြီး နှစ်စဉ် မတ်လ (၁၅) ရက်နေ့ရောက်တိုင်း ကမ္ဘာတစ်ဝန်းတွင် စားသုံးသူများ အခွင့်အရေးနှင့်စပ်လျဉ်းပြီး စားသုံးသူများ ကိုယ်တိုင်နှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန်ရည်ရွယ်၍ ဂုဏ်ပြုကျင်းပလျက် ရှိကြပါသည်။ ၂၀၁၇ ခုနှစ် မတ်လ(၁၅) ရက်နေ့တွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို "Building a

digital world, consumer can trust" အမည်ဖြင့် ပြုလုပ်သွားခဲ့သည်ကို လေ့လာသိရှိရပါသည်။

၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်များ (United Nations Guidelines for Consumer Protection) ကို ချမှတ်ပေးခဲ့ပါသည်။ အဆိုပါလမ်းညွှန်ချက်များအား Consumers International မှ ကိုးကားသုံးသပ်ပြီး စားသုံးသူများအတွက် အခြေခံအခွင့်အရေး (၈)ခု သတ်မှတ်ခဲ့ပါသည်။ (၁) ရွေးချယ်ခွင့်၊ စီးပွားရေးလုပ်ငန်းရှင်များ များပြားလာပြီး အပြိုင်အဆိုင် များစွာဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်လာကြရာတွင် စားသုံးသူများအနေဖြင့် မိမိတို့ပေးဝယ်ရမည့် ငွေကြေးနှင့် ထိုက်တန်သည့် ကောင်းမွန်သည့်အရည်အသွေးရှိသော ကုန်ပစ္စည်းအား ရွေးချယ်ဝယ်ယူခွင့်ရှိပါသည်။ (၂) စိတ်ချလုံခြုံခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အဆိပ်အတောက် ကင်းဝေးသည့် ထုတ်ကုန် ပစ္စည်းများဖြစ်ဖို့ရာအတွက် စားသုံးသူများအား အကာအကွယ်ပေးသည့်အနေဖြင့် လုံခြုံစိတ်ချရသည့် ကုန်ပစ္စည်းထုတ်လုပ်ပေးခြင်း၊ သုံးစွဲစေခြင်းသည်လည်း စားသုံးသူ၏ အခွင့်အရေးပင် ဖြစ်သည်။

(၃) သတင်းအချက်အလက်ရပိုင်ခွင့်၊ စားသုံးသူအနေဖြင့် မိမိတို့ဝယ်ယူသုံးစွဲရမည့် ကုန်ပစ္စည်း သို့မဟုတ် အစားအသောက် သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများအတွက် သတင်းချက်အလက်များ ကြိုတင်ရယူခွင့် ရှိရပါမည်။ ယင်းမှသာ စားသုံးသူများဘက်မှ ဝယ်ယူသုံးစွဲခွင့်မပြုမီ စဉ်းစားသုံးသပ်နိုင်မည်ဖြစ်ပါသည်။ (၄) သတင်းအချက်အလက်ပြောကြားခွင့်၊ စားသုံးသူများဘက်မှ ၎င်းတို့ တွေ့ကြုံရသည့်အခက်အခဲ၊ ပြဿနာများကို စီးပွားရေး မူဝါဒရေးဆွဲသူများသိရှိစေရန် သို့မဟုတ် စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့အစည်းများ သိရှိစေရန် သို့မဟုတ် အများပြည်သူသိရှိစေရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်များ သိရှိစေရန် ပြောကြားခွင့် ရှိရမည်ဖြစ်ပါသည်။ ပြောကြားသည်ဆိုရာတွင် ကောင်းမွန်သည့်ရလဒ် ဖြစ်ပေါ်စေရန် ရည်ရွယ်ပြောကြားခြင်းမျိုးဖြစ်သည့်အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ စားသုံးသူဘက်သို့ ကောင်းမွန်သည့်ရလဒ်ဖြစ်ပေါ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရမှာဖြစ်ပါသည်။

(၅) ကုစားပေးမှုရပိုင်ခွင့်၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများအတွက် တိုင်တန်းလာမှုများကိုလည်း သေချာစွာစိစစ်ပြီးနောက် နစ်နာသူအား ပြန်လည်ကုစားမှုပေးရမည်ဖြစ်သည်။ (၆) ကျန်းမာသော ပတ်ဝန်းကျင်ရပိုင်ခွင့်၊ ဈေးကွက်စီးပွားရေးစနစ်တွင် အပြိုင်အဆိုင်ဖြင့် ထုတ်ကုန်များ ထုတ်လုပ်လာကြရာတွင် စားသုံးသူများ၏ ကျန်းမာရေးထိခိုက်စေမည့် ထုတ်ကုန်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် ကုန်ထုတ်လုပ်မှုစနစ်များ မရှိရအောင် စီးပွားရေးလုပ်ငန်းရှင်များမှ ဂရုပြု လိုက်နာရမည်ဖြစ်သည်။ မိမိတို့ ထုတ်ကုန်ကြောင့် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် စားသုံးသူကျန်းမာရေး၊ ပတ်ဝန်းကျင် ထိခိုက်မှု မဖြစ်ပေါ်စေရေး အလေးထား

> အခွင့်အရေးနှင့် တာဝန်သည် ဒင်္ဂါးပြားတစ်ချပ်ပမာ ရှေ့နောက်တွဲလျက်ရှိသည်ဆိုသည့်အတိုင်း စားသုံးသူများတွင် အခွင့်အရေးရှိသလို တာဝန်လည်းရှိပါသည်။ ဥပမာအားဖြင့် မိမိတို့လိုအပ်သည့် ကုန်ပစ္စည်း ဝယ်ယူရာ တွင်လည်းကောင်း၊ သို့မဟုတ် ဝန်ဆောင်မှုရှာဖွေရာတွင် လည်းကောင်း ကျန်းမာရေးနှင့် ညီညွတ်သည့်၊ ကောင်းမွန် သည့် ၊ ဘေးအန္တရာယ်မဖြစ်နိုင်သည့် ထုတ်ကုန်များရရှိသုံးစွဲနိုင်ရေး၊ ဝန်ဆောင်မှုကောင်းများရရှိနိုင်မည့် သတင်းအချက်အလက်များ ရှာဖွေရမည့်၊ သုံးသပ်ရမည့်၊ ရွေးချယ်ရမည့် တာဝန်များ ရှိပါသည်။

ဂရုပြုဆောင်ရွက်ပေးခြင်းသည် စားသုံးသူ၏အခွင့်အရေးကို ကာကွယ်ပေးခြင်းလည်းဖြစ်ပါသည်။ ထိုအခွင့်အရေး ကာကွယ်ပေးမှုကို ရရှိခြင်းသည် စားသုံးသူအခွင့်အရေးဖြစ်ပါသည်။ (၇) ဝန်ဆောင်မှုများရပိုင်ခွင့်၊ စားသုံးသူအား အဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန်၊ လေးလေးစားစားဆက်ဆံရန်၊ အခက်အခဲတင်ပြသည့်အချိန်တွင်လည်း အကောင်းမွန်ဆုံး၊ အပြေလည်ဆုံး နည်းလမ်းဖြင့် ဖြေရှင်းပေးရပါမည်။ အဆိုပါ အခွင့်အရေးများသည်လည်း စားသုံးသူအခွင့်အရေးများ ဖြစ်ပါသည်။ (၈) စားသုံးသူများအား ပညာပေးမှုရပိုင်ခွင့်၊ စားသုံးသူများအား ၎င်းတို့၏ အခွင့်အရေးများသိရှိအောင် ပညာပေးခြင်းပြုလုပ်ရမည်။ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်းပြီးလည်းကောင်း၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်းပြီးလည်းကောင်း သတင်းအချက်အလက်၊ ဗဟုသုတ ရရှိအောင် ပညာပေး ဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်အမှန်များရရှိပြီး စားသုံးသူအခွင့်အရေးများကို စားသုံးသူများ ခံစားသိရှိနားလည် ပျော်ရွှင်လာမည်ဖြစ်ပါသည်။

အခွင့်အရေးနှင့် တာဝန်သည် ဒင်္ဂါးပြားတစ်ချပ်ပမာ ရှေ့နောက်တွဲလျက်ရှိသည်ဆိုသည့်အတိုင်း စားသုံးသူများတွင် အခွင့်အရေးရှိသလို တာဝန်လည်းရှိပါသည်။ ဥပမာအားဖြင့် မိမိတို့လိုအပ်သည့် ကုန်ပစ္စည်း ဝယ်ယူရာတွင်လည်းကောင်း၊ သို့မဟုတ် ဝန်ဆောင်မှုရှာဖွေရာတွင်လည်းကောင်း ကျန်းမာရေးနှင့် ညီညွတ်သည့်၊ ကောင်းမွန်သည့် ၊ ဘေးအန္တရာယ်မဖြစ်နိုင်သည့် ထုတ်ကုန်များရရှိသုံးစွဲနိုင်ရေး၊ ဝန်ဆောင်မှု ကောင်းများရရှိနိုင်မည့် သတင်းအချက်အလက်များ ရှာဖွေရမည့်၊ သုံးသပ်ရမည့်၊ ရွေးချယ်ရမည့် တာဝန်များ ရှိပါသည်။ မိမိတို့အတွက် အကောင်းဆုံးထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရှာဖွေသုံးစွဲရမည့် တာဝန် ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် အပြိုင်အဆိုင်ဖြင့် ထုတ်ကုန်များ ရောင်းချမှုများ ရှိလာနေသည့် ကာလဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့၏ ထုတ်ကုန်များရောင်းချနိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ချဉ်းကပ်ကြေညာလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် စားသုံးသူများဘက်မှ မိမိတို့ပေးဝယ်ရမည့် ငွေကြေးနှင့် ထိုက်တန်မှုရှိ/မရှိ၊ ကျန်းမာရေးနှင့်ညီ/မညီ၊ ဘေးအန္တရာယ်ဖြစ်နိုင်/မဖြစ်နိုင်ကို စိစစ်သုံးသပ်ပြီး ဝယ်ယူရပါမည်။ ဝယ်ယူရန်အတွက် ဆုံးဖြတ်ချက်ချသူသည် စားသုံးသူ မိမိ ကိုယ်တိုင်သာဖြစ်သည့်အတွက် စားသုံးသူများကိုယ်တိုင် သတိထားဆုံးဖြတ်ရမည့်တာဝန်ရှိပါသည်။

စီးပွားရေးလုပ်ငန်းရှင်များမဟုတ်သူ သာမန်အခြေခံလူတန်းစားများသည် စားသုံးသူများဖြစ်သလို စီးပွားရေး လုပ်ငန်းရှင်များသည်လည်း တစ်နည်းနည်းဖြင့် အခြား တစ်ဖက်တွင် စားသုံးသူများ ဖြစ်ကြပါသည်။ လူသားအားလုံးသည် စားသုံးသူများသာ ဖြစ်ကြပါသည်။ ထို့အတွက် ကြောင့် အချုပ်အားဖြင့်ဆိုရလျှင် စီးပွားရေးလုပ်ငန်းရှင် များဘက်မှ စီးပွားရေး တွက်ချေကိုက် အမြတ်တစ်ခုတည်း သာ မကြည့်ဘဲ အပြန်အလှန်လေးစားစိတ်၊ ကိုယ်ချင်းစာ စိတ်များထားရှိပြီး စစ်မှန်၍ တရားမျှတ ညီညွတ်သော နည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ကျန်းမာသန့်ရှင်းဘေးအန္တရာယ်ကင်းသည့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဖြင့် စားသုံးသူ/သုံးစွဲသူအခွင့်အရေးများအား အကာအကွယ်ပေးနိုင်ကြပါစေကြောင်း ဆန္ဒမွန် ဖြင့် ဆုတောင်းလိုက်ရပါသည်။

Reference: စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ

: United Nations Guidelines for Consumer Protection

:http://www.consumersinternational.org/who-we-are/un-guidelines-on-consumer-protection/

■

# မြန်မာနိုင်ငံနှင့်

## Logistics Performance Index (LPI)

(ဒေါက်တာမျိုးငြိမ်းအေး (ပို့ဆောင်ရေး))



### Logisticsဆိုသည်မှာ

Logistics ဆိုသည့် စကားရပ်အား အများအားဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်သည်ဟူ၍ အကြမ်းအားဖြင့် နားလည်သဘောပေါက်လေ့ရှိကြသည်။ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် သုံးစွဲလျက်ရှိသည့် Logistics ဆိုသည့် စကားရပ်၏ အနက်အဓိပ္ပာယ် ကျယ်ပြန့်မှုမှာ ထိုထက် ပိုမို ကျယ်ပြန့် ထိရောက်စွာ သုံးစွဲလျက် ရှိကြပါသည်။ ယေဘုယျအားဖြင့် အနက် အဓိပ္ပာယ်ဖွင့်ဆိုပါက လုပ်ကိုင် ဆောင်ရွက်နေကြသည့် လုပ်ငန်း ဆောင်တာတိုင်းအတွက် အစမှ အဆုံးတိုင် အောင်မြင်စွာ ပြီးမြောက်နိုင်ရန် အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် အဆိုပါ လုပ်ငန်းစဉ်များကို ထောက်ပံ့/ဖြည့်ဆည်းပေးရသည့် ကိစ္စရပ်များ အားလုံးကို Logistics လုပ်ငန်းများဟု ခေါ် ဆိုနိုင်မည်ဖြစ်ပါသည်။

### Logistics၏ အဓိပ္ပာယ် ဖွင့်ဆိုချက်

မြန်မာနိုင်ငံတွင် Logistics နှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုမှုကို 'ဘက်စုံပို့ဆောင်ရေး နည်းဥပဒေများ'၏ ပုဒ်မ ၂ (ဈ) တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု(Logistics) ဆိုသည်မှာ 'ကုန်ကြမ်း ရှာဖွေမှုမှသည် ကုန်ချောအဆင့်အထိ ထုတ်လုပ်ရေး၊ ထားသိုရေး၊ ဖြန့်ဖြူးရေး၊ မြန်ဆန်သွက်လက်စွာ ကုန်စည်စီးဆင်းရေး၊ ကုန်တင်သွင်းရေး၊ တင်ပို့ရေးနှင့်ပြည်တွင်းပြည်ပရှိစားသုံးသူများ၏ လိုအပ်ချက်နှင့်အညီ ၎င်းတို့ထံ အရောက်ပို့ဆောင်နိုင်ရေးတို့အတွက် သတင်းအချက်အလက်များ ရယူပြီး စရိတ်စကသက်သာစွာဖြင့် ကြိုးကြပ်၍ ထိရောက်စွာ အကောင်အထည်ဖော်ကာ စီမံချက်ချပြီး ခေတ်မီသိပ္ပံ နည်းကျ

လုပ်ကိုင်ဆောင်ရွက်ပေးသည့်နည်းလမ်း သို့မဟုတ် စနစ်ကို ဆိုသည်။'

အဆိုပါ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ Council of Logistics Management (CLM) အဖွဲ့မှ ၁၉၉၈ ခုနှစ်တွင် Logistics Management အား အဓိပ္ပာယ် ဖွင့်ဆိုထားသည့် အပေါ် အခြေခံ၍ ပြုစု ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ CLM မှ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ "Logistics management is that part of the supply chain process that plans, implements, and controls the efficient, effective flow and storage of goods, services, and related information from the point of origin to the point of consumption in order to meet customers' requirements"ဟူ၍ ဖြစ်ပါသည်။


## Logistics Performance Index (LPI) **အကြောင်း**

Logistics Performance Index (LPI) ဆိုသည်မှာ The World Bank Group မှ နိုင်ငံအလိုက် ကုန်သွယ်မှုဆိုင်ရာ Logistics လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများအပေါ် ရင်ဆိုင်ရာတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ပိုမို ကောင်းမွန်သော စွမ်းဆောင်နိုင်မှုများ ဖြစ်ပေါ် တိုးတက်လာရန် ရည်ရွယ်ပြီး ကိန်းဂဏန်း စံနှုန်း တွက်ချက်တိုင်းတာ ဖော်ပြသည့် အမှတ်ပေးစနစ်ဖြစ်ပါသည်။

ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုတွင် အကောင်းဆုံး (Logistics Friendly) စွမ်းဆောင်နိုင်သည့် အခြေအနေအား (၅) မှတ်ပေးပြီး၊ စွမ်းဆောင်နိုင်မှုအညံ့ဆုံး (Logistics Unfriendly) အခြေအနေအား (၁) မှတ် အဖြစ် သတ်မှတ်ပါသည်။

Logistics ကဏ္ဍ၏ ပါဝင်ပတ်သက်မှုမှာ နယ်ပယ်ကျယ်ဝန်းလှသည့်အပြင် နိုင်ငံအလိုက် ဆက်စပ် ကဏ္ဍအားလုံးကို အကဲဖြတ်ရန်ကိစ္စမှာ ကြီးစွာသော စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် LPI တိုင်းတာရန်အတွက် နိုင်ငံအလိုက် ထောက်ပံ့ဖြည့်ဆည်း စီမံ ဆောင်ရွက်မှုနှင့် ဆက်စပ် သက်ဆိုင်သည့် ကဏ္ဍခွဲ (၆) ခုတွင် စွမ်းဆောင်နိုင်မှု အတိုင်းအတာမည်မျှ ရှိသည်ကို အခြေခံ၍ နှိုင်းယှဉ် တိုင်းတာ တွက်ချက်ခြင်း ဖြစ်ပြီး၊ အဆိုပါ ကဏ္ဍခွဲ (၆) ခုမှရရှိသည့် အမှတ်များကို ပေါင်းစည်းပြီး သက်ဆိုင်ရာ နိုင်ငံ၏ LPI အမှတ်ကို တွက်ချက်ခြင်းဖြစ်ပါသည်။

စစ်တမ်းကောက်ယူပြီး တိုင်းတာ တွက်ချက်ရာတွင် ပါဝင်သည့် ကဏ္ဍ (၆) ခုနှင့် ၎င်းတို့၏ အတိုချုပ် ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -




(က) Custom (အကောက်ခွန် ရှင်းလင်းခြင်း ကဏ္ဍ)- နိုင်ငံတကာ ကုန်သွယ်မှု၏ ဝင်ပေါက်/ ထွက်ပေါက်များဖြစ်သည့် နယ်စပ်ဂိတ်၊ ဆိပ်ကမ်း၊ လေဆိပ် စသည်တို့တွင် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာ၌ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှု ရှိခြင်း၊ လွယ်ကူခြင်း၊ အကောက်ခွန် လုပ်ထုံး/ လုပ်နည်းများသည် ရှင်းလင်း၍ နားလည် လွယ်ခြင်းစသည့် အချက်တို့အပေါ် တွင် တိုင်းတာ သတ်မှတ်ခြင်း ဖြစ်ပါသည်။

(ခ) Infrastructure (အခြေခံ အဆောက်အဦ ကဏ္ဍ) - ကုန်သွယ်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦတို့၏ အရည်အသွေး ကောင်းမွန်မှု၊ ပြည့်စုံမှု အပေါ် တွင် တိုင်းတာခြင်း ဖြစ်ပါသည်။ (ဥပမာ။ ဆိပ်ကမ်းများ၊ မီးရထားလမ်းများ၊ ကားလမ်းများ၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အဆောက်အဦများ စသည်)

(ဂ) International Shipments (နိုင်ငံတကာသို့ ကုန်ပစ္စည်း ပို့ဆောင်မှုကဏ္ဍ)-နိုင်ငံတကာနှင့် ဆက်စပ်ပြီး ပို့ကုန်/ သွင်းကုန် လုပ်ငန်း စီမံဆောင်ရွက်

ရာတွင် ဈေးနှုန်း ချိုသာ အဆင်ပြေ လွယ်ကူချောမွေ့မှု အပေါ်တွင် တိုင်း တာခြင်း ဖြစ်ပါသည်။

(ဃ) Logistics Competence (ထောက်ပံ့ဖြည့်ဆည်း စီမံ ဆောင်ရွက်သူများ၏ ဝန်ဆောင်မှု အရည်အသွေးကဏ္ဍ)-ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်မှုအတွက် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး ကောင်းမွန်မှုနှင့် နိုင်ငံတကာ ထောက်ပံ့ ဖြည့်ဆည်းမှု လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေ ရှိမှုအပေါ်တွင် တိုင်းတာခြင်း ဖြစ်ပါသည်။ (ဥပမာ။ ကုန်စည် ပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူများ၊ အကောက်ခွန် ရှင်းလင်းရေး ကိစ္စ ဆောင်ရွက်သူများ စသည်တို့၏ အရည်အသွေး ကောင်းမွန်မှု)

(င) Tracking and Tracing (ပို့ဆောင်သည့် ကုန်စည်၏ အခြေအနေကို သိရှိနိုင်မှု ကဏ္ဍ)- ကုန်စည် ပို့ ဆောင်ရာတွင် အဆိုပါ ကုန်စည် မည်သည့် နေရာသို့ ရောက်နေသည်၊ မည်သည့် အဆင့်သို့ ရောက်နေသည်ကို သိရှိနိုင်ခြင်းအပေါ် တွက်ချက်ခြင်း ဖြစ်ပါသည်။

(စ) Timeliness (အချိန် မှန်ကန်စွာ ဆက်စပ်ဆောင်ရွက်နိုင်မှု ကဏ္ဍ)-ကုန်စည်ပို့ဆောင်ရာတွင် သတ်မှတ်တွက်ချက်ထားသည့် (သို့မဟုတ်) မျှော်မှန်းထားသည့် အချိန်အတိုင်း ရောက်ရှိခြင်း ရှိ/ မရှိ အပေါ်တွင် မူတည်ပြီး တွက်ချက်ခြင်း ဖြစ်ပါသည်။

The World Bank အနေဖြင့် International Federation of Freight Forwarders Associations (FIATA)၊ the Global Express Association၊ the Global Facilitation Partnership for Transportation and Trade (GFPTT) နှင့် International Logistics လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီး (၁၀) ခု၏ အကူအညီဖြင့် the Logistics Performance Index (LPI) and Indicators အစီအရင်ခံစာကို ပထမဆုံးအကြိမ်အဖြစ် ၂၀၀၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ လက်ရှိတွင် ၂၀၀၇ ခုနှစ် အပါအဝင်၊ ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၄ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တို့တွင် LPI တွက်ချက်မှု အစီအရင်ခံစာများကို ထုတ်ဝေဆောင်ရွက်ခဲ့ပါသည်။


## မြန်မာနိုင်ငံ၏ LPI

The World Bank ၏ ၂၀၀၇ ခုနှစ်တွင် နိုင်ငံပေါင်း (၁၅၀) နိုင်ငံအား LPI တွက်ချက် ဆန်းစစ် ဖော်ပြခဲ့ရာ မြန်မာနိုင်ငံ၏ အဆင့်မှာ (၁၄၇) တွင် ရပ်တည်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် စစ်တမ်းအရ နိုင်ငံပေါင်း (၁၅၅) နိုင်ငံတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့် (၁၃၃) အထိ တိုးတက်ရရှိခဲ့ပြီး ၂၀၁၂ ခုနှစ် စစ်တမ်းတွင် အဆင့် (၁၂၉) ဖြင့် ဆက်လက် တိုးတက်မှု အဖြေ ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စစ်တမ်း ဆောင်ရွက်ခဲ့ခြင်းတွင်မူ နိုင်ငံပေါင်း (၁၆၀) နိုင်ငံအထိ ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အဆင့်မှာ (၁၄၅) သို့ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ နောက်ဆုံး စစ်တမ်းဖြစ်သည့် ၂၀၁၆ ခုနှစ် Survey ကောက်ယူမှုအရ နိုင်ငံပေါင်း (၁၆၀) နိုင်ငံတွင် မြန်မာနိုင်ငံ၏အဆင့်မှာ (၁၁၃) သို့ ပြန်လည် တိုးတက် ရရှိခဲ့ပါသည်။ နှစ်အလိုက် ရရှိခဲ့သော မြန်မာနိုင်ငံ၏ LPI အဆင့်၊ LPI ရမှတ်နှင့် ကဏ္ဍခွဲ တစ်ခုခြင်းစီအလိုက် ရရှိသည့် အမှတ်များကို ဇယား (၁) ဖြင့် ဖော်ပြထားပါသည်။

ဇယား (၁) မြန်မာနိုင်ငံ၏ နှစ်အလိုက်ရရှိသည့် LPI အဆင့် နှင့် ကဏ္ဍအလိုက် အမှတ်ရရှိမှု

| Year | LPI Rank | LPI Score | Customs | Infrastructure | International shipments | Logistics competence | Tracking & tracing | Timeliness |
|---|---|---|---|---|---|---|---|---|
| 2016 | 113 | 2.46 | 2.43 | 2.33 | 2.23 | 2.36 | 2.57 | 2.85 |
| 2014 | 145 | 2.25 | 1.97 | 2.14 | 2.14 | 2.07 | 2.36 | 2.83 |
| 2012 | 129 | 2.37 | 2.24 | 2.10 | 2.47 | 2.42 | 2.34 | 2.59 |
| 2010 | 133 | 2.33 | 1.94 | 1.92 | 2.37 | 2.01 | 2.36 | 3.29 |
| 2007 | 147 | 1.86 | 2.07 | 1.69 | 1.73 | 2.00 | 1.57 | 2.08 |

ပုံ(၁)မြန်မာနိုင်ငံ၏ နှစ်အလိုက်ရရှိသည့် LPI အဆင့်ပြပုံ




မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် စစ်တမ်းများအရ LPI rank နှင့် LPI score တို့မှာ သိသာ ထင်ရှားစွာ တိုးတက် ကောင်းမွန်လာသည်ကို တွေ့ရပြီး အဆိုပါ အဆင့်ထက် ပိုမိုကောင်းမွန်ရန်အတွက် Logistics ဝန်ဆောင်မှု လုပ်ငန်းများ အနေဖြင့် တစ်နှစ်ထက် တစ်နှစ် အရည်အသွေး ပိုမို တိုးတက် မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

## LPI တွက်ချက်မှုတွင်ပါဝင်သော ကဏ္ဍအလိုက် သုံးသပ်ချက်


LPI ရမှတ် တွက်ချက်နိုင်ရန် အတွက် စစ်တမ်းကောက်ယူဆောင်ရွက်လျက်ရှိသည့် ထောက်ပံ့ဖြည့်ဆည်း စီမံ ဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍခွဲ(၆)ခုအား မြန်မာနိုင်ငံ၏ အမှတ်ပေး အစီအစဉ် ရပ်တည်မှု အခြေအနေကို လေ့လာကြည့်ရှုပါက ၂၀၀၇ ခုနှစ်မှ စပြီး ၂၀၁၆ ခုနှစ်အထိ LPI score (ရမှတ်) နှင့် ကဏ္ဍအလိုက် အမှတ်ရရှိမှုအား ပုံ(၂) တွင် တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

LPI Score တွက်ချက်ရာတွင် အခြေခံသည့် ကဏ္ဍ (၆) ရပ် တိုးတက်ဖွံ့ဖြိုး ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း သုံးသပ်ရရှိပါသည် -

(က) Custom-အဆိုပါကဏ္ဍတွင် ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် နယ်စပ် ဖြတ်ကျော်သည့် ဂိတ်များတွင် အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိခြင်း၊ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အချက်များဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။ နှစ်အလိုက် ရရှိသည့် အမှတ်များကို လေ့လာပါက လုပ်ငန်းလိုအပ်ချက်အရ ချမှတ်သည့် လုပ်ငန်းစဉ် မူဝါဒနှင့် မြေပြင်အခြေအနေတို့အရ တက်လိုက်၊ ကျလိုက် ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါသည်။

လက်ရှိအကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း၊ ပြင်ဆင်ခဲ့ပြီးသည့် အကောက်ခွန်ဥပဒေများနှင့် သက်ဆိုင်သည့် နည်းဥပဒေများအား ပြုစုရေးဆွဲလျက်ရှိခြင်း၊ နိုင်ငံတကာအဆင့်မီ အကောက်ခွန်ရှင်းလင်းရေး စနစ်ဖြစ်စေရန်အတွက်

ပုံ (၂) မြန်မာနိုင်ငံ၏ LPI Score နှင့် ကဏ္ဍအလိုက် အမှတ်ရရှိမှု ဂရပ်



MACCS (Myanmar Automated Cargo Clearance System) အားရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် လူမှုအဖွဲ့အစည်းကို အကာအကွယ်ပေးရေးအတွက် ကုန်သွယ်မှုအသိုင်းအဝိုင်းတွင် ပါဝင်သူများနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ပုံဖော်ဆောင်ရွက်လျက်ရှိသဖြင့် တစ်နှစ်ထက် တစ်နှစ် အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ လုပ်ငန်းများ တိုးတက် လာမည်ဖြစ်ပြီး စစ်တမ်းရမှတ်အနေဖြင့်လည်း ကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

(ခ) Infrastructure- ကုန်သွယ်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦကဏ္ဍကို လေ့လာပါက နှစ်စဉ် တိုးတက်လျက်ရှိသည့် သဘာဝကို တွေ့ရှိရပါသည်။ အခြေခံ အဆောက်အဦကဏ္ဍတွင် Hard Infrastructure ဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများ၊ လေဆိပ် အဆောက်အဦများ စသဖြင့် မြင်သာသည့် အပိုင်းအပြင်၊ Soft Infrastructure ဖြစ်သည့်ပို့ဆောင်ရေး/ ကုန်သွယ်ရေးတို့နှင့် သက်ဆိုင်သည့် အကာအကွယ် ပေးနိုင်သည့် ဥပဒေများ/ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ စသည့် အပိုင်းများပါဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဂ) International Shipments - နိုင်ငံတကာ ပို့ကုန်/ သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများ နည်းတူ ဈေးနှုန်းချိုသာ အဆင်ပြေ လွယ်ကူ ချောမွေ့စေရန်အတွက် နိုင်ငံတကာ ကုန်စည်ပို့ဆောင်မှု လုပ်ငန်းကြီးများနှင့် ချိတ်ဆက်နိုင်ခြင်း၊ ကုန်စည် ပို့ဆောင်သူများ စီးပွားရေးတွက်ချေကိုက်သည့် အနေအထား ဖန်တီးပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ (ဥပမာ။ ကုန်သေတ္တာ ၅၀၀ လုံး တင်ဆောင်နိုင်သည့် သင်္ဘောနှင့် ကုန်သေတ္တာ ၂၀၀၀ လုံး တင်ဆောင်နိုင်သည့် သင်္ဘော ၂စင်း တူညီသော ခရီးစဉ်တစ်ခုအတွက် ကုန်တင်ဆောင်ခတွက်ချက်ရာတွင် သင်္ဘောအကြီး၏ ကုန်သေတ္တာ တင်ဆောင်ခသည် လျော့နည်းမည် ဖြစ်ပါသည်။)

(ဃ) Logistics Competence - Logistics ဝန်ဆောင်မှု ဆောင်ရွက်လျက် ရှိကြသည့် ကုမ္ပဏီများ/ လုပ်ငန်းများအနေဖြင့် အရည်အသွေး ကောင်းမွန်ရန် အတွက် နိုင်ငံတော်မှ ပံ့ပိုး ကူညီရမည့် ကိစ္စရပ်များ ရှိသကဲ့သို့ အဆိုပါ လုပ်ငန်းစဉ်များအတွက် ထိန်းကျောင်း ညှိနှိုင်း ကွပ်ကဲဦးဆောင်နိုင်မည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ စုစည်း ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် Logistics ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းအမျိုးအစား အလိုက် အသင်း/ အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းများ အသင်း၊ မြန်မာ ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည် ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း စသဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအသင်းများအနေဖြင့် အသင်းဝင်လုပ်ငန်းရှင်များအား ပိုမိုတိုးတက် ဆောင်ရွက်နိုင်ရန် သင်တန်းများ ဆောင်ရွက်ခြင်း၊ ဆက်စပ် လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပိုမို အားဖြည့် ဆောင်ရွက်ခြင်း၊ မှန်ကန်မှုနှင့် အရည်အသွေးအတွက် ကြီးကြပ် စီမံခြင်းတို့ကို အဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

(င) Tracking and Tracing- ကုန်စည်ပို့ဆောင်ရာတွင် အဆိုပါ ကုန်စည် မည်သည့် နေရာ/ မည်သည့် အခြေအနေသို့ ရောက်နေသည်ကို အချိန်နှင့် တပြေးညီ သိရှိနိုင်ခြင်းဖြင့် ကုန်စည်များ ပျောက်ဆုံးမှုနှင့် ပျက်စီးမှုတို့ကို ကာကွယ်တားဆီး ပေးနိုင်သည့်အပြင် လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်ပါသည်။ ထိုသို့သိရှိနိုင်ရန်အတွက် ခေတ်မီ နည်းပညာ အကူအညီကို ရယူကာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ နည်းပညာနှင့် ပတ်သက်ပြီး နိုင်ငံတော်ဘက်မှလည်း အခြေခံလိုအပ်ချက်/ စံချိန်၊ စံညွှန်း သတ်မှတ်ခြင်း လုပ်ငန်းသုံး နည်းပညာ ပစ္စည်း တင်သွင်းခြင်း/ စနစ်များ အကောင်အထည်ဖော်ခြင်းတို့တွင် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

(စ) Timeliness- ကုန်စည် ပို့ဆောင်ရာတွင်

သတ်မှတ် တွက်ချက်ထားသည့် (သို့မဟုတ်) မျှော်မှန်းထားသည့် အချိန်အတိုင်း ရောက်ရှိနိုင်ရန် ကိစ္စမှာလည်း အခြား ကဏ္ဍများဖြစ်သည့် အခြေခံ အဆောက်အအုံ ကောင်းမွန်ခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးရှိခြင်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ ထို့အပြင် ပို့ဆောင်ရေး ဝန်ဆောင်မှုတွင် အသုံးပြု ဆောင်ရွက်လျက်ရှိသော စက်ပစ္စည်းများ ကြံ့ခိုင် ကောင်းမွန်ရေးနှင့် ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးတို့သည်လည်း အရေးပါသည့် စဉ်းစားရန် အချက်များ ဖြစ်ပါသည်။

## မူဝါဒချမှတ်အကောင်အထည်ဖော်မှုနှင့် Logistics

ပို့ဆောင်ရေး စနစ်များကို အကျိုးရှိရှိ ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ပါက နိုင်ငံ၏ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အဦများသည် နိုင်ငံ၏ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ပို့ဆောင်ရေး ကုန်ကျစရိတ် လျော့ချရာတွင် လည်းကောင်း သိသာထင်ရှားစွာ အထောက်အပံ့ ပြုလျက်ရှိပါသည်။ ဥပမာအားဖြင့် ဆိပ်ကမ်းများ ခေတ်မီ တိုးတက်လာခြင်း၊ ကားလမ်း/ရထားလမ်းများ ကောင်းမွန်လာသဖြင့် နောက်ခံ ဈေးကွက်နှင့် ဆိပ်ကမ်းတို့အကြား သယ်ယူပို့ဆောင်မှု လွယ်ကူခြင်းကြောင့် ကုန်ကြမ်း သယ်ယူပို့ဆောင်ခနှင့် ဖြန့်ဖြူးစရိတ်များ လျှော့ချနိုင်လာမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် သက်သာ လွယ်ကူ ကောင်းမွန်သော ပို့ဆောင်ရေး စနစ်သည် Logistics ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပြီး၊ ကုန်ထုတ်လုပ်မှုစရိတ်စက သက်သာလာသည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်း ကဏ္ဍတွင် တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) များလည်း ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။

World Bank မှ Trade Practice Manager ဖြစ်သူ Mr. Jose ၏ အဆိုအရ နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒရေးဆွဲသူများအနေဖြင့် ကမ္ဘာတစ်ဝန်း ထောက်ပံ့ ဖြည့်ဆည်းမှု ကွန်ရက် (Global Supply Chain) နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် LPI တွက်ချက် ဖော်ပြမှု အခြေအနေများကို နှိုင်းယှဉ်အသုံးပြုပြီး ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့ရပါသည်။

## Logistics ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာစေရေး

မြန်မာနိုင်ငံအနေဖြင့် အဖက်ဖက်မှ ပြုပြင်ပြောင်းလဲ တည်ဆောက်နေသည့် အခြေအနေတွင် Logistics ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရ၊ အတတ်ပညာရှင်များ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ ထောက်ပံ့ ဖြည့်ဆည်း စီမံ ဆောင်ရွက်မှု ကဏ္ဍတွင် နည်းစနစ်ကျနပြီး မှန်ကန် ကောင်းမွန်သော စိတ်နှလုံးဖြင့် အစိုးရနှင့် ပြည်သူ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပို့ဆောင်ရေး လုပ်ငန်းစဉ်များ၊ ထောက်ပံ့ ဖြည့်ဆည်းမှု လုပ်ငန်းစဉ်များ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်ပေါ် တိုးတက်လာပြီး၊ နောင်လာမည့်နှစ်များတွင် Logistics Performance Index (LPI) အဆင့်များလည်း ဆက်လက်မြင့်မားလာနိုင်မည် ဖြစ်ပါသည်။

---

(Council of Logistics Management (CLM) အဖွဲ့အစည်းမှာ ၁၉၆၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ The National Council of Physical Distribution Management (NCPDM) အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး၊ ကုန်ပစ္စည်း ပို့ဆောင်ဖြန့်ဖြူးခြင်းနှင့်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းမန်နေဂျာများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်တွင် The Council of Logistics Management (CLM) အမည်သို့ ပြောင်းလဲပြီး Logistics ဆိုင်ရာ ကိစ္စရပ်များကို အမေရိကန်နိုင်ငံအတွက်သာမက နိုင်ငံတကာ အတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ စတင်ပြီး the Council of Supply Chain Management Professionals (CSCMP) အမည်ဖြင့် ပြောင်းလဲ အသုံးပြုပြီး ထောက်ပံ့ ဖြည့်ဆည်း စီမံဆောင်ရွက်မှု ကွင်းဆက်လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်သော အထောက်အပံ့ပေးလျှက် ရှိပါသည်။)

မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်

# ပထဝီအနေအထားနှင့်ဒေသတွင်းစီးပွားရေး

## ပူးပေါင်းဆောင်ရွက်မှုများ

|ဒေါက်တာပင်လုံအေး|




မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်တည် ရှိပြီး မြောက်မှ တောင်သို့ မိုင် ၁၃၀၀ ခန့်၊ အရှေ့မှအနောက်သို့မိုင် ၆၀၀ ခန့်ကျယ်ဝန်းပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁, ၂၂၈ မိုင် ကျယ်ဝန်းသောကြောင့် နိုင်ငံကြီး

အမျိုးအစားတွင် ပါဝင်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နှင့် ၁၆၉ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၉၀၃ မိုင်၊ တရုတ်နှင့် ၁၃၈၄ မိုင်။ လာအိုနိုင်ငံနှင့် ၁၄၆ မိုင်နှင့် ထိုင်းနိုင်ငံနှင့် ၁၃၀၄ မိုင် ထိစပ်လျက်ရှိကာ အိမ်နီးချင်းနိုင်ငံများနှင့် စုစုပေါင်း ၃၉၀၆ မိုင်ခန့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ရေပြင်အနေအထားတွင် ၁၃၈၅ မိုင်ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်သည်။ ရာသီဥတုအနေဖြင့် ပင်လယ်နှင့်နီးစပ်သောကြောင့် သမမျှတသော ရာသီဥတုကိုလည်း ပိုင်ဆိုင်ထားပါသည်။

## အရှေ့တောင်အာရှတွင် မဟာဗျူဟာမြောက် အချက်အချာကျမှု

ပထဝီတည်နေရာအနေအထားအရမြန်မာနိုင်ငံသည် အာရှတိုက်တွင်သာမက အိန္ဒိယနှင့် ကုန်းတွင်းပိတ် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်သွယ်နိုင်သော ပင်လယ်ထွက်ပေါက်၊ ကုန်းတွင်းတံတားထိုးပေးနိုင်သော ပထဝီအနေအထားကိုပိုင်ဆိုင်ထားသည်။ အာရှတိုက်၏ အဓိကအင်အားကြီး (၃) ခုဆုံရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံစု၏ အလယ်ဗဟိုတွင် ရောက်ရှိနေသည်။ အာရှတိုက်၏ မဟာဗျူဟာဟန်ချက် Strategic Centre of Gravity အဖြစ်တည်ရှိနေသည်။ ထိုအနေအထားသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား လွှမ်းမိုးနိုင်ပြီး ကမ္ဘာ့ အရှေ့နှင့် အနောက်ဘက်ခြမ်းသို့ ဆက်သွယ်သော ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်ပြီး စီးပွားရေးအရ ရေနက်ဆိပ်ကမ်းများ တည်ဆောက်နိုင်ကာ လုံခြုံရေး အရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ကျသော အနေအထားအား ပိုင်ဆိုင်ထားပါသည်။

ရေတပ်ဗိုလ်ချုပ်ကြီး မဟန်းက 'အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ပထဝီနိုင်ငံရေး ကံကြမ္မာ၏ ပတ္တာများ the Hinges of Geopolitical Destiny အမြင်ဖြင့် သုံးသပ်ထားသည်။ ထို့ကြောင့် သမုဒ္ဒရာနှစ်စင်း၏ အနားသတ်နယ်မြေများသည် ၂၁ ရာစုတွင် ပထဝီနိုင်ငံရေးနှင့် မဟာဗျူဟာအရ အရေးပါဆုံးသော အနေအထားဖြစ်သည်။ ပရီပဲရစ် ရေလမ်းကြောင်း၊ ကိုကိုးရေလမ်းကြောင်းသည် အိန္ဒိယနိုင်ငံ အရှေ့ဘက် ဆိပ်ကမ်းများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိပ်ကမ်းများ မှ မလက္ကာရေလက်ကြားသို့ဝင်ရောက်နိုင်သည်။ ထို့အတူ ၁၀ ဒီဂရီရေလမ်းကြောင်း၊ နီကိုဘာရေလမ်းကြောင်းများသည် အိန္ဒိယသမုဒ္ဒရာမှ မလက္ကာရေလက်ကြားအတွင်း ဝင်ရောက်လိုသည့် ရေယာဉ်များ အသုံးပြုနိုင်ပြီး မြန်မာနိုင်ငံ၏ အနေအထားသည် အိန္ဒိယသမုဒရာ အနားသတ်နယ်မြေ Rimland တွင်ရှိကာ အမေရိကန်၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြီးများ၏ နိုင်ငံရေး၊ စီးပွားရေး ဩဇာအာဏာချဲ့ထွင်လိုမှုများနှင့် သံတမန်ရေးရာ စစ်ခင်းမှုများ၏ နယ်မြေလည်းဖြစ်လာနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်ခြင်းထက် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိစေပြီး အကျိုးစီးပွားများစွာကို မြှုပ်နှံခြင်းဖြင့် မဟာဗျူဟာဆက်ဆံရေးစနစ်တစ်ရပ်ကို ထူထောင်ရန်လိုအပ်သည်။

## သယံဇာတပိုင်ဆိုင်မှု

မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် တစ်ဦးချင်း သယံဇာတ ပိုင်ဆိုင်မှုရာခိုင်နှုန်းများပြားသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်မှ ပိုင်ဆိုင်မှုများအနေဖြင့် ၂၀၁၄ ခုနှစ် မတ်လတွင် ဘူမိဗေဒတိုင်းတာခန့်မှန်းချက်အရသံ ၂၉၇ တန် (သန်းပေါင်း)၊ ဂေါတန် ၃၃. ၄၁ တန် (သန်းပေါင်း)၊ ကျောက်မီးသွေး ၁၄၇. ၄၀၆ တန် (သန်းပေါင်း)၊ ခဲ ၁၂. ၈၇ တန် (သန်းပေါင်း)၊ ခရိုမိုက် ၁. ၀၂၀ တန် (သန်းပေါင်း)၊ နီကယ် ၃၀. ၅၉ တန် (သန်းပေါင်း)၊ ထုံးကျောက် ၁၄၅၃. ၇၆ တန် (သန်းပေါင်း)၊ ခနောက်စိမ်း ၂. ၂၅၈၅ တန် (သန်းပေါင်း)၊ ရွှေ ၁၂. ၈၆ တန် (သန်းပေါင်း)၊ ကြေးနီ ၁၀၃၄ တန် (သန်းပေါင်း)၊ ပလက်တီနမ် ၂၁. ၄၇ တန် (သန်းပေါင်း)နှင့် ရေနံ / သဘာဝဓာတ်ငွေ့ ၅၅. ၄၆ (ထရီလီယံကုဗမီတာ)တို့အား ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ သယံဇာတများအား ထုတ်နုတ်သုံးစွဲမှု နည်းပါးသဖြင့် များစွာကျန်ရှိလျက်ရှိသည်။

## အိမ်နီးချင်းနိုင်ငံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သော စီမံကိန်းများ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိသည့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပြည်နယ် (၇) ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကုလားတန်မြစ် စီမံကိန်းရှိသည်။ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံကို ဖြတ်ကျော်၍ အရှေ့တောင် အာရှနိုင်ငံများသို့ ကုန်သွယ်မှုတိုးချဲ့ရေး ဆောင်ရွက်လျက်ရှိသည်။ အရှေ့ဘက်ရှိ တရုတ်နိုင်ငံသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ကျောက်ဖြူမှ ယူနန်ပြည်နယ်သို့ ဆက်သွယ်ထားသည်။ တောင်ဘက်တွင်ရှိသော ထိုင်းနိုင်ငံနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းသည် ထားဝယ်မှ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်သို့ ကုန်သွယ်မှုဆောင်ရွက်နိုင်မည်။ ထို့အပြင် ကမ္ဘာ့ပင်လယ်ရေကြောင်းကို ခြိမ်းခြောက်လျက်ရှိသည့် မလက္ကာရေလက်ကြားကို ကွေ့ပိုက်၍ သွားရမည့် ခရီးစဉ်များအား လျှော့ချနိုင်မည်။

## မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများ

မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထား၊ အလုပ်လုပ်နိုင်သော လုပ်သားအင်အား၊ သဘာဝသယံဇာတများ စသော အလားအလာကောင်းများ ရရှိထားသော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ LDCs နိုင်ငံများတွင် ပါဝင်သည့်အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက် ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကောင်းခိုင်မာသည့် မူဝါဒများအား ရေးဆွဲချမှတ်ရမည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ မူဝါဒများအား ရေးဆွဲချမှတ်ရာတွင် ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးနိုင်ရေး၊ လူတိုင်းပါဝင်ဆောင်ရွက်နိုင်သည့် စီးပွားရေး ဝန်းကျင်ဖြစ်စေရေး၊ သာတူညီမျှရှိရေး၊ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ထိရောက်မှုရှိရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုကို ဆွဲဆောင်နိုင်မည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစသော အခြေခံအချက်တို့ အား ထည့်သွင်းရေးဆွဲရမည် ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စီးပွားရေး မူဝါဒ (၁၂) ရပ် ကို ချမှတ် ထုတ်ပြန် ခဲ့သည်။

အဆိုပါ(၁၂)ချက်တွင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက် ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကိုဖော်ထုတ်၍ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်ပါရှိသည့် အားလျော်စွာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက်ရည်မှန်းချက်ထား ဆောင်ရွက်ရမည်ဆိုသော အချက်သည် အပါအဝင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသတွင် စွမ်းဆောင် ယှဉ်ပြိုင်နိုင်မှုမြင့်တင်ရန် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရေးနှင့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် Global Supply Network ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမို လွယ်ကူချောမွေ့စေရေးအား အကောင်အထည်ဖော်ရမည်။

## ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားပင်လယ်အော် နည်းပညာနှင့် စီးပွားရေးကဏ္ဍစုံ ကနဦး ပူးပေါင်း ဆောင်ရွက်ရေး the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC၊ အရှေ့တောင်အာရှနိုင်ငံများအသင်း ASEAN၊ မဲခေါင်- ဂင်္ဂါ Mekong- Ganga စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ နှင့် မြန်မာစီးပွားရေးဇုံရပ် BCIM၊ ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာ ဗျူဟာ ACMECS၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ် Greater Mekong Subregion-GMS၊ တောင်အာရှ ဒေသတွင်း စီးပွားရေး ပူးပေါင်း

ဆောင်ရွက်မှု South Asia Subregion Economic Cooperation- SASEC နှင့် တရုတ်နိုင်ငံမှ စတင်အကောင်အထည်ဖော်လျက်ရှိသော ပိုးလမ်းမကြီး One Belt, One Road- OBOR စသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအား အိမ်နီးချင်းနိုင်ငံများနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

## BIMSTEC

၁၉၉၇ ခုနှစ် ဇွန်လတွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုကို စတင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်၊ နီပေါနှင့် ဘူတန်နိုင်ငံ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီတို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ထိပ်သီး အစည်းအဝေးတွင် BIMSTEC ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ BIMSTEC ၏ ရည်ရွယ်ချက်မှာ တောင်အာရှနှင့် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းဒေသနှင့် ထိစပ်လျက်ရှိသော အရှေ့တောင်အာရှမှ နိုင်ငံတို့နှင့် ပူးပေါင်း၍ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည်။

## ASEAN

၁၉၆၁ ခုနှစ်တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ Association of Southeast Asia ASA အားစတင် ဖွဲ့စည်းခဲ့သည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဘန်ကောက်ကြေငြာစာတမ်းအား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ASEAN အသင်းအဖွဲ့ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ဘရူနိုင်းနိုင်ငံသည် ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၇ ရက်၊ ဗီယက်နမ်နိုင်ငံ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ရက်၊ ကမ္ဘောဒီယားနိုင်ငံ ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်တို့သည် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်(၁၀)နိုင်ငံ၏ အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် စီးပွားရေး အဆင့်မြှင့်တင်ရန် ရည်ရွယ်သည်။ ASEAN သည် ကုလသမဂ္ဂ၏ တရားဝင် စောင့်ကြည့်လေ့လာသူဖြစ်သည်။

## Mekong- Ganga MGC

မဲခေါင်- ဂင်္ဂါပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အား ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် စတင်ထူထောင်ခဲ့သည်။ ဒေသတွင်းရှိ မြစ်ကြီးနှစ်စင်းအား အမှီပြု၍ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ကို ဖွဲ့စည်းသည်။ MGC သည် ဒေသတွင်း အနာဂတ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးအား ခိုင်မာစွာထူထောင်ရန်အတွက် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေး ကွန်ရက် စသော နယ်ပယ် (၄) ခုအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ဒေသခွဲ အတွင်း ဗဟုပုံစံ သယ်ယူ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်၍ သယ်ယူပို့ဆောင်ရေး စရိတ်များအား သိသာစွာ လျှော့ချနိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးအား တိုးမြှင့်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးအား ဆောင်ရွက်ရန် ရည်ရွယ်သည်။

## BCIM

BCIM သည် အိန္ဒိယနိုင်ငံရှိကိုလ်ကတ္တားနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကို ဖြတ်ကျော်ကာ တရုတ်နိုင်ငံရှိယူနန်ပြည်နယ်တို့ကို ဆက်သွယ်၍ ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ အဓိကအားဖြင့် ကုန်းတွင်းပိတ်ဒေသဖြစ်သော တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်

နယ်နှင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သော အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံဖြတ်ကျော် စီးပွားရေးအဆင့်မြှင့်တင်မှု အစီအစဉ် ဖြစ်သည်။ အဆိုပါအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ ၁၉၉၀ ပြည့်နှစ်များတွင် စတင်အကောင်အထည်ဖော်ခဲ့သော Look East Policy–LEP အား အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်သည်။

LEP ၏ မူလရည်မှန်းချက်မှာ BCIM အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု နှင့် ဆက်သွယ်ရေးတိုးမြှင့်၍ တောင်အာရှ၊ အရှေ့ တောင်အာရှ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသို့ တိုးချဲ့ ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

## ACMECS

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၀၃ ခုနှစ်၊ ဧပြီလ (၂၉) ရက်၌ ကျင်းပခဲ့သည့် SARS ဆိုင်ရာ အာဆီယံ ထိပ်သီးအထူးအစည်းအဝေးတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thaksin Shinawatra မှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံခေါင်းဆောင်များသို့ စီးပွားရေး ကွာဟချက် ကျဉ်းမြောင်းစေရန်နှင့် ဒေသခွဲအတွင်း စဉ်ဆက်မပြတ် တိုးတက်စေရန် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာ ဗျူဟာတစ်ရပ် ထူထောင်လိုကြောင်း စတင်အဆိုပြုခဲ့ပါ သည်။ အဆိုပါ (၄) နိုင်ငံ ခေါင်းဆောင်တို့သည် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် မြန်မာနိုင်ငံ၊ ပုဂံမြို့ တွင် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပကာ ပုဂံ ကြေညာချက်စာတမ်း Bagan Declaration ကို ထုတ်ပြန် ၍ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် ပူးပေါင်း ဆောင် ရွက်မှု မဟာဗျူဟာ- အက်ခ်မက်စ် Ayeyawady-Chao Phra-Mekong Economic Cooperation Strategy - ACMECS ကို ထူထောင်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် အက်ခ်မက်စ်သို့ ဝင်ရောက်ခဲ့ရာ စုစုပေါင်း အဖွဲ့ဝင်နိုင်ငံ (၅) နိုင်ငံ ဖြစ်ပါ သည်။

## GMS

မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်- ADB ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်ရေးအတွက် ADB ၏ အကူအညီများ ရယူ ဆောင်ရွက်ခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ဆောင်ပုဒ် မှာ အာရှနှင့် ပစိဖိတ်ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အဆင့် မြှင့်တင်ရေး၊ ဆင်းရဲမွဲတေမှုအား လျှော့ချရေးဖြစ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့သော မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ မဲခေါင် ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ် (ယူနန် ပြည်နယ်)၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ် Greater Mekong Subregion Economic Cooperation အား ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ သည်။ GMS အစီအစဉ်အောက်တွင် သယ်ယူပို့ဆောင် ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူ့ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အား သက်ဆိုင်ရာ အဖွဲ့ ဝင်နိုင်ငံများမှ လုပ်ငန်းအဖွဲ့ဝင်များဖြင့် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည်။

## SASEC

SASEC ၏နောက်ခံသမိုင်းမှာ ၁၉၉၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယနှင့် နီပေါ (၄) နိုင်ငံဖြင့် South Asian Association for Regional Cooperation (SAARC) ကို စတင်တည်ထောင်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် မော်လ်ဒိုက် ဝင်လာခဲ့သည်။ မြန်မာနိုင်ငံသည် အာရှတိုက် အား စီးပွားရေးမြှင့်တင်၍ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုအတွက် အထောက်အကူဖြစ်စေမည့် အရေးပါသော လမ်းကြောင်းဖြစ်သော တောင်အာရှ၊ အရှေ့တောင်အာရှ

နှင့် အရှေ့အာရှသို့ ချိတ်ဆက်ပေးမည့် လမ်းကြောင်းတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်အတွက် စုစုပေါင်းအဖွဲ့ဝင် (၇)နိုင်ငံရှိပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စီမံကိန်း ၄၆ ခုကို ခန့်မှန်းကုန်ကျငွေ အမေရိကန် ဒေါ်လာ ၉ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ Operational 2016-2025 အရပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍနှင့် စီးပွားရေးစကြံ်ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လျာထားလျက်ရှိသည်။

### OBOR

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်ကို ၂၀၁၃ ခုနှစ်မှစတင် အကောင်အထည်ဖော်လျက်ရှိသော်လည်း ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တရားဝင်ကြေညာခဲ့သည်။ OBOR သည် ပထဝီနိုင်ငံရေးနှင့် ပထဝီမဟာဗျူဟာအရ တရုတ်နိုင်ငံအတွက် အလွန် အရေးကြီးသောအစီအစဉ်ဖြစ်သည်၊ တရုတ်ပြည်မကြီးကို ဗဟိုပြု၍ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးရေး ကွန်ရက်ကြီးကို ဖြန့်ကြက်နိုင်ရေးအတွက် စတင်ခဲ့သော အစီအစဉ်ဖြစ်သည်။ OBOR တွင် ပိုးလမ်းမစီးပွားရေးရပ်ဝန်း Silk Road Economic Belt နှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီး 21 Century Maritime Silk Road စသော အစီအစဉ်နှစ်ပိုင်းပါဝင်သည်။ အဆိုပါလမ်းမကြီးကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် အရေးကြီးသော နိုင်ငံဖြစ်သည်။ OBOR တွင် အကောင်အထည်ဖော်လျက်ရှိသော တရုတ်- မွန်ဂိုလီးယား- ရုရှားစီးပွားရေးစကြံ်လမ်းမကြီး၊ ဥရောပ- အာရှကုန်းတွင်း တံတားသစ်နှင့် စီးပွားရေးစကြံ်လမ်းမကြီး၊ တရုတ်- အာရှအလယ်ပိုင်း- အရှေ့အနောက်ပိုင်းစီးပွားရေး လမ်းမကြီး၊ တရုတ်- ပါကစ္စတန်စီးပွားရေးလမ်းမကြီးနှင့် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာစီးပွားရေးစကြံ်လမ်းမကြီး BCIM EC တို့ဖြစ်သည်။

## ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ ကောင်းကျိုးများ

စီးပွားရေး စကြံ်များသည် ဒေသတွင်းရှိ လူနှင့်ကုန်ပစ္စည်းများအား ထိရောက်မှုရှိ၍ ကုန်ကျစရိတ်သက်သာသော သယ်ယူပို့ဆောင်ရေးစနစ်၊ အစဉ်ဖွံ့ဖြိုးနေသော ဆက်သွယ်ရေး၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပေါ်လစီ၊ လုပ်ထုံးလုပ်နည်းများနှင့် ပုဂ္ဂလိကကဏ္ဍအားလုံးကို ဖော်ဆောင်မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာခြင်း၊ ကုန်သွယ်မှုမြှင့်တင်နိုင်ခြင်း၊ ယှဉ်ပြိုင်မှုမြင့်တက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်း၊ လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတွေ မြင့်တက်လာခြင်းစသော ကောင်းကျိုးများရရှိမည်ဖြစ်သည်။

## အခက်အခဲများ

အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရာတွင် နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများဝင်ရောက်လာနိုင်သဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုံခြုံစိတ်ချမှုအား ခြိမ်းခြောက်လာမည်ဖြစ်သည်။ ထို့အပြင် ဓလေ့ စရိုက်မတူသော လူမျိုးရေးပြဿနာများ၏ ရိုက်ခတ်မှုများ၊ တရားမဝင် ဝင်ရောက်နေထိုင်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အပြင် ဒေသတွင်း ကုန်စည်များလွတ်လပ်စွာစီးဆင်းလာမှုကြောင့် အခြေခံအဆောက်အဦပိုင်း ဖွံ့ဖြိုးမှုအားနည်းသော မြန်မာ့ ပြည်တွင်းအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ထိခိုက်စေမှုများအား ရင်ဆိုင်ရာရမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ အနာဂတ်အလားအလာအား သုံးသပ်ချက်

၂၁ ရာစုသည် အာရှရာစုခေတ်ဟု Asia Pivot ဟု အမေရိကန်မှ သတ်မှတ်ကြရာ အင်ဒို- ပစိဖိတ်ဒေသတွင် Geostrategic Player များ ယှဉ်ပြိုင်လျက်ရှိသည်။ ထို့ကြောင့် အာရှတိုက်အနေအထားပေါ်မူတည်၍ မဟာ

ဗျူဟာ အသစ်အား ချမှတ်ခဲ့ရာ အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် အချက်အချာကျဆုံးသော နေရာဖြစ်၍ အမေရိကန်မှ စိုးမိုးရန် ကြိုးစားလာကြသည်။ အမေရိကန်သည် တရုတ်နိုင်ငံအား ပစိဖိတ်သမုဒ္ဒရာဘက်တွင် ပိတ်ဆို့ခြင်းဖြင့် လုံလောက်မှု မရှိသောကြောင့် အိန္ဒိယသမုဒ္ဒရာဘက်မှ ပိတ်ဆို့မှသာ တရုတ်အားထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန် နိုင်ငံသည် အိန္ဒိယနိုင်ငံအား မဟာဗျူဟာမြောက်မိတ်ဖက်ပြုလုပ်၍ မြန်မာနိုင်ငံနှင့်လည်း ထိတွေ့ ဆက်ဆံလာခဲ့သည်။

မြန်မာနိုင်ငံနှင့် Comprehensive Strategic partnership အဆင့်သို့တိုးမြှင့်ခဲ့သည်။ တရုတ်နိုင်ငံသည် မြစ်ဆုံ ကိစ္စဖြစ်ပြီးချိန်တွင် တရုတ်နိုင်ငံ၏ဆက်ဆံရေး ပြောင်းလာ၍ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုနည်းပါးလာကာ မြန်မာနိုင်ငံအပေါ်ထားရှိသည့် မူဝါဒ ပြောင်းလဲခဲ့သည်။ ပြောင်းလဲသွားသည့် မူဝါဒကို Double Edged Sword Policy ဟု သတ်မှတ်ခဲ့သဖြင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းအင်အားကြီးဖြစ်သော တရုတ်နိုင်ငံကို အထူးသတိပြု ဆက်ဆံရန် လိုအပ်သည်။ မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံကြီးနှစ်ခုကြား နိုင်ငံငယ်တစ်ခုအနေဖြင့် သံတမန်ရေး၊ အမျိုးသားရေးနှင့် နိုင်ငံတကာ ဆက်ဆံမှုများဖြင့် မိမိကိုယ်ကို ကာကွယ်နိုင်ရန် အခြားတတိယနိုင်ငံကြီးနှင့် ခင်မင်မှုမပျက် ဆက်ဆံရန် လိုအပ်သည်။ ထို့အပြင် တရုတ်နိုင်ငံသည် ယခုအခါ 'ဝ' လူမျိုး လက်နက်ကိုင်အဖွဲ့အစည်းကို မွေးထားပြီး 'ဝ' သည် အင်အားသုံးသောင်းခန့်ရှိသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအား အိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းအား ရွေးချယ်၍ မရပေ။ ပြဿနာဖြစ်ပါက မြန်မာနိုင်ငံသား ဒုက္ခရောက်မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အစိုးရတက်တက် တရုတ်နိုင်ငံနှင့် အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံရမည့် မူဝါဒအားထားရှိရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားမရှိဘဲ စစ်ကူ ဝင်တိုက်ပေးခြင်းမရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကဲ့သို့ တရုတ်နိုင်ငံနှင့် သာမက အမေရိကန်နိုင်ငံနှင့်လည်း တည့်အောင်ပေါင်းရမည်ဖြစ်ကာ သံတမန်နည်းလမ်းကိုလည်း လိမ္မာပါးနပ်စွာ အသုံးချ၍ အကျိုးအမြတ်ရရှိအောင် Power Balance လုပ်ကာ နိုင်ငံတကာအခြေအနေအား အမြဲလေ့လာ၍ ဆောင်ရွက်သွားရမည်။

## နိဂုံး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံရေးစနစ်များကို အခြေအနေအလိုက် ပြောင်းလဲ ကျင့်သုံးလျက်ရှိသကဲ့သို့ စီးပွားရေးစနစ်ကိုလည်း နိုင်ငံရေးစနစ်ဖြင့် ဆက်စပ်ပြီး ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့အား အလေးထား၍ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် အကြောင်းအချက်များအား သတိကြီးစွာရှောင်ရှား၍ ဒေသတွင်း ပူးပေါင်းဆောင်မှုများအား ဆောင်ရွက်သင့်ပါသည်။

## ကိုးကားချက်


* ၉-၅-၂၀၁၇ မြန်မာ့အလင်း
* ဒေါက်တာထွန်းမင်း၊ ပထဝီနိုင်ငံရေး သင်ခန်းစာပို့ချမှု
* ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ပထဝီနိုင်ငံရေး သင်ခန်းစာပို့ချမှု
* Talking Points of ACMECS
* GMS Economic, Cooperation, ADB
* SASEC Joint Statement
* Wikipedia


■

# ကောင်းမွန်သော
# စီမံအုပ်ချုပ်မှု

|စန်းယုအောင်|



တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ခေါင်းဆောင်းကောင်း၊ နောက်လိုက်ကောင်းတွေ လိုအပ်တဲ့အပြင် ကောင်းမွန်မှန်ကန်တဲ့ မူဝါဒတွေ၊ အစီအမံတွေ လိုအပ်တယ်ဆိုတာ လူတိုင်းလက်ခံပြီးဖြစ်မှာပါ။ ဒီမူဝါဒ၊ အစီအမံတွေကိုလည်း လိုက်လံအကောင်အထည်ဖော်ဖို့ ပြင်းပြတဲ့ ဆန္ဒကလည်း အရေးကြီးလှပါတယ်။ ဒီအထဲကမှ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (good governance) ဆိုတဲ့ စကားလုံးကတော့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လေ့လာမှုတွေကြားမှာတော့ အတော့်ကိုပြောဖြစ်ကြတဲ့ စကားလုံးတစ်ခုလို့ဆိုရပါမယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ အပြောင်းအလဲကာလမှာ အပြောများ၊ အသုံးများလာတဲ့ အသုံးအနှုန်းလို့ ဆိုရပါမယ်။ ယခင်အစိုးရလက်ထက်ကလည်း ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသောအစိုးရ စတာတွေကို တွင်တွင် ရွတ်ဆိုခဲ့တာ သတိထားမိကြမယ် ထင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အကျိုးတူအဖွဲ့အစည်း တော်တော်များများကလည်း ဝိုင်းဝန်းလေ့လာသုံးသပ်ပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ထင်သလောက်တော့ ခရီးမပေါက်သေးဘူးလို့ဆိုရင် ရမယ်ထင်ပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးက နားလည်လက်ခံပြီး ဝိုင်းဝန်းအကောင်အထည်ဖော်မှ ရမှာမို့ ဒီနေရာမှာ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတွေ ဖြစ်လာဖို့ ဘယ်လိုအချက်တွေ လိုမလဲ အနည်းငယ် ဆွေးနွေးလိုခြင်းဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ အဆိုအရတော့ ကောင်းမွန်သော အုပ်ချုပ်မှုတစ်ခုဖြစ်လာဖို့ အချက် (၈) ချက်လိုမယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့

(၁) ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိစေခြင်း

(၂) တရားဥပဒေစိုးမိုးမှုရှိခြင်း

(၃) ပွင့်လင်းမြင်သာမှုရှိခြင်း

(၄) ချက်ချင်းအရေးယူဆောင်ရွက်ခြင်း / အကောင်အထည်ဖော်ခြင်း

(၅) အများသဘောကို အလေးထားခြင်း

(၆) သာတူညီမျှမှုရှိခြင်းနှင့် အားလုံးပါဝင်နိုင်မှုရှိစေခြင်း

(၇) သတ်မှတ်ချိန်အတွင်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း

(၈) တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း စတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

အထက်ပါအချက်တွေကို အချို့လည်း သိပြီးဖြစ်မှာပါ။ မသိသေးသူများကို ရည်ရွယ်ပြီးဝေမျှလိုခြင်း ဖြစ်ပါတယ်။ သိပြီးသားသူများလည်း မမေ့မလျော့ဘဲ အကောင်အထည်ဖော်နိုင်စေဖို့ သတိပေးလိုခြင်းဆိုရင်လည်း မှန်ပါတယ်။ ပထမအချက်ဖြစ်တဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိစေခြင်းဆိုတဲ့နေရာမှာ အလွှာအသီးသီးက အမျိုးသား၊ အမျိုးသမီးတွေက တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့တွေကနေ တိုက်ရိုက်ဖြစ်စေ၊ ဒါမှမဟုတ် သူတို့ကိုကိုယ်စားပြုတဲ့ သူတွေကနေဖြစ်စေ သူတို့ဘဝတွေအတွက် အကျိုးသက်ရောက်မှုဖြစ်လာစေမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတာတွေမှာ ပါဝင်စေတာ ဖြစ်ပါတယ်။ သတိထားရမှာ တစ်ခုက စဉ်းစားဆုံးဖြတ်ချက်ချတဲ့နေရာမှာ လူမှုအဖွဲ့အစည်းက အထိခိုက်လွယ်ဆုံးသော၊ အကူအညီ လိုအပ်ဆုံးဖြစ်သော သူတွေရဲ့ အခက်အခဲတွေချည်းပဲ ထည့်သွင်းစဉ်းစားဆုံးဖြတ်ရမယ်လို့ မဆိုလိုပါဘူး။ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိစေခြင်းဆိုရာမှာလည်း သက်ဆိုင်သူတွေ




ကို၊ နောက် သက်ဆိုင်ရာအကျိုးတူအဖွဲ့တွေကို အသိပေးခြင်း၊ စနစ်တကျ စုစည်းပါဝင်စေခြင်းဖြစ်ဖို့ လိုအပ်ပါတယ်။

ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုမှာ မျှတပြီး၊ ဘက်မလိုက်တဲ့ ဥပဒေဘောင်တွေလည်း မရှိမဖြစ် လိုအပ်ပါတယ်။ ဒီဥပဒေတွေက လူ့အခွင့်အရေး၊ အထူးသဖြင့်တော့ တိုင်းရင်းသား၊ နိုင်ငံသားလူနည်းစုရဲ့ အခွင့်အရေးတွေကို ကာကွယ်မှုရှိဖို့လိုအပ်သလို၊ ဘက်မလိုက်တဲ့ဥပဒေတွေခိုင်မာဖို့အတွက်ကတော့ လွတ်လပ်တဲ့ တရားစီရင်ရေးတွေ၊ ဘက်မလိုက်ဘဲ၊ လာဘ်စားမှုပါကင်းတဲ့ ပြည်သူ့ရဲတပ်ဖွဲ့ရှိဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို ထုတ်ပြန်ကာ အဲဒီအတိုင်း လိုက်နာပြီး ဆုံးဖြတ်ချက်တွေ ချမှတ်တာကလည်း ပွင့်လင်းမြင်သာမှုရှိစေတယ်လို့ ဆိုရမှာပါ။ဒါ့အပြင် သတင်းအချက်အလက်တွေကို လွတ်လပ်စွာ စီးဆင်းစေပြီး၊ သက်ဆိုင်သူတွေ၊ အကျိုးတူအဖွဲ့တွေက တိုက်ရိုက်ရယူနိုင်စေရပါမယ်။ ဒါတွေအပြင် သတင်းအချက်အလက်တွေက ပြည့်စုံလုံလောက်ဖို့လိုသလို၊ သက်ဆိုင်သူတွေ နားလည်စေနိုင်ရမယ့်အပြင် လက်လှမ်းမီတဲ့ မီဒီယာမျိုးဖြစ်ဖို့လိုပါတယ်။

ဒါတွေအပြင် လိုအပ်ချက်တွေကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း၊ အကျိုးတူအဖွဲ့တွေက သတ်မှတ်ထားတဲ့အချိန်အတွင်း ချက်ချင်းတုံ့ပြန်ဆောင်ရွက်၊ အကောင်အထည်ဖော်ဖို့လည်း အရေးကြီးတဲ့ အချက်ထဲ ပါဝင်ပါတယ်။

အများသဘောကို အလေးထားဖို့ဆိုရာမှာ လူမှုအဖွဲ့အစည်းတစ်ခုက ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေပါဝင်ဖို့လိုသလို၊ အမြင်အမျိုးမျိုးရှိနေမှာလည်း သိရှိထားရမှာဖြစ်ပါတယ်။ လူမှုအဖွဲ့အစည်းတစ်ခုလုံးရဲ့ အကောင်းဆုံးသော အကျိုးရလဒ်ဖြစ်စေဖို့ အကျိုးစီးပွားအမျိုးမျိုးကွဲပြားနေသော လူ့အသိုင်းအဝန်းကနေ ဘုံသဘောတူညီမှုရဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအပြင် အဲဒီဘုံသဘောတူညီချက်ကနေ ရည်းမှန်းချက်အောင်မြင်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာလည်း အများသဘောဖြစ်ရမှာပါ။ ဒါတွေအပြင် လူ့အဖွဲ့အစည်းတစ်ခု စဉ်ဆက်မပြတ် တိုးတက်နေစေတဲ့ ရေရှည်ကိုမျှော်မှန်းတဲ့ သဘောတူညီချက်ဖြစ်ဖို့လည်း အရေးကြီးလှတယ်။ ဒါတွေရဖို့ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းက သူတွေရဲ့သမိုင်း၊ ယဉ်ကျေးမှု၊ အလေ့အထ၊ အပြုအမူ၊ သဘောထား စတာတွေကို နားလည်ထားဖို့လည်း မဖြစ်မနေ လိုအပ်ပါတယ်။

လူ့အဖွဲ့အစည်းက လူတိုင်းက ဒီလူ့အဖွဲ့အစည်းရဲ့ လုပ်ငန်းဆောင်တာတွေမှာ ချန်လှပ်ထားခြင်းမခံရဖို့ လိုသလို၊ သူတို့လည်း ဒီလုပ်ငန်းဆောင်တာ ရေစီးကြောင်းထဲ စီးမျောနေခွင့်ရရမှာ ဖြစ်ပါတယ်။ အလွှာအသီးသီးက လူတွေ၊ အထူးသဖြင့်တော့ ဒုက္ခအခံရဆုံးသော သူတွေလည်း လူမှုကူညီရေး အထောက်အပံ့တွေရဖို့ လိုသလို၊ သူတို့ဘဝတွေ တိုးတက်အောင်လုပ်ဖို့လည်း အခွင့်အရေးရှိစေရမှာဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ကတော့ လူသားအရင်းအမြစ်ပါ အပါအဝင်၊ လူ့အဖွဲ့အစည်းမှာရှိတဲ့ အရင်းအမြစ်တွေကို အကောင်းဆုံးအသုံးချပြီး လိုချင်တဲ့ ရည်မှန်းချက်ရအောင် ဆောင်ရွက်ကြရပါမယ်။ ဒီနေရာမှာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ၊ သဘာဝသယံဇာတတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ရေရှည်ကိုကြည့်ပြီး သုံးစွဲကြရမှာပါ။

နောက်ဆုံးအချက်အနေနဲ့ အရေးကြီးဆုံးကတော့ တာဝန်ယူမှုတာဝန်ခံမှုပါပဲ။ ဒီနေရာမှာ အစိုးရအဖွဲ့သာမက၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေပါမကျန် အားလုံးက ပြည်သူလူထုသာမက၊ မိတ်ဖက်အကျိုးတူအဖွဲ့တွေအပေါ် မှာလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာဖြစ်ပါတယ်။ ဘယ်သူက ဘယ်သူ့အပေါ် တာဝန်ခံတာလဲဆိုတာက အဖွဲ့အစည်းအလိုက် အမျိုးမျိုးကွဲပြားနိုင်ပါတယ်။ ယေဘုယျပြောရရင်တော့ အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခုဟာ သူ့ရဲ့ဆုံးဖြတ်ဆောင်ရွက်ချက်၊ အရေးယူ ဆောင်ရွက်ချက်၊ အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး အကျိုးသက်ရောက်မှုဖြစ်ပေါ်စေတဲ့ သူတွေအပေါ် တာဝန်ယူမှုတာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။ ဒီတာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာတွေဟာ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှုမရှိဘဲ လိုက်နာဆောင်ရွက်မှုဆိုတာ ရှိလာလိမ့်မည်မဟုတ်ပါဆိုတာ တင်ပြလိုက်ရပါတယ်။

# Enumerator
# ကောင်းတစ်ဦးအတွက် သိမှတ်ဖွယ်ရာ



ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)

Interview တစ်ခုကောင်းမွန်စွာ ပြီးမြောက်စေရန်အတွက် Enumerator များအနေဖြင့် Respondent နှင့် တစ်သားတည်းကျအောင် (establish the rapport) နေထိုင်တတ်ရန်လည်းလိုအပ်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် Enumerator များအနေဖြင့် Interview တစ်ခုပြီးစီးရေးကိုသာ အာရုံစိုက်ခြင်းထက် Respondent ထံမှ မိမိသိလိုသည့် အချက်များအားတိတိကျကျ ရရှိနိုင်ရေးအတွက်ပို၍ အလေးထားရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏ ကိုယ်၊ နှုတ်၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံပုံ၊ စကားလုံးအသုံးအနှုန်းတို့သည်လည်း ပြီးပြည့်စုံသည့် Interview တစ်ခုဖြစ်ရေးအတွက် သတိထားရမည့် အချက်များပင် ဖြစ်လာပါသည်။

ထို့ကြောင့် Enumerator များအနေဖြင့် ပြီးပြည့်စုံသော interview တစ်ခုဖြစ်ရေးအတွက် Respondent နှင့် တစ်သားတည်းကျအောင် နေထိုင်နိုင်ရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည် -

**Respect:**

Enumerator များအနေဖြင့် Respondent အားလေးစားမှု ရှိရမည်။ ဆိုလိုသည်မှာRespondent ချိန်းဆိုသည့် အချိန်ကိုအချိန်မီရောက်အောင်သွားရမည်။ အချို့သော Interview များတွင် Respondent မအားသဖြင့် call back ပြန်ယူရခြင်းများရှိသည်ဖြစ်ရာEnumerator များအနေဖြင့် Call back အချိန်ကို သေချာမှတ်

သွားပြီးအဆိုပါ အချိန်မတိုင်မီ Respondent ထံသို့ ရောက်အောင်သွားရမည်ဖြစ်ပါသည်။

Interview ဆောင်ရွက်နေစဉ်အတွင်းဖုန်းများကို မလိုအပ်ဘဲပြောဆိုခြင်းကို ရှောင်ကြဉ်ရန်နှင့် ဖုန်းများကို Silent လုပ်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး ပြောဆိုရန် လိုအပ်ပါက respondent အားခွင့်တောင်းပြီးမှ ဖုန်းပြောသင့်ပါသည်။

ထို့ပြင် ကွမ်းစားတတ်သူများအနေဖြင့်လည်း Interview မစတင်မီ အနည်းဆုံး ပလုပ်ကျင်းထားရန်နှင့် ဆေးလိပ်သောက်တတ်သူများအနေဖြင့်လည်း ဆေးလိပ်နံ့ မနံစေရန် ပီကေခဲဖော ဝါးခြင်း (သို့) အနံ့ပျောက်ဆေးခဏငုံထားခြင်းများ ဆောင်ရွက်သင့်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဆေးလိပ်နံ့ /ကွမ်းနံ့တို့သည် ဆေးလိပ်မသောက်တတ်သော/ ကွမ်းမစားတတ်သောအချို့ Respondent များအတွက် စိတ်အနှောက်အယှက်ဖြစ်စေသည့်အနံ့တစ်ခုဖြစ်သည်နှင့်အမျှ Interview ကိုလည်း ထိခိုက်စေမည်ဖြစ်ပါသည်။

## Appearance:

Respondent အမြင်တွင် Enumerator များအနေဖြင့် smart ဖြစ်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ smart ဖြစ်ရန်ဆိုသည်မှာ လည်ကတုံးအကျႌ၊ တိုက်ပုံဝတ်ရန် ပြောသည်မဟုတ်ပါ။ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ရန်သာ ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ interview မေးမြန်းနေစဉ်အတွင်း အကျႌကြယ်သီးမတတ်ဘဲ ရင်ဘတ်ဟပြဖြင့်နေထိုင်မှုများကို ဆင်ခြင်ရမည်ဖြစ်ပါသည်။

ထို့ပြင် Enumerator များအနေဖြင့် ID card ကို သေချာချိတ်ဆွဲရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

(သို့သော် Company appointment များ၊ အစိုးရအရာရှိများနှင့် တွေ့ဆုံရာတွင် အခြေအနေအပေါ်မူတည်၍ လည်ကတုံးအကျႌ၊ တိုက်ပုံ ဝတ်ရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်ပါသည်။)



## Body Language:

Respondent ၏ အမြင်တွင် Enumerator များအနေဖြင့်လည်း Interview ဆောင်ရွက်ရန် စိုးရိမ်ကြောင့်ကြနေခြင်း၊ ရှက်နေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနည်းနေခြင်းစသည့်အမူအရာမျိုးမပြမိစေရန် အထူး အရေးကြီးသည်။

အချို့သော Enumerator များအနေဖြင့် မေးခွန်းပိုင်းနားလည်မှု အားနည်းသည့်အခါ (သို့) interview အတွေ့အကြုံ နည်းသည့်အခါမျိုးတွင် စိုးရိမ်စိတ်များပြီး မေးခွန်းများမေးရာတွင် စကားများထစ်နေခြင်းနှင့် တစ်ခါတရံ အလွဲလွဲအချော်ချော်ဖြစ်နေခြင်းများ ကြုံတွေ့ရတတ်ပါသည်။

ထို့ပြင် Enumerator များအနေဖြင့် Respondent ၏ ဖြေဆိုချက်အပေါ် အံ့အားသင့်သည့် အပြုအမူမျိုးနှင့် Respondent ဖြေဆိုသည့် အဖြေများကိုထောက်ခံသည့် အပြုအမူမျိုးတို့ကို ရှောင်ရှားရမည်ဖြစ်ပြီး interview တစ်ခုလုံးတွင် Natural Manner ဖြင့် သာ မေးမြန်းရမည်ဖြစ်ပါသည်။

## Eye Contact:

တစ်ဦးနှင့် တစ်ဦးရင်းနှီးမှု/ ယုံကြည်မှု ရရှိရန် eye contact သည် အရေးကြီးလှပါသည်။

Enumerator များအနေဖြင့် မေးခွန်းကိုဘဲ

တစ်ချိန်လုံးကြည့်မေးနေမည်ဆိုပါက မိမိအနေဖြင့် အဆိုပါ မေးခွန်းနှင့် familiar မဖြစ်သည့် သဘောအသွင်ဆောင်နေသကဲ့သို့ Respondent ၏ ယုံကြည်မှုကိုလည်း ရရှိနိုင်မည်မဟုတ်ပါ။

တစ်ဖက်တွင်လည်း Respondent ကို တစ်ချိန်လုံးစိုက်ကြည့်နေရမည် မဆိုလိုပါ။ Respondent ကို တစ်ချိန်လုံး စိုက်ကြည့်နေခြင်းသည် Respondent အတွက် စိတ်ကျဉ်းကျပ်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ထို့ကြောင့် Enumerator များအနေဖြင့် မိမိသည် respondent ၏ ဖြေဆိုမှုအပေါ် စိတ်ဝင်တစားရှိသည်၊ အလေးထားသည်ဆိုသည့် သဘောပေါ်လွင်ရန်သာ eye contact ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**Space:**

Interview တစ်ခုအတွက် နေရာသည်လည်း အရေးကြီးလှပါသည်။

ပထမဦးစွာ Interview ဆောင်ရွက်မည့်နေရာသည် privacy (Respondent အတွက် စိတ်လုံခြုံမှုရှိသောနေရာ) ဖြစ်ရန်လိုအပ်ပါသည်။ Privacy ဖြစ်ရန် သီးခြားအခန်းစီစဉ်ရန်ကို မဆိုလိုပါ။

Household survey များတွင် Interview ကို အများအားဖြင့် Respondent အိမ်၏ ဧည့်ခန်း/အိမ်ရှေ့နားတွင် ဆောင်ရွက်လေ့ရှိပါသည်။ Respondent စိတ်လုံခြုံမှုရှိစေရန် Interview ဆောင်ရွက်စဉ် Interview နှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်များအနားတွင် မရှိစေရန် လိမ္မာပါးနပ်စွာ ဖယ်ရှားရမည်ဖြစ်သကဲ့သို့ မေးခွန်းများမေးရာတွင်လည်း Respondent ကောင်းစွာ ကြားနိုင်ရုံအသံဖြင့်သာ မေးမြန်းရမည်ဖြစ်ပါသည်။အခြားသူများ ကြားပါက ဝင်ရောက်ဖြေဆိုခြင်း၊ Respondent အား အကြံပေးခြင်းများဖြစ်ပေါ်စေနိုင်သဖြင့် Respondent ၏ အဖြေသည် bias ဖြစ်မည် ဖြစ်ပါသည်။

ဆက်လက်၍ မိမိအနေဖြင့် Respondent ၏ မည်သည့်နေရာတွင် ထိုင်သင့်သည်ကိုလည်း စဉ်းစားရမည်ဖြစ်သည်။

Enumerator အနေဖြင့် Respondent နှင့် ဘေးတိုက် ယှဉ်ပြီးထိုင်မည်ဆိုပါက eye contact ရမည်မဟုတ်သကဲ့သို့၊ Respondent အနေဖြင့်လည်း မေးခွန်းများကို လှမ်းကြည့်နိုင်သည့် အနေအထားဖြစ်နေပါသည်။

ထို့ပြင် Enumerator အနေဖြင့် Respondent ၏ ရှေ့တည့်တည့် ထိုင်မည်ဆိုပါက Respondent ၏ စိတ်လွတ်လပ်မှုကို အတားအဆီးဖြစ်စေမည်ဖြစ်ပါသည်။

ထို့ကြောင့် Enumerator အနေဖြင့် Respondent ၏ ရှေ့ ခပ်စွေစွေ နေရာတွင် ထိုင်သင့်သည်ဟု Research Methods စာအုပ်တွင် ဖော်ပြထားပါသည်။

Interview ဆောင်ရွက်ခြင်းသည် စကားပြောဆိုဆောင်ရွက်ရသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် စကားမပီခြင်း/ စကားအလွန်ဝဲခြင်း (သို့) စကားထစ်သည့် ပုဂ္ဂိုလ်များအတွက် Enumerator အဖြစ် ဆောင်ရွက်ခွင့်ရရန် အခွင့်အရေးနည်းမည်ဖြစ်ပါသည်။


ထို့ပြင် လက်ရေးလက်သားညံ့သည့် Enumerator များကို PAPI (မေးခွန်းစာရွက်ကို အသုံးပြု၍ မေးရသည့် Interview) များတွင် ထည့်သွင်း အသုံးပြုမည်ဆိုပါက ကိန်းဂဏန်းအချက်အလက်များ ရောထွေးနိုင်မည်ဖြစ်ပါသည်။ သို့သော် ယခုနောက်ပိုင်း CAPI (Tablet ကို အသုံးပြု၍ မေးရသည့် Interview) များတွင် လက်ရေး၏ အရည်အသွေးကို ထည့်သွင်းစဉ်းစားစရာ မလိုအပ်သဖြင့် လက်ရေးလက်သားညံ့ခြင်းသည် Enumerator တစ်ယောက်ဖြစ်ရန် အတားအဆီးတစ်ခုမဟုတ်တော့ပါ။

အချုပ်အားဖြင့် ဆိုရလျှင် Enumerator ကောင်းတစ်ဦးအနေဖြင့် Interview တစ်ခုကောင်းမွန်စွာ ပြီးမြောက်စေရန်အတွက် မိမိမေးမြန်းရမည့် မေးခွန်းကို သေချာစွာနားလည်စေရန်၊ ကျင့်ဝတ်များကို လိုက်နာစေရန်၊ ကိုယ်၊ နှုတ်၊ အမူအရာယဉ်ကျေးစေရန်၊ ဝတ်စားဆင်ယင်မှု သပ်ရပ်စေရန် စသည့် အချက်များ လိုအပ်မည်ဖြစ်သကဲ့သို့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများတွင် သွားရောက် Interview မည်ဆိုပါက အဆိုပါ ပုဂ္ဂိုလ်/ အဖွဲ့အစည်း/ ကုမ္ပဏီ၏ အခြေခံအကြောင်းအရာများကို ကြိုတင်လေ့လာပြင်ဆင်ပြီးမှ သွားရောက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

■

# ကျွန်ုပ် တံတားဆောက်သည်

မြခ္ခာညိုနိုင်(မော်ကွန်းတိုက် )




**'မင်းဘာလုပ်လဲ'**ဟူ၍ အမေးခံရလျှင် မော်ကွန်းပညာရှင်များက ဘာပြောကြပါသနည်း။ ကျွန်ုပ် အနေနှင့် ပြောချင်သည်မှာ ကျွန်ုပ် တံတားဆောက်သည် ဟူ၍ ဖြစ်သည်။

အဘယ်ကြောင့်နည်း။ အကြောင်းမှာ မော်ကွန်းပညာရှင်အနေနှင့် အောက်ပါတို့ကိုပြုလုပ်ရန် တာဝန်ရှိသည်-

(က) မျက်မှောက်ခေတ်လူတို့သည် ယမန်နေ့ကိုပြန်လည်တည်ဆောက်နိုင်သည်။

(ခ) မနက်ဖန်လူသားတို့သည် ယနေ့ကို ပြန်လည်တည်ဆောက်နိုင်သည်။

(ဂ) မော်ကွန်းများသည် ရုပ်ပိုင်းအားဖြင့် ထိန်းသိမ်းထား၍ အသုံးပြုနိုင်ရန်ပြုလုပ်ထားသည်။

အချိန်နှင့်နေရာ အကြားလူတို့ရွေ့လျားရန်အတွက် ကျွန်ုပ်တို့သည် တံတားကိုဆောက်ပေးသည် ဟု မော်ကွန်းပညာရှင် အယ်နီ-မာရီဆွလစ်က မော်ကွန်းများမိတ်ဆက်ခြင်းနှင့် မော်ကွန်းလုပ်ငန်း နိဒါန်းတွင် ဖော်ပြခဲ့သည်။

မော်ကွန်းများသည် ရေရှည်ထိန်းသိမ်းရန် ရွေးချယ်ထားသည့် မှတ်တမ်းများဖြစ်သည်။ မော်ကွန်းများသည် ယင်းတို့၏ သဘာဝအားဖြင့် ယင်းတို့ကို ထိန်းသိမ်းထားသူများနှင့်ပြုလုပ်သူများ၏ တစ်သက် တာကို ကျော်၍ တန်ဖိုးရှိကြသည်။ မော်ကွန်း၊ မှတ်တမ်းများကို ထိန်းသိမ်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပြန်လည်ရည်ညွှန်းကိုးကားရန်ပင် ဖြစ်သည်။ မော်ကွန်း၊ မှတ်တမ်းများသည် စီမံကိန်းများ စတင်ရာတွင်လည်းကောင်း၊ ပြတ်

တောက်နေသော အချက်အလက်များကို တည်ဆောက်ရာတွင် လည်းကောင်း၊ သမိုင်းအထောက်အထားများကို မှတ်တမ်းပြုစုရာတွင်လည်းကောင်း အဓိက ကျသော အခန်းကဏ္ဍတွင် ပါဝင်ပေသည်။

မော်ကွန်းလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထောက်အထား တန်ဖိုးပါရှိသည့် မော်ကွန်း၊ မှတ်တမ်းများကိုတစ်စုတစ်စည်းတည်း လုံခြုံစွာထိန်းသိမ်းထားရှိရန်နှင့် အစိုးရဌာန အဖွဲ့အစည်းများနှင့် သုတေသီများ ပြန်လည်ရည်ညွှန်း ကိုးကားမှုပြုနိုင်ရန်နှင့် တရားဝင် အထောက်အထားပြရန်ဖြစ်သည်။ ဤကဲ့သို့အသုံးပြုရန် မော်ကွန်းထိန်းက ပြင်ဆင်ဆောင်ရွက်ပေးရသည့် လုပ်ငန်းကို အထောက်အကူပြုလုပ်ငန်း (Reference Services) ဟု ခေါ်ဆိုနိုင်ပါသည်။

မှတ်တမ်းတစ်ခုတွင် အုပ်ချုပ်မှုဆိုင်ရာတန်ဖိုး (Administrative Value)၊ သမိုင်းဆိုင်ရာ အထောက်အထားတန်ဖိုး (Historical Value)၊ သတင်းအချက်အလက်ဆိုင်ရာ တန်ဖိုး (Informational Value) စသည်ဖြင့် တန်ဖိုးများစွာပါဝင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနတစ်ခုအနေဖြင့် လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်လည်းကောင်း မှီငြမ်းကိုးကားနိုင်ခြင်း၊ သုတေသနပြုလုပ်နိုင်ခြင်းတို့ပြုလုပ်နိုင်ပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မော်ကွန်း၊ မှတ်တမ်းများကို တစ်စုတစ်စည်းတည်း လုံခြုံစွာထိန်းသိမ်းထားရှိ၍ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ ပြည်ပသုတေသီများ၊ ကျောင်းသားသုတေသီများမှ သုတေသနပြုလိုသည့် မော်ကွန်းအထောက်အထားများ၊ သတင်းအချက်အလက်များအား မှီငြမ်းကိုးကားရန်နှင့် တရားဝင်အထောက်အထား ပြရန်အတွက် အထောက်အကူပြုဆောင်ရွက်ပေးလျက်ရှိပါသည် ။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်ရုံး)ကို အမှတ်-၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်တွင် ဖွင့်လှစ်ထားရှိပါသည်။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)ကို ရာဇသင်္ဂဟလမ်း (ကုမုဒြာကြာပန်းအဝိုင်းအနီး) ဥတ္တရသီရိမြို့နယ်တွင် ဖွင့်လှစ်ထားရှိပါသည်။ နိုင်ငံတော် အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ သုတေသီများအတွက် ရည်ညွှန်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ညွှန်းစာဖတ်ခန်း (Reference Room) ကို တနင်္လာနေ့မှ သောကြာနေ့ (အစိုးရရုံးပိတ်ရက်များမှအပ) နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည် ။

မော်ကွန်းများကိုအသုံးပြုရာတွင် ဌာနဆိုင်ရာ သုတေသီများ၊ ပြည်တွင်း/ ပြည်ပသုတေသီများ၊ ကျောင်းသားသုတေသီများဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ ဌာနဆိုင်ရာသုတေသီများအနေဖြင့် မော်ကွန်းများကို အသုံးပြုနိုင်ရန်ဌာနဆိုင်ရာ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ပြည်ပသုတေသီများ အနေဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဆက်သွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ သံရုံး၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ပြည်တွင်းသုတေသီ

> ”
>
> အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပသုတေသီများ သိလိုသော အချက်အလက်များကို လာရောက်ရှာဖွေပါက တတ်နိုင်သမျှ ရှာဖွေပေးရမည်မှာ မော်ကွန်းထိန်းများ၏ တာဝန်ဖြစ်ပါသည်။ အစိုးရ ဌာန ဆိုင်ရာအဖွဲ့အစည်းများသည် မှတ်တမ်းများ မူလ ပေါက်ဖွားရာဖြစ်သဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်စွက်ကူညီပေးရသကဲ့သို့ ပြည်တွင်း/ပြည်ပသုတေသီများ ကျေနပ်မှုရှိစေရန် လည်းဖန်တီးပေးရပါသည်။

(ကျောင်းသား) အနေဖြင့် သက်ဆိုင်ရာ ကျောင်းထောက်ခံချက်၊ ပြင်ပသုတေသီအနေဖြင့် ပြန်တမ်းဝင်အရာရှိ ထောက်ခံချက်ဖြင့်လည်းကောင်း လာရောက်သုတေသန ပြုလုပ်နိုင်ပါသည်။

အစိုးရမှတ်တမ်းများသည် နိုင်ငံသားတိုင်းအသုံးပြုခွင့်ရှိပါသည်။ သို့ရာတွင် မှတ်တမ်းများ ထိခိုက်ပျက်စီးလောက်အောင် ကိုင်တွယ် အသုံးပြုခြင်းမရှိစေရန် မော်ကွန်း၊ မှတ်တမ်းများကို အသုံး ပြုရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ချမှတ်ထားရှိပါသည်။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း ဥပဒေ အခန်း (၇)၊ အပိုဒ်။ ၁၅ တွင် မည်သူမျှသက်ဆိုင်ရာ ခွင့်ပြုချက်မရှိပဲ လုံခြုံမှု အဆင့်နှင့် သက်တမ်းမကုန်ဆုံးသေးသော မော်ကွန်းတစ်ရပ်ရပ်ကို လေ့လာကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းမပြုရဟု ဖော်ပြ၍ အပိုဒ်။ ၁၆ တွင် မည်သူမျှ သက်ဆိုင်ရာ ခွင့်ပြုချက်မရရှိဘဲ မော်ကွန်း တစ်ရပ်ရပ်ကို ဦးစီးဌာနပြင်ပသို့ ယူဆောင်ခြင်းမပြုရဟု ဖော်ပြပါရှိပါသည်။

အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပသုတေသီများ သိလိုသော အချက်အလက်များကို လာရောက်ရှာဖွေပါက တတ်နိုင်သမျှ ရှာဖွေပေးရမည်မှာ မော်ကွန်းထိန်းများ၏ တာဝန်ဖြစ်ပါသည်။ အစိုးရ ဌာနဆိုင်ရာအဖွဲ့အစည်းများသည် မှတ်တမ်းများ မူလ ပေါက်ဖွားရာဖြစ်သဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်စွက်ကူညီပေးရသကဲ့သို့ပြည်တွင်း/ပြည်ပသုတေသီများ ကျေနပ်မှုရှိစေရန်လည်းဖန်တီးပေးရပါသည်။ သို့ရာတွင် အချို့သော စုံစမ်းရှာဖွေချက်များသည် ခြေရာကောက်ရန်အချက်အလက်ပြည့်စုံစွာမပါရှိခြင်း၊ မိမိတို့ဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ထားခြင်းမရှိသော မှတ်တမ်းများအား လာရောက်ရှာဖွေရာ၌ မော်ကွန်းထိန်းအနေဖြင့် ၎င်းတာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းအတွေ့အကြုံအရ မှတ်တမ်းစာတွဲများအပြင် ပုံနှိပ်မော်ကွန်းများ၊ သတင်းစာများမှ ရည်ညွှန်းကိုးကားနိုင်ရန် အကြံပြုပေးရပါသည်။

ထို့ကြောင့် မော်ကွန်းထိန်းသည် သုတေသီများအတွက် သစ်ရွေးပေးသူနှင့်ရေငင်ပေးသူသဖွယ် ဖြစ်ပေသည်။ သစ်ရွေးသမားသည် သစ်ကိုလိုအပ်သလို ခွဲခြမ်းစိတ်ဖြာပေးရသကဲ့သို့လည်းကောင်း၊ ရေငင်ပေးသမားသည် လိုအပ်သောရေကို ငင်ပေးရသကဲ့ သို့လည်းကောင်း၊ မော်ကွန်းထိန်းသည်လည်း မော်ကွန်းများကို သုတေသီများအသုံးပြုနိုင်အောင် စိတ်ရောကိုယ်ပါဖန်တီးဆောင်ရွက်ပေးရပါသည်။ စစ်မှန်သော အထောက်အထားများသည် မော်ကွန်းများတွင်ရှိရာ မော်ကွန်းထိန်းသည် အမှန်တရားကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရမည့်သူတစ်ဦးလည်းဖြစ်ပါသည်။ (Archives are thus the guardians of the truth, or at least, of the evidence on the basic of which truth can be established.)

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခု စတင်ပေါက်ဖွားစဉ်ကပင် မှတ်တမ်းဟူသည် ရှိစမြဲဖြစ်ပါသည်။ သမိုင်းမှတ်တမ်းတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၏ ဆောင်ရွက်ချက်ကိုပြသနိုင်သော ပြယုဂ်တစ်ခုဖြစ်ပါသည်။ သမိုင်းမှတ်တမ်းများသည် နောင်လာနောင်သားများအတွက် မှီငြမ်းကိုးကားရန် သိမှတ်စရာတစ်ခုဖြစ်ပြီး၊ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ သမိုင်းမှတ်တမ်းပြုစုခြင်းကို အလေးထားဆောင်ရွက်လျက်ရှိကြောင်းတွေ့ရပေသည်။

**'မော်ကွန်းစာကိုးပြည့်တန်ဖိုး'** ဟူသော ဆောင်ပုဒ် အရ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသည် အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပသုတေသီများအတွက် ရည်ညွှန်းကိုးကားရန်နှင့် သမိုင်းမှတ်တမ်းပြုစုခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ သမိုင်းမှတ်တမ်းဆိုင်ရာ အထောက်အထား လိုအပ်ချက်များနှင့် ပြတ်တောက်လျက်ရှိသော မှတ်တမ်းများအတွက် ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်ပေးမည့် မော်ကွန်း/မှတ်တမ်းများမှ ကြိုဆိုလျက်ရှိပါကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။

■



# အပြာရောင်စီးပွားရေး

| ဝင်းဝင်းဝါ |

တတ်သိနားလည်တဲ့ ပညာရှင်တွေကတော့ အစိမ်းရောင်စီးပွားရေးဆိုတာ တော၊ တောင်တွေကို အခြေခံတဲ့ ဂေဟစနစ်နဲ့ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ အလုပ်အကိုင်တွေကို ဖန်တီးမယ်၊ ဆင်းရဲမွဲတေမှုတွေကို အမြစ်ပြတ်စေတယ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ နည်းလမ်းတစ်ခုလို့ ဆိုပါတယ်။ စီးပွားရေး တိုးတက်မှုနှုန်းကိုလည်း မြင့်တက်လာစေမယ်၊ လူမှုပတ်ဝန်းကျင်ကိုလည်း အဆင့်မြှင့်တင်နိုင်မယ်၊ လူသားများရဲ့ အသိပညာဉာဏ်ကိုလည်း မြင့်တက်လာစေမှာဖြစ်လို့ ကျန်းမာသော၊ ချမ်းသာသော ဘဝတစ်ခုကို ဖန်တီးနိုင်မယ်လို့ ဆိုထားပါတယ်။

အစိမ်းရောင်ထက် ပိုမိုအားကောင်းပြီး ပေါ်လွင်ထင်ရှားတဲ့ အပြာရောင်ကတော့ ပင်လယ်၊ သမုဒ္ဒရာကို အခြေခံပါတယ်၊ အဓိကကတော့ ကမ်းရိုးတန်း ရှိတဲ့ နိုင်ငံတွေအတွက် ဖြစ်ပြီး ဆယ်စုနှစ်တစ်ခုအတွင်းမှာ အသစ်အဆန်းများစွာကို ဖန်တီးလို့ အလုပ်အကိုင်ပေါင်းများစွာကို ရရှိစေနိုင်ပါတယ်တဲ့။ ဆိုလိုရင်းကတော့ ပင်လယ်ပြင်ကြီးဟာ စဉ်ဆက်မပြတ် တိုးပွားနေတဲ့ သဘာဝရင်းမြစ် ကြီးဖြစ်လို့ လက်ရှိ ကမ္ဘာမှာဖြစ်နေတဲ့ ပြဿနာပေါင်းများစွာကို ကိုင်တွယ် ဖြေရှင်းနိုင်ပြီး ရှားပါးငတ်မွတ်လာနိုင်တဲ့ ဘဝလူ့ဘောင်လောကကို ပြောင်းလဲနိုင်ပါတယ်လို့ ဆိုပါတယ်။ အပြာရောင် စီးပွားရေးကြောင့် စက်ရုံအလုပ်ရုံအခြေအနေတွေ တိုးတက်လာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေပါ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

အပြာရောင် ကမ္ဘာကြီးထဲက အပြာရောင် စီးပွား

ရေးဟာ ကမ်းရိုးတန်းရှိတဲ့ နိုင်ငံတွေ အားလုံး အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ကျွန်းနိုင်ငံများကတော့ စီးပွားရေးဟာ ရေသယံဇာတပေါ် မှာဘဲ မှီခိုနေရတာမို့လို့ အပြာရောင်စီးပွားရေးဟာ အဓိကလိုဖြစ်နေပါတယ်။ အပြာရောင်နှင့် အစိမ်းရောင်ပေါင်းစပ်လို့ အပြာရောင်ကမ္ဘာထဲက အစိမ်းရောင်စီးပွားရေးကိုလည်း ဖန်တီးနိုင်ပါတယ်လို့ ဆိုထားပြန်ပါတယ်။ အဲဒါကတော့ ကုန်းတွင်းပိုင်းရော ကမ်းရိုးတန်းပါရှိတဲ့ နိုင်ငံတွေအတွက် ရေနဲ့ ကုန်းနှစ်ခုပေါင်းလို့ စီးပွားရေးပိုမို ကောင်းစေမယ်လို့ ဆိုလိုတာပဲဖြစ်ပါတယ်။

အပြာရောင်သမုဒ္ဒရာကြီးထဲမှာ ဇီဝမျိုးစုံမျိုးကွဲ သက်ရှိပေါင်း ၉၅ ရာခိုင်နှုန်းကျော် နေထိုင်တာမို့ အောက်ဆီဂျင်ထုတ်ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူခြင်း၊ မြေဆီသြဇာတွေ ပြန်လည်ရရှိစေခြင်း၊ ရာသီဥတုနှင့် အပူချိန်ကိုပုံမှန်ဖြစ်စေခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။ အပြာရောင် သမုဒ္ဒရာကြီးဟာ ကမ္ဘာ့ လူဦးရေအတွက် စားနပ်ရိက္ခာနဲ့ နေထိုင်မှုဘဝများကို ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးနိုင်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးရဲ့ ၈၀ ရာခိုင်နှုန်းကို ပို့ဆောင်ပေးနိုင်တဲ့အတွက် လူသားများရဲ့ အစားအစာနဲ့ နေထိုင်မှုဘဝကိုလည်း ထောက်ပံ့ပေးနေပါတယ်။ ရေလုပ်ငန်းနဲ့ ကမ်းရိုးတန်း အလုပ်များဟာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ခရီးသွားလုပ်ငန်းကိုလည်း အဓိက ထောက်ကူပြုနိုင်ပါတယ်။ အားလုံးနဲ့ရင်းနှီးနေတဲ့ စကားလေးတစ်ခွန်းက 'နေရယ်၊ သဲရယ်၊ ပင်လယ်ရယ်' တဲ့လေ။

ပင်လယ်ကြီးကတော့ ကမ္ဘာရဲ့ ဟိုက်ဒရိုကာဗွန် ထောက်ပံ့မှုကို ၃၂ ရာခိုင်နှုန်း ပေးစွမ်းနိုင်ပြီး လူသားတွေရဲ့ ခေတ်မီနည်းပညာတွေဟာလည်း လှိုင်းရယ်၊ လေရယ်၊ ဒီရေရယ်က ပေးစွမ်းနေတဲ့ ပြန်လည် ပြည့်ဖြိုးမြဲ အပြာရောင်စွမ်းအင်လို့ တင်စားရတဲ့ ကြီးမားကျယ်ပြန့်တဲ့ ပင်လယ်ကြမ်းခင်းက ရင်းမြစ်များကို အမြဲတမ်း ဖွင့်လှစ်ဖန်တီးလို့ နေပါတယ်။ ဒါပေမဲ့ ရင်းမြစ်များကို ကုန်ခမ်းမသွားစေဖို့တော့ ဂရုစိုက်ရမှာပဲဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမယ်၊ ဇီဝရင်းမြစ်တွေကို ကာကွယ်ရမှာပဲဖြစ်ပါတယ်။ လိုအပ်တာထက်ပိုပြီး ရေသယံဇာတတွေကိုထုတ်ယူသုံးစွဲ နေမယ်၊ ရေထုညစ်ညမ်းမှုများကြောင့် သက်ရှိဇီဝတွေ ဆုံးရှုံးမယ်၊ ရာသီဥတုပြောင်းလဲခြင်းကြောင့်လည်း ကာဗွန်ထုတ်လုပ်မှုဟာ ပိုမိုမြင့်တက်လာနေမယ်ဆိုရင်တော့ အပြာရောင် ကမ္ဘာကြီးကို ပိုမို ဂရုစိုက်ဖို့ လိုလာမှာပဲဖြစ်ပါတယ်။

ဒီလို လူသားများရဲ့ဘဝကို ယခုအချိန်မှ စတင်လို့နှစ်လရှည်ကြာစွာ ထောက်ပံ့ပေးစွမ်းနိုင်တဲ့ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းမျဉ်းစည်းကမ်းများကိုလည်း အစဉ်တစိုက် ထောက်ကူပေးဖို့လိုလာပါပြီ။ ဒီ စည်းမျဉ်းစည်းကမ်းတွေကိုလည်း အပြာရောင်နဲ့ ပတ်သက်သမျှ ရေလုပ်ငန်းလုပ်ကိုင်နေသူတွေ၊ အစိုးရပြည်သူ၊ လုပ်ငန်းရှင်၊ ငွေကြေးဆိုင်ရာ ဆောင်ရွက်သူ၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ လူမှုရေးအဖွဲ့အစည်းများအားလုံးဟာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်သလို ပူးပေါင်းခြင်းဟာလည်း ပိုမို အကျိုးရှိစေပါတယ်။ အားလုံးအတူ ပူးပေါင်းလို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် အပြာရောင်စီးပွားရေးကို ထိန်းကျောင်းနိုင်မှာပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ၊ ဒေသတွင်းနှင့် ကိုယ့်ပြည်တွင်းမှာပါ သဘောတူဆောင်ရွက်မှုတွေကို လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း အပြာရောင်စီးပွားရေးနဲ့ ပတ်သက်လို့ အဓိကဖြစ်တဲ့ စကြီး (၂)ခုကို တင်ပြချင်ပါတယ်။ အဲဒါကတော့ ရခိုင်နဲ့ တနင်္သာရီ အပြာရောင်စကြီးတို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကမ်းရိုးတန်းဟာ ကီလိုမီတာ ၂၄၀၀ နီးပါး ရှည်လျားပါတယ်။ အဏ္ဏဝါနဲ့ ဆက်စပ်တဲ့ အရင်းအမြစ်များလည်း ပေါများပါတယ်။ အရင် ရှေ့ကာလ အထီးကျန်နိုင်ငံဖြစ်ခဲ့ရာမှ ဒီမိုကရေစီ အသွင်ကူးပြောင်းခဲ့တဲ့အတွက် အရင်းအမြစ်များကို ပိုမိုထုတ်ယူသုံးစွဲလာနိုင်ပြီး နိုင်ငံတကာရဲ့ အကူအညီနဲ့ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ သုတေသနပြုခြင်းနဲ့ ဥပဒေပြုခြင်းများကိုပိုမိုလုပ်ဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ အစိုးရနှင့် လူမှုအဖွဲ့အစည်း ဝန်းကျင်မှ ပါဝင်ကြတဲ့ နိုင်ငံပေါင်း ၈၀ ကျော်မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့သက်ဆိုင်တဲ့ ကျွမ်းကျင်သူများဟာ ဆွေးနွေးပွဲကျင်းပလို့ မြန်မာနိုင်ငံရဲ့ ဇီဝမျိုးစုံမျိုးကွဲ သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်နေမှု အခြေအနေနဲ့ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ သတ်မှတ် စံနှုန်းများရယ်၊

ဦးစားပေးထိန်းသိမ်းရမယ့် အဓိက နေရင်းဒေသများကို ဆွေးနွေးမှု ပြုလုပ်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲမှာတော့ လက်ရှိအခြေအနေနဲ့ကိုက်ညီအောင် ဆောင်ရွက်ဖို့၊ ရာသီဥတုပြောင်းလဲခြင်းနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို လုံခြုံစိတ်ချရတဲ့ အခြေအနေဖြစ်ဖို့ စသည်တို့ဖြစ်ပြီး မြန်မာနိုင်ငံမှာ ဇီဝမျိုးစုံမျိုးကွဲ သတ္တဝါများ ထိန်းသိမ်းရမယ့် နယ်မြေများက **၁၃၂** ခု ရှိပါတယ်။

## ရခိုင်ပြည်နယ်၏ အပြာရောင်စကြံ

ရခိုင်စကြံဟာ ရခိုင်ကမ်းရိုးတန်းတစ်ခုလုံး အပါအဝင် ဧရာဝတီအနောက်ဖက်တို့နဲ့ ဆက်စပ် တည်ရှိပြီး ငပုတော၊ ပုသိမ်နဲ့ သာပေါင်းမြို့နယ်များဟာ ရခိုင်ကမ်းရိုးတန်းနဲ့ ဆက်စပ်မြို့များ ဖြစ်ပါတယ်။ ရခိုင်မှာ ကျွန်းပေါင်း **၃၅၇** ကျွန်းရှိပြီး ဧရာဝတီက ကျွန်းပေါင်း **၁၃၇** ကျွန်းနဲ့ ရန်ကုန်က ကျွန်းအနည်းငယ်ဟာလည်း ရခိုင်စကြံမှာ ပါဝင်နေပါတယ်။ အဓိက ထိန်းသိမ်းရမယ့် ဇီဝမျိုးစုံ မျိုးကွဲ သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်မှု နယ်မြေ **၁၃၂** ခု ထဲက ရခိုင်မှာ နယ်မြေ ခြောက်ခုရှိတယ်လို ဆိုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များဟာ အကျိုးသက်ရောက်မှု များစွာရှိပြီး ငါးဖမ်းလုပ်သားများ၊ စက်ယန္တရားများနဲ့ ကုန်တင်ပို့သူများဟာ ငါးဖမ်းလုပ်ငန်းများကို မှီခိုနေပါတယ်။ နောက်တစ်ခုကလည်း ဟိုတယ်များ၊ တည်းခိုခန်းများ၊ နိုင်ငံခြားသားစကားပြန်များ၊ အဏ္ဏဝါဆိုင်ရာ ရှားပါး ပစ္စည်းရောင်းတဲ့ ဆိုင်များဟာလည်း နိုင်ငံသားတွေရော နိုင်ငံခြားသားတွေပါ လာရောက်တဲ့ ခရီးသွားလုပ်ငန်းကို မှီခိုနေရပါတယ်။

ငါးဖမ်းခြင်းလုပ်ငန်းမှာဆိုရင် သံတွဲဒေသဟာ အဓိကဖြစ်ပြီး နွေရာသီမှာ ငါးပါးနီနဲ့ ငါးပိန္နဲစေ့လို့ခေါ်တဲ့ ငါးသေတ္တာငါးများကို အဓိကထားလုပ်ကိုင်ပါတယ်။ ပုဇွန်မွေးမြူရေးလုပ်ငန်းဟာလည်း အကျိုးကျေးဇူးရတဲ့ လုပ်ငန်းဖြစ်ပြီး နေရာအနှံ့အပြား လုပ်ဆောင်ကာ ၂၀၁၂ ခုနှစ် အချက်အလက်များအရ ပြည်တွင်းပုဇွန်မွေးကန် အသေး၊ အလတ်၊ အကြီး လုပ်ငန်းများဟာ ဟက်ကာ ၅၀ အထက်လောက်ရှိကြပြီး အရမ်းကြီးတဲ့ ကန်တွေရယ် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေရဲ့ ကန်တွေဟာ ဟက်ကာ ၂၀၀ အထက်ရှိကြပါတယ်။

ရေပြင်သက်ရှိများတည်ရှိနေမှုဟာ ရခိုင်ရဲ့ အပြာရောင်စကြံတစ်လျှောက် **၄၀၆၉၈** km2 ရှိပြီး သန္တာကျောက်တန်းတွေ တည်ရှိမှုကတော့ **၉၁၂** km2 ဖြစ်ပါတယ်။ သန္တာကျောက်တန်းတွေကို ထိန်းသိမ်းစောင့်ရှောက်မှုဟာ ရေပြင် သက်ရှိများ တည်ရှိနေမှုကို အထောက်အပံ့ပေးတာထက်တော့ နည်းပါးနေပါတယ်။

ဒီနေရာမှာ ကမ်းရိုးတန်းကိုလုံခြုံမှုပေးတဲ့လမုပင်များရဲ့ အခန်းကဏ္ဍကလည်း အရေးပါလှပါတယ်။ လမုပင်မျိုးတုံးလျှင် အပင်နှင့်သတ္တဝါတို့ လိုက်လျောညီထွေ နေထိုင်နိုင်တဲ့စနစ် တစ်နည်းအားဖြင့် ဂေဟစနစ် ပျက်စီး မှာပဲဖြစ်တဲ့အတွက် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်လာတဲ့ အကျိုးဆက်များကို တားဆီးနိုင်ဖို့ ခက်ခဲပါတယ်။ ကျူးကျော်ခုတ်ထွင်မှုများရှိခဲ့ရင်လည်း ဥပဒေနဲ့အညီ ဆောင်ရွက်တားဆီးရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ တောင်ဖက် အစိတ်အပိုင်းတစ်ခုအနေနဲ့ ရခိုင်ရဲ့ အပြာရောင် စကြံဟာ

> ကြီးမားထူးဆန်းသော ပင်လယ်လိပ်ကြီးတွေ၊ ငါးမန်း ကြီးတွေ၊ ခုံကောင်ကြီးတွေနဲ့ လမုပင်ကြီးများဟာ တနင်္သာရီစကြံအတွက် အထူးအလေးထား ထိန်းသိမ်း ကာကွယ်ရမယ့် အချက်များပဲဖြစ်ပါတယ်။ လက်ရှိ တနင်္သာရီတိုင်းဒေသကြီးဟာ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ အကောင်းဆုံးသော ခရီးသွားဒေသတစ်ခု ဖြစ်နေပါတယ်။

အားကောင်းဆဲပဲဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုက ခရီးသွားလုပ်ငန်းဖြစ်ပြီး မီးခိုးမထွက် ဘဲ စီးပွားဖြစ်တဲ့ ဒီလုပ်ငန်းကြောင့် ဒေသခံများဟာ အလုပ်အကိုင်တွေ ရရှိမယ်၊ အလုပ်အကိုင်ဆိုရာမှာ အစား အသောက်လုပ်ငန်းတွေ၊ အမှတ်တရ လက်ဆောင် ပစ္စည်းရောင်းချတဲ့လုပ်ငန်းတွေ၊ လှေငှါးလိုက်တဲ့လုပ်ငန်း တွေ အစရှိတာတွေပါဝင်ပါတယ်။ ဒါ့အပြင် ဟိုတယ် လုပ်ငန်းတွေ ကောင်းမယ်၊ နိုင်ငံခြားဝင်ငွေရရှိစေမယ် စတဲ့ ဆက်စပ်တိုးတက်မှုများဖြစ်လာပါမယ်။ သံတွဲမြို့က ငပလီကမ်းခြေဟာ ထင်ရှားတဲ့ ရခိုင်ပြည်နယ်ရဲ့ အမှတ် အသားတစ်ခုပဲဖြစ်ပါတယ်။

## တနင်္သာရီတိုင်းဒေသကြီး၏ အပြာရောင်စကြံ

တနင်္သာရီစကြံကတော့ ကျွန်းပေါင်းမြောက်မြားစွာနဲ့ အလှဆင်လို့ ထားပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ တောင်ပိုင်း တနင်္သာရီဒေသတစ်ခုလုံးနီးပါး ရှည်လျားလှပါတယ်။ မြိတ်ရဲ့ ကျွန်းစုပေါင်းများစွာ ပါဝင်တဲ့အတွက် ကျွန်းပေါင်း၁၁၀၀ ကျော်ရှိပါတယ်။ စကြံထဲမှာ ပါဝင်တဲ့ လန်ပိ အမျိုးသား အဏ္ဏဝါဥယျာဉ် (The Lampi Marine National Park) နဲ့ မော့ကော့စ် ဘေးမဲ့တော (The Moscos Island Wildlife Sanctuary) တို့ဟာ ထင်ရှားလှပါတယ်။ ကြီးမားထူးဆန်းသော ပင်လယ်လိပ်ကြီးတွေ၊ ငါးမန်းကြီးတွေ၊ ခုံးကောင်ကြီးတွေနဲ့ လမုပင်ကြီးများဟာ တနင်္သာရီစကြံအတွက် အထူးအလေးထား ထိန်းသိမ်းကာကွယ်ရမယ့် အချက်များပဲဖြစ်ပါတယ်။ လက်ရှိ တနင်္သာရီတိုင်းဒေသကြီးဟာ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ အကောင်းဆုံးသော ခရီးသွား ဒေသတစ်ခု ဖြစ်နေပါတယ်။ ပင်လယ်ရေပြာပြာနဲ့ ကျွန်းအလှများဟာ ပူပြင်းတဲ့ ရာသီအတွက်တော့ အကောင်းဆုံး အပန်းဖြေခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် အစိုးရရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြစ်တဲ့စီးပွားရေးလုပ်ငန်းရှင်များဟာလည်းတနင်္သာရီစကြံကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အထူးလိုအပ်ပါတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းများဟာလည်း တိုးတက်လာမှာဖြစ်လို့စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးဖြစ်ထွန်းစေမှာပါပဲ။ ဒါ့အပြင် ငါးဖမ်းသမားတွေ၊ ပို့ကုန်တင်ပို့သူတွေနဲ့ ရေလုပ်ငန်း ဆောင်ရွက်မယ့်သူများဟာ ဒီဒေသနဲ့ ဒီအရင်းအမြစ်များကိုမှီခိုနေရမှာဘဲဖြစ်ပါတယ်။ အဓိက ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ တနင်္သာရီအပြာရောင် စကြံဟာ မြိတ်နဲ့ ကော့သောင်းတို့ ဖြစ်ပါတယ်။ ပြည်ကြီးငါးဖမ်းခြင်းနဲ့ ဆွဲပိုက်ချဖမ်းခြင်းများကိုတော့ ကမ်းလွန်မှာ လုပ်ကြပြီး အနီးအနားမှာတော့ ငါးဖမ်းလုပ်ငန်းအသေးလေးများကို တွေ့မြင်ရမှာဖြစ်ပါတယ်။

တနင်္သာရီအပြာရောင်စကြံအတွင်းမှာ သန္တာကျောက်တွေ၊ ရေမှော်တွေ၊ ရွှံ့အလွှာတွေအကြား ရှင်သန်နေထိုင်တဲ့ သက်ရှိပင်လယ်သတ္တဝါတွေ အများအပြားရှိကြပါတယ်။ တနင်္သာရီစကြံရဲ့ အပြာရောင် သယံဇာတကြွယ်ဝမှုဟာ ရခိုင်စကြံရဲ့ အပြာရောင် သယံဇာတကြွယ်ဝမှုထက် ပိုပါတယ်။ တနင်္သာရီအပြာရောင် စကြံအတွင်းမှာ မြင့်မားတဲ့ ကျောက်ထွတ်တွေ၊ မှန်လိုကြည်လင်နေတဲ့ လျှောစောက်နံရံတွေ၊ ရေတိုက်စားထားတဲ့ သဲကျောက်တုံးတွေစတာတွေကို ပိုမိုမြင်တွေ့ရမှာဖြစ်ပါတယ်။ အရေးပါတဲ့အခန်းကဏ္ဍက ရပ်တည်နေတာက လမုပင်တွေပါ။ စီးပွားရေးသမားတွေရဲ့ မီးသွေးရရှိမှု လိုအပ်ချက်တွေကြောင့် လမုတောတွေပျက်စီးတာကြုံနေကြရပါတယ်။ ဒါကြောင့် သက်ရှိတွေမှီခိုတည်ရှိပြီး ရာသီဥတုဒဏ်ကို ခံနိုင်တဲ့လမုပင်တွေကိုကာကွယ်ဖို့က အရေးကြီးပါတယ်။

ခြုံငုံပြောရမယ်ဆိုရင်တော့ အပြာရောင်စကြံနှစ်ခုလုံးဟာ သယံဇာတေတွေပေါများတယ်။ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အများအပြား ဖန်တီးနိုင်တယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အကျိုးဖြစ်ထွန်းစေနိုင်တယ်ဆိုတဲ့ အခွင့်အလမ်းများစွာ ရှိနေတာပါပဲ။ ဒါပေမဲ့ စည်းကမ်းမရှိ တရားမဝင်တဲ့ အလွန်အကျွံ ငါးဖမ်းခြင်း၊ စည်းကမ်းမရှိတဲ့ ခရီးသွားများလာရောက်ကြခြင်း၊ ရေထဲအမှိုက်စွန့်ပစ်ခြင်း၊ မြေပေါ်မှာ အသုံးပြုတဲ့ အဆိပ်အတောက်များ ရေထဲစီးဝင်ခြင်း စတဲ့ ရေဝေကုန်းတန်းဒေသကို ပျက်စီးစေခြင်း၊ သဲ၊ ရေနံစတဲ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အလွန်အကျွံ ဆောင်



ရွက်ခြင်း၊ ရေထဲမှာဖြစ်တည်နေတဲ့ ရုပ်ကြွင်းအများအပြား စုဆောင်းမှုများကြောင့် ရာသီဥတုပြောင်းလဲခြင်းနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဆက်စပ် ကွင်းဆက်များကြောင့် တန်ပြန်သက်ရောက်မှုများဟာ အပြာရောင် အရည်အချင်းကိုပျက်စီးစေမယ့်ခြိမ်းခြောက်မှုများပဲဖြစ်ပါတယ်။

အပြာရောင်အလှအပကို ထိန်းသိမ်းချင်တယ်ဆိုရင်တော့ အပြာရောင်နဲ့ဆက်စပ်နေတဲ့ လူသားအားလုံးဟာ သိမြင်နားလည်လက်ခံဆောင်ရွက်မှုများ ရှိရမှာပဲဖြစ်ပါတယ်။ ထိန်းသိမ်းနိုင်မယ့် လုံလောက်သော ရန်ပုံငွေရှိရမယ်၊ သုတေသနပြုလုပ်နိုင်တဲ့ အရည်အချင်း ရှိသူများပါဝင်သော အဖွဲ့အစည်းရှိရမယ်၊ မူဝါဒနဲ့ ဥပဒေတွေဟာ ပြောင်းလဲမှုမရှိဘဲ ခိုင်မာရမယ်၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း ဆွေးနွေးအဖြေရှာလို့ ပူးပေါင်းဆောင်ရွက်ရမယ်၊ လူမှုအသိုက်အဝန်းတွေဟာ နေထိုင်မှု အဆင့်အတန်းတွေ မြင့်မားဖို့လိုမယ်၊ နောက်ဆုံး တစ်ချက်ကတော့ အပြာရောင်နဲ့ ဆက်စပ်နေတဲ့ လူသားအားလုံး ပူးပေါင်းဆောင်ရွက်မှု အားကောင်းရမှာပဲဖြစ်ပါတယ်။

လက်ရှိအခြေအနေအရမြန်မာနိုင်ငံဟာ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ အလျောက် အိန္ဒိယသမုဒ္ဒရာ ကမ်းခြေနိုင်ငံများအဖွဲ့ (Indian Ocean Rim Association_IORA) မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယသမုဒ္ဒရာ ကမ်းခြေနိုင်ငံများ အဖွဲ့ (Indian Ocean Rim Association_IORA)မှာ အဖွဲ့ဝင်နိုင်ငံ(၂၁)နိုင်ငံပါဝင်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ခြင်းတွေမှာ ရေကြောင်းသွားလာမှုဘေးကင်းရေးနှင့် လုံခြုံမှု၊ သဘာဝဘေးအန္တရာယ် လျှော့ချရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ငါးဖမ်းလုပ်ငန်းစီမံခန့်ခွဲရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု ဖလှယ်ရေးတို့ကို ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အပြာရောင်စီးပွားရေး (Blue Economy)နဲ့ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု(Women's Empowerment)တို့ကိုလည်း အထူးအလေးထားဆောင်ရွက်ရမယ့် ကိစ္စရပ်အဖြစ် သဘောတူသတ်မှတ်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ မတ်လ ၅ ရက် မှ ၇ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာ IORA ထူထောင်သည့် နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကိုကျင်းပခဲ့ပါတယ်။ အဖွဲ့ဝင်ခေါင်းဆောင်များ၊ ကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်းဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထူးကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါတယ်။


'အပြာရောင်ကမ္ဘာ' အမြဲသာယာလှပနိုင်ပါစေ။

(က) ငါးလုပ်ငန်းဦးစီးဌာနမှ Marine Conservation in Myanmar ကို မှီငြမ်းပါသည်။

(ခ) ၂၀၁၇၊ ဧပြီ ၉ ရက်ပါ သတင်းဆောင်းပါးကို မှီငြမ်းပါသည်။

■

# မြန်မာ့လုပ်သားများ၏
## ရွှေ့ပြောင်းဖြစ်စဉ်အကြောင်း



|နှင်းသန့်ဖြူ - CSO|


KDI School of Public Policy and Management ၏ နွေရာသီကျောင်းပိတ်ရက်တွင် ကျွန်မအတွက် စာရင်းအင်း အရည်အသွေးမြှင့်တင်ရန် အခွင့်အရေးတစ်ခုအား ရရှိခဲ့ရာ ၎င်းမှာ "The 3rd KOSTAT Summer Seminar on Population"၏ ဖြစ်ပါသည်။ Workshop 2-Migration Analysis with own data ဖြစ်၍ Statistical Training Institute- ဒယ်ဂျုံး၌ ၂၀၁၆၊ ဩဂုတ် ၁ ရက်မှ ၁၂ ရက်နေ့အထိ တက်ရောက်ခဲ့ရပါသည်။ STI သည် ဩစတြေးလျနိုင်ငံ၏ တက္ကသိုလ်မှ ပါမောက္ခ Prof. James အား ဖိတ်ခေါ်၍ သင်ခန်းစာများကို သင်ကြားပို့ချစေခဲ့ရာ မှတ်သားဖွယ်ရာများလေ့လာ သိရှိခဲ့ရပါသည်။

"Migration" ဆိုသည်မှာ 'ရေကြည်ရာမြက်နုရာ ဒေသသို့ ရွှေ့ပြောင်းအခြေချခြင်း-ဟု ဖတ်မိ မှတ်မိက တည်းက ကျွန်မအတွက် စိတ်ဝင်စားဖွယ်ရာ စကားလုံး လေးတစ်လုံး ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ဆင်းရဲမှုမှ ချမ်းသာမှု ဆီသို့ မျှော်လင့်ချက်များဖြင့် လူသားများ၏ စွန့်စားပုံသန်း ခြင်းပင်တည်း။

အဘယ်ကြောင့် ထိုအရာဖြစ်ပေါ် ရသနည်းဆို သည့် အကြောင်းရင်းများအား ရှာဖွေရာ 'ဆွဲအား၊ တွန်း အားအချက်အလက်များ (Pull Factors & Push Factors)' ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံ များတွင် ဆွဲအားအချက်အလက်များ (Pull Factors) များဖြစ်သည့် ပြည်တွင်းစစ်များ မရှိသော ငြိမ်းချမ်းရေး အစစ် အမှန် (Peace)၊ ကျန်းမာရေးစောင့်ရှောက်မှု (Health Care)၊ ပညာရေး (Education)၊ ငွေကြေး (Money)၊ စားနပ်ရိက္ခာ (Food)၊ မြို့ပြဘဝ (City Life)၊ အလုပ် အကိုင်များ (Jobs) စသည်များဖြစ်သည့် အပေါင်း လက္ခဏာ ဆောင်သည့် အချက်များဖြင့် ပြည့်စုံကုံလုံကာ ဆွဲငင်လျက်ရှိကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများတွင်မူ တွန်းအားအချက်အလက်များ (Push Factors) ဖြစ်သည့် ရာသီဥတုနှင့်သက်ဆိုင်သော သဘာဝ ဘေးအန္တရာယ်များ (Climatic Disasters)၊ လယ်သမား၊ ယာသမား များ၏ ဘဝများ (Farmers' Life)၊ စစ်ပွဲ (သို့မဟုတ်) ပြည်တွင်းပဋိပက္ခများ (War or Conflicts)၊ ဆင်းရဲမွဲတေမှု (Poverty) အစရှိသည့် အနုတ်လက္ခဏာ ဆောင်သောအချက်များဖြင့်တွန်းအားပေးလျက်ရှိကြောင်း လေ့လာမှတ်သားရသည်။ ၎င်းတို့ကို အောက်ဖော်ပြပါ ပုံရိပ်ဖြင့် ရှင်းလင်းစွာ သိရှိနိုင်ပါသည်။




ထို့အပြင် ဦးနှောက်ယိုစီးမှု (Brain Drain) အနေဖြင့်လည်း ရွှေ့ပြောင်းကြသေးကြောင်း လေ့လာ မှတ်သား သိရှိရသည်။ ၎င်းဖြစ်ရပ်၌မူ ဖွံ့ဖြိုးဆဲနိုင်ငံ အများ အပြားမှ အရည်အသွေးရှိသော သက်မွေးဝမ်း ကြောင်း ပညာသည်များ (Talented Professional People) ဖြစ်သော သိပ္ပံပညာရှင်၊ အင်ဂျင်နီယာ၊ ဆရာဝန် အစ ရှိသူများ (Scientists, Engineers, Doctors, etc) သည် တခြားနိုင်ငံကြီးများဖြစ်သော ဥရောပ၊ အမေရိက (EU, US, etc) အစရှိသည့် နိုင်ငံကြီးများသို့ ပိုမို ကောင်းမွန် သော အခွင့်အလမ်းများနှင့် လစာ၊ လုပ်ခများ ရရှိရန် ရွှေ့ပြောင်း၍ အသက်မွေးကြခြင်းဖြစ်သည်။




မြန်မာနိုင်ငံအတွက် ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ ရွှေ့ပြောင်းမှုဖြစ်စဉ် (Internal and International Migration in Myanmar) အား လေ့လာသုံးသပ်ခဲ့ရာ ၂၀၁၄ သန်းခေါင်စာရင်း စစ်တမ်းအရ (2014 Census) အိမ်ထောင်စုပေါင်း **၁၀,၈၇၇,၈၃၂** အိမ်ထောင် (Household Size -10,877,832 conventional households in Myanmar) ကောက်ယူစုစည်းနိုင်ကြောင်း သိရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ အိမ်ထောင်တစ်စုလျှင် လူဦးရေစုစုပေါင်း **၄. ၄** ယောက်ခန့်ပျမ်းမျှနေထိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းသူများတွင် အမျိုးသားများထက် အမျိုးသမီးဦးရေမှာ ပိုမို ရွှေ့ပြောင်း ကြောင်း တွေ့ရှိရသည်။ ရွှေ့ပြောင်းသူများအနက် **၅၃** ရာခိုင်နှုန်းမှာ ၎င်းတို့၏ မူလနေရာမှနေ၍ ပြောင်းရွှေ့ကြ ခြင်းဖြစ်သည်။ ရွှေ့ပြောင်းသူများအားလုံးအတွက် အဓိက

အကြောင်းရင်းမှာ မိသားစုနောက်သို့လိုက်ပါခြင်း၊ လုပ်ငန်းအခြေအနေနှင့် အလုပ်ရှာဖွေခြင်းစသည့် အကြောင်းအချက်များကြောင့်ဖြစ်ကြောင်းသိရှိရသည်။ မိသားစုနောက်သို့ လိုက်ပါခြင်းတွင် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ရာခိုင်နှုန်းပိုများကြောင်း လေ့လာတွေ့ရှိရပါသည်။


သို့သော် လုပ်ငန်းအခြေအနေ ရွှေ့ပြောင်းဖြစ်စဉ်တွင်မူ အမျိုးသားဦးရေမှာ အမျိုးသမီး ဦးရေထက် ရာခိုင်နှုန်းပိုများကြောင်း လေ့လာတွေ့ရှိရသည်။ ရွှေ့ပြောင်းသူများ၏ ၈၃ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်နှင့် ၃၉ နှစ်ကြား လူငယ်လူရွယ်များဖြစ်ကြောင်း တွေ့ရှိရပြီး ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးရွယ်များဖြစ်ကြသည်။ ရွှေ့ပြောင်းသူအများစုမှာ ၎င်းတို့၏ သက်ကြီးရွယ်အို မိဘများနှင့် ရင်သွေးများကို အမိမြေ မြန်မာနိုင်ငံတွင် ချန်ထားရစ်ပြီး ၎င်းတို့အား ထောက်ပံ့ရန်အတွက် အလုပ်သွားလုပ်သူအများစုဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံမှ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်သူ လူငယ်၊လူရွယ် အများစုမှာ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ၇၀ ရာခိုင်နှုန်းကျော်ခန့်ဖြင့် အများဆုံးဖြစ်ပြီး၊ မလေးရှားနိုင်ငံသို့ ၁၅ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသို့ ၃. ၉ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသို့ ၄. ၆ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ ၀. ၄ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံသို့ ၀. ၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသို့ ၀. ၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသို့ ၁. ၉ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများသို့ ၂. ၅ ရာခိုင်နှုန်းဖြင့် အသီးသီး သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မည်သို့ပင်ဖြစ်စေကာမူ မိမိအနေဖြင့် မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ အကြောင်းကြောင်းကြောင့် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်နေကြသော မြန်မာ့လူငယ်လူရွယ်များအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံတွင် ပြောကြားခဲ့သော အားပေးစကားနှင့်အတူ ထပ်တူရပ်တည်လျက်ရှိပြီး နိုင်ငံ့တာဝန်များအား ကျရာနေရာမှနေ၍ တာဝန်ကျေရန် ကြိုးပမ်းထမ်းဆောင်လျက်ရှိကြောင်း မျှဝေခံစားအပ်ပါသည်။



"I recognise that we, in Myanmar, are responsible for our people here. I would never say that we are not responsible for what our citizens do. We will never disown them, we will never neglect them. They will be our responsibility and we are proud to assume this responsibility."
"Our people want work, our people need work. They don't want charity. They want to have the opportunity to prove that they can stand on theirown two feet and be proud of it."
Aung San Suu Kyi
MYANMAR STATE COUNSELLOR
GOVERNMENT HOUSE, BANGKOK, THAILAND
24.06.2016





# စျေးနှုန်းဘာကြောင့် ကောက်ယူရတာလဲ

ညောင်တိုင် (CSO)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization-CSO)သည် ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေဖြင့် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များအတွက် စစ်တမ်းများကို ကောက်ယူလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏စာရင်းအင်းစနစ်သည် ဗဟိုချုပ်ကိုင်မှုမှ လျှော့ချသော စာရင်းအင်းစနစ် (Decentralized Statistical System)ဖြစ်သည့်အတွက် စာရင်းအင်းနှင့် သက်ဆိုင်သောအစိုးရအဖွဲ့အစည်းများအားလုံး၊ ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးတို့နှင့် ပူးပေါင်းညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်ရှိအမှန်တကယ်အခြေအနေနှင့်ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းတို့ကို ပိုမိုဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ပါသောကြောင့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) ဖော်ဆောင်စေရန် မြန်မာနိုင်ငံ စာရင်းအင်းဥပဒေသစ်ကို ရေးဆွဲရန်လိုအပ်သဖြင့် အမျိုးသားလွှတ်တော်တွင် ယင်းစာရင်းအင်းဥပဒေသစ်ကို ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင်သာ ဆက်လက်ဆွေးနွေးရန်သာ ကျန်ရှိနေပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့သည် လူမှု-စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ညွှန်ကိန်းများ ထုတ်ပြန်နိုင်ရန်အတွက် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို ကောက်ယူစုစည်းခြင်း၊ ပြုစုခြင်း၊ ဆန်းစစ်ခြင်း၊ အစီရင်ခံစာထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကိန်းဂဏန်းအချက်အလက် ညွှန်ကိန်းများကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သုတေသနပြုဆောင်ရွက်သူများ အသုံးပြုကြသဖြင့် အရည်အသွေးပြည့်ဝသော စာရင်း

အင်းကိန်းဂဏန်း အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီထုတ်ပြန်နိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များအတွက် သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် စာရင်းအင်းများကို ကောက်ယူကြရပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများသည် စီးပွားရေးစာရင်းအင်းတွင် ပါဝင်သည့် ဈေးနှုန်းစာရင်းအင်းများအတွက် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်နှင့် သုံးလပတ်စသည်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဈေးနှုန်း ကောက်ယူလျက်ရှိပါသည်။

ဈေးနှုန်းကောက်ယူခြင်းကို မြန်မာနိုင်ငံရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းချနေသူအများစုမှာ မနှစ်သက်ကြပေ။ အကြောင်းအရင်းမှာ ၎င်းတို့ ရောင်းချနေသောပစ္စည်းအပေါ် အခွန်ကောက်မည်စိုး၍ လည်းကောင်း၊ အခြားနည်းမှာ ၎င်းတို့ ရောင်းချနေချိန်တွင် အနှောင့်အယှက်ဖြစ်၍ လည်းကောင်းဖြစ်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် မြို့နယ်ပေါင်း (၈၂) မြို့နယ်မှ ဈေးနှုန်းကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်း (Consumer Price Index-CPI) နှင့် ငွေကြေးဖောင်းပွမှုနှုန်း (Inflation) ကိုတွက်ချက်ထုတ်ပြန်လျက်ရှိပါသည်။

ယခုအခါ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ နှိုင်းယှဉ်မှုအစီအစဉ် (International Comparison Program-ICP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အာရှပစိဖိတ်ဒေသအတွင်း သတ်မှတ်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးနှုန်းများကို တိုင်းဒေသကြီး/ပြည်နယ်ရှိမြို့နယ်ပေါင်း (၆၉) မြို့နယ်များမှ ဈေးနှုန်းများ ကောက်ယူလျက်ရှိပါသည်။ ယင်းဈေးနှုန်းကောက်ယူရရှိသည့်ကိန်းဂဏန်းအချက်အလက်များဖြင့် အခြားတိုင်းပြည်များနှင့် ဈေးနှုန်းအဆင့်ဆင့် တိုင်းတာခြင်း၊ နိုင်ငံတကာအကြား နှိုင်းယှဉ်မှုပြုနိုင်ရန် ငွေကြေး၊ ဂျီဒီပီနှင့် တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည်ရှိ တူညီသောကုန်ပစ္စည်းဈေးနှုန်းများ၏ ဝယ်ယူနိုင်စွမ်းအား (Purchasing Power Parities-PPPs) ကို ခန့်မှန်းတွက်ချက်နိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဈေးနှုန်းကောက်ယူခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော လုပ်ငန်းဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။

မိမိအနေဖြင့် ICP ဈေးနှုန်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း သင်ကြားရာတွင် ကျောင်းသားတစ်ဦးမှ ၎င်းအတွေ့အကြုံများ ပြောကြားမှုများကိုလည်း ပြန်လည်တင်ပြလိုပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းကောက်ယူနိုင်ရန်အတွက် ရှမ်းပြည်နယ်ဒေသရှိ ရွာတစ်ရွာသို့ စစ်တမ်းမကောက်ယူမီ ကြိုတင်အသိပေး အကြောင်းကြားထားခဲ့သော်လည်း ၎င်းတို့အဖွဲ့ ရောက်ရှိချိန်၌ ယင်းဒေသတွင် လုပ်ကိုင်နေကြသည့် အုတ်ဖုတ်လုပ်ငန်းအကြောင်း မေးမြန်းရာ တစ်ရွာလုံးတွင် ယောကျ်ားလေးတစ်ဦး၊ တစ်ယောက်မှ မရှိသည့်အပြင် ပတ်ဝန်းကျင်အနေအထားမှာလည်း တိတ်ဆိတ်ငြိမ်သက် နေသည်ကို တွေ့ကြုံခဲ့ရပါသည်။ ၎င်းတို့မှ စစ်တမ်းကောက်ယူရသည့် အကြောင်းအရင်းနှင့် ရည်ရွယ်ချက်များကို စစ်တမ်းမကောက်ယူမီ တွေ့ရှိရသည့် ဒေသခံအမျိုးသမီးများကို ဦးစွာ သေချာရှင်းပြခဲ့ကြရာမှ နားလည်သဘောပေါက်ပြီး ၎င်းတို့အနေဖြင့် စစ်တမ်းဆိုသည်မှာ စာရင်းအချက်အလက်များ ကောက်ယူသည်ကိုမသိရှိဘဲ စစ်သားစာရင်းကောက်ယူသည်ဟု ထင်မှတ်ကာ ရွာရှိယောကျ်ားများအားလုံး ထွက်ပြေးတိမ်းရှောင်ကြကြောင်း သိရှိခဲ့ရပါသည်။ ထို့အပြင် စစ်တမ်းကောက်ယူရန် သတင်းကြားသည့်နေ့တွင်ပင် မင်္ဂလာပွဲကျင်းပသည့် အခမ်းအနားကိုလည်း ချက်ချင်းရပ်ဆိုင်းကာ သတို့သားမှာလည်း ထွက်ပြေးတိမ်းရှောင်သဖြင့် သတို့သမီးမှာ ငိုယိုလျက်ရှိနေပါကြောင်းလည်း သိရှိခဲ့ရပါသည်။ မိမိတို့အနေဖြင့် ကျောင်းသားမှ ၎င်း၏အတွေ့အကြုံများကို ပြောပြခဲ့ချိန်တွင် ဟာသတစ်ခုကဲ့သို့ ရယ်မောခဲ့ကြသော်လည်း ကျောင်းသားအနေဖြင့် ယင်းစစ်တမ်းကောက်ယူချိန်တွင် ယင်းဒေသ၏ အုတ်ဖုတ်လုပ်ငန်းကို ကျွမ်းကျင်စွာ ဖြေကြားနိုင်မည့် ယောကျ်ားများမရှိခြင်းက တစ်ကြောင်း၊ အညိုရောင်နယ်မြေဖြစ်သောကြောင့် စစ်သားစာရင်း ကောက်ယူသည်




ဆိုသည့်မှားယွင်းသော သတင်းအဖြစ် အခြားနေရာများသို့ ပျံ့နှံ့သွားလျှင် အသက်အန္တရာယ်ပါ စိုးရိမ်မှုရှိခြင်းက တစ်ကြောင်း၊ သတို့သားနှင့် သတို့သမီးတို့၏ မင်္ဂလာပွဲ ပျက်သွားခြင်းကြောင့် စိတ်မကောင်းခြင်းက တစ်ကြောင်း စသည်ဖြင့် သောကများခဲ့ရကြောင်း သိရှိခဲ့ရပါသည်။ ထိုအတွေ့အကြုံများကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံရှိ ဝေးလံခေါင်ဖျားများတွင် နေထိုင်သူများ၊ ကျေးလက်ဒေသနေ ပြည်သူများ၊ အခြေခံလူတန်းစားများအနေဖြင့် မိမိတို့ ရှင်သန်ရမည့် နေ့စဉ် စားဝတ်နေရေးကိစ္စများဖြင့် သာ ကျင်လည်ဖြတ်သန်းရသဖြင့် စစ်တမ်းဆိုသည်မှာ အဘယ် နည်း၊ ယင်းစစ်တမ်း ဘာကြောင့်ကောက်ယူသည်၊ မည်မျှ အရေးကြီးသည်ကို မသိရှိသကဲ့သို့ စိတ်လည်း မဝင်စား ကြပါ။

ထို့အပြင် မိမိအတွေ့အကြုံအရ ဈေးနှုန်းများကို ကွင်းဆင်းကောက်ယူရာတွင် ဈေးရောင်းချသူ/ ဈေးသည် များမှ မည်သည့်အတွက်ကြောင့် ဈေးနှုန်းကောက်ယူနေ သည်ကို မသိရှိသည့်အတွက် အလွန်ပင် မနှစ်မြို့ကြပါ။ ထို့အပြင် အချို့ဈေးရောင်းချသူများမှ မိမိတို့အား ဈေး ဝယ်သူများမဟုတ်ဘဲ ဈေးလည်သူများ/ဈေးရှုပ်သူများ ဖြစ်သည်ဟုဆိုကာ ဝိုင်းဖွဲ့ပြောဆို လှောင်ပြောင်မှုများ လည်း ကြုံတွေ့ခဲ့ရပါသည်။ သို့သော်လည်း အခြားသော ဈေးရောင်းချသူများမှ မည့်သည့်အတွက်ကြောင့် ဈေးနှုန်း ကောက်ယူရကြောင်း မေးမြန်းခဲ့ရာ ကောက်ယူရသည့် အကြောင်းအရင်းများကို ရှင်းပြခြင်းဖြင့် နားလည်သဘော ပေါက်၍ မိမိတို့လိုချင်သည့် ဈေးနှုန်းများကို စိတ် ရှည်စွာ ဖြေကြားပေးခဲ့မှုများလည်း ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့ ဈေးနှုန်းကောက်ယူသူများအနေဖြင့်လည်း ဝန်ထမ်းနှင့် လျော်ညီသည့် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်ပြီး ပါးနပ်စွာ မေးမြန်းပြောဆိုနိုင်ရန်လည်း အရေးကြီးပါသည်။ ပါးနပ်ရမည်ဆိုရာတွင် မိမိသိလိုသော ဈေးနှုန်းအချက် အလက်များအတွက် မေးမြန်းရမည့်ဆိုင်များတွင် အလွန် ပင် ဝယ်သူများနှင့် ရှုပ်နေလျှင် ဝယ်သူများထံမှ တစ်ဆင့် မေးမြန်းခြင်း (သို့မဟုတ်) အခြားသော အမျိုးအမည် ဈေးနှုန်းများကို အခြားနေရာများသို့ ဦးစွာသွားရောက် မေးမြန်းပြီးမှ တစ်ဖန်ပြန်လည်၍ လူပါးချိန်တွင် မေးမြန်း ခြင်းမျိုးကို ဆိုလိုပါသည်။ ဈေးနှုန်းကောက်ယူရသည့် အကြောင်းအရင်း၊ ရည်ရွယ်ချက်များကို ပြည်သူလူထု အားလုံး (အောက်ခြေလူတန်းစားအထိ) သိရှိနားလည် သဘောပေါက်ရန်အတွက် အသိပညာဗဟုသုတများကို ပညာပေးဇာတ်လမ်းများဖြင့် ပြသခြင်း၊ ကြော်ငြာလက် ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောပွဲများ ဖြင့် အသိပေးခြင်းစသည်တို့ဖြင့် အကျယ်တဝင့် သိရှိ အောင် ဆောင်ရွက်ပေးသင့်ပါသည်။ သို့ဖြစ်ပါ၍ တိုင်း ဒေသကြီး/ ပြည်နယ်များတွင် သက်ဆိုင်ရာ ကဏ္ဍနယ် ပယ်အလိုက် စစ်တမ်းကောက်ယူမှုများမှ တိုင်းပြည် အတွက် အရေးကြီးသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံ ရေးမူဝါဒများ ချမှတ်နိုင်မည်ဖြစ်ကြောင်းကို ပြည်သူဗဟို ပြု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် အသိဗဟုသုတ များ အကျယ်တဝင့် ပေးသင့်ပါသည်။ မိမိအနေဖြင့် ဗဟို စာရင်းအင်းအဖွဲ့ရှိ ဈေးနှုန်းဌာနစိတ်တွင် တာဝန်ထမ်း ဆောင်ရသဖြင့် ဈေးနှုန်းကောက်ယူခြင်းနှင့် စပ်လျဉ်း သည့် ကြုံတွေ့ရသည့် အခက်အခဲများကို ‘နှုတ်တစ်ရာ စာတစ်လုံး’ အနေဖြင့် ဆောင်ပါးရေးသားခြင်းဖြင့် ‘လူ သတင်းလူချင်းဆောင်’ ဆိုသကဲ့သို့ ‘ဈေးနှုန်း ဘာကြောင့် ကောက်ယူရသလဲ’ ကို အများပြည်သူ သိရှိနားလည် သဘောပေါက်စေရန် ရည်ရွယ်၍ ရေးသားခြင်း ဖြစ်ပါ သည်။

■



# လူမှုကွန်ရက်နှင့် ရသစုံခံစားမှု

| ရွှေဝါမြင့် |

'လူမှုကွန်ရက်လို့ခေါ်တဲ့ facebook ဆိုတာ ရင်ထဲက ခံစားချက်တွေကို ပုံစံမျိုးစုံနဲ့ ထုတ်ဖော်တဲ့ ရသစုံခံစားမှုနေရာတစ်ခု'လို့ ကိုယ်က သတ်မှတ်လိုက်တဲ့အခါမှာတော့ facebookနဲ့ ကိုယ်က တစ်သားတည်း ဖြစ်သွားခဲ့ပါတယ်။

ယနေ့ခေတ်လူငယ်အတော်များများက လူမှုကွန်ရက်ဟုခေါ်သော facebook ကို အသုံးပြုကာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အဆက်အသွယ်ပြုမိတ်ဆက်နေကြသည်ကို သိရှိပြီးဖြစ်ပါသည်။ သို့သော် သိပ်ပြီး စိတ်ပါဝင်စားမှုမရှိလှသည့်အပြင် facebook ရဲ့ function မျိုးစုံကိုလည်း အသုံးပြုရန်မှတ်မိဖို့မလွယ်ကူဟု သတ်မှတ်ခဲ့မိသည်။ ကိုယ့်အသက် အရွယ်က 'ဘဝအစ' ဟု နောက်ပြောင် ခေါ်ဝေါ် ပြောကြသည့် အသက်ရောက်နေလို့ပဲလားတော့မသိ။ ဒါ့အပြင် facebook၏ ရှုပ်ထွေးမှုများကိုကြားရ၊ သိရ၊ မြင်တွေ့ရတော့ ပို၍ပင် မပတ်သက်ချင်တော့ပေ။

ကိုယ့်အသက်အရွယ်တူများ၊ ဝါသနာတူ သူငယ်ချင်းများနှင့် မုန့်ဆိုင်၊ လက်ဖက်ရည်ဆိုင် စသည်ဖြင့် ထိုင်မိတော့ တချို့ကလည်း အသုံးပြုကြပြီး တချို့ကလည်း ကိုယ့်လိုပင် စိတ်ပါဝင်စားမှု မရှိကြောင်းတွေ့ရသည်။ အသုံးပြုသူများကတော့ "တို့ကတော့ အသက်အရွယ်အလိုက် chatting ထိုင်တာတို့၊ message ရိုက်တာတို့ မလုပ်တော့ဘူးပေါ့၊ ဒါပေမဲ့ လူမှုရေး website တွေ၊ ပညာရေး website တွေ၊ နိုင်ငံရေး website တွေ တင်ထားတာကို like လုပ်ရင် စာစောင်တွေနီးနီး သတင်းစုံတယ်၊ ကမ္ဘာကြီးက ရွာကြီးပဲလေ ဟိုနိုင်ငံက အကြောင်း၊ ဒီနိုင်ငံက အကြောင်းတိုးတက်မှု၊ ဆုတ်ယုတ်မှု အားလုံးကို facebook က သိရတာပဲ"လို့ပြောကြသည်။

အသုံးမပြုသူများကတော့ "ဘာလုပ်ဖို့လဲကွာ၊ ကလေးတွေကို ဖုန်းတောင်ပေးကိုင်သင့်တာ မဟုတ်ဘူး၊ အဲဒီ facebook အကြည့်ကောင်းလို့လမ်းထဲက ဟိုကောင်မလေး မြင်တောင် မမြင်ဖူးတဲ့ သူနဲ့ တွေ့ပြီး လိုက်ပြေးသွားပါရောလား။ facebook ထဲကပုံကတစ်မျိုး၊ အပြင်မှာက တစ်မျိုး ဖြစ်နေပေမယ့် တွေ့ပြီး စွဲလမ်းသွားတော့ ရေတိမ်နစ်တာပေါ့၊ ဒါတောင် လူငယ်လူလွတ်မို့လို့ တော်သေး၊ အိမ်ထောင်သည်ကြီးများဖြစ်နေရင် မိဘတော့ ရင်ကျိုးပေါ့" လို့ ပြောကြသည်။ နောက် တစ်ယောက်ကလည်း "တို့လမ်းထဲက ဟိုကောင်လေးလည်း ဘာထူးလဲ၊ facebook ထဲမှာ တွေ့တဲ့ပုံက ကောင်မလေးပုံလေ၊ ဒါပေမဲ့ အသက်ကြီးကြီးမိန်းမကြီးက သုံးနေတာကို သိသွားတာတောင် မပြတ်နိုင်လို့ ကောင်လေးအမေ အကြီးအကျယ် ငိုပွဲဆင်ခဲ့ရတယ်လေ"လို့လည်း ပြောကြသည်။

ဒါပေမယ့် တစ်နေ့တော့ facebook နှင့် ကိုယ် အကြောင်းပါခဲ့လေသည်။ အကြောင်းပါရခြင်းကလည်း စိတ်ထဲမှာ သိုသိပ်လာတာများသည့် အကြောင်းအရာမျိုးစုံကြောင့်ပင်ဖြစ်သည်။ အရင်က လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ်၊ အခြားနေရာမှာပဲဖြစ်ဖြစ် မကျေနပ်မှုများရှိလာရင် ဆူပူပြီး ပွစိပွစိပြောနေကျ၊ အိမ်ကလူများကလည်း သည်းခံနေကြ၊ ဒါပေမယ့်ခေတ်ပုံစံလိုဖြစ်လာသည့် အလျောက် facebook ကြည့်နေသည့် သမီးက အမေကို နားညည်းလာပုံရသည်။ အမေ မကျေနပ်တာ ပြောချင်ရင် facebook မှာ page တင်ပါလား၊ ပုံလည်း တင်လို့ရတယ်လို့ ပြောတော့သည်။

ကိုယ် နည်းနည်း စိတ်ဝင်စားသွားသည် " ငါ ပြောချင်တာတွေကို ပြောလို့ရတာလား"ဆိုသည့် အတွေးက facebook ကို ရင်ထဲ ရောက်စေခဲ့သည်။ "ဒါဆို ဘယ်လိုရေးရမှာလဲ"လို့ဆိုပြီး သမီးကိုပြန်၍ ဆရာတင်ရတော့သည်။ သမီးက facebook account တစ်ခု ဖွင့်သည်။ ကိုယ်သုံးနေကျ gmail နှင့်ဆင်သည်။ password ရှိသည်။ သို့သော် လူမှုကွန်ရက်ဟုခေါ်သည့်အတိုင်း သူငယ်ချင်းဖြစ်ချင် သူများနှင့် လက်ခံသူများအကြား အပြန်အလှန်နားလည်မှု ယူလိုက်တော့ ကိုယ့် page တွင် ပုံတွေ ဝေဝေဆာဆာနှင့် ဖတ်မနိုင်လောက်အောင်ကို ပွားများသွားတော့သည်။

အဲဒီမှာတင် ပျော်ရွှင်မှုများကို ဖောဖောသီသီဝေငှချင်သူများ၊ ဝမ်းနည်းနာကျင်ခံစားမှုများကို မကွယ်မဝှက် ဖော်ပြချင်သူများ၊ စိတ်ဆိုး ဒေါသထွက်သည်များကို သတ္တိရှိရှိ တင်ရဲသည့် သူရဲကောင်းများ၊ တစ်ဖက်သားကို အသားလွတ်တိုက်ခိုက်ချင်သူများ၊ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ကာ ကြွားဝါချင်သည့် သူများ၊ လူ့ဘဝကို ငြီးငွေ့သယောင်ယောင်ဖြင့် တရားစာပေများကို တင်ထားသည့် သူများ၊ တကယ်ပင် တရားဓမ္မကို စိတ်ဝင်စားကာ အများကိုလည်း ဝေငှချင်သူများ၊ ကိုယ့်မှာရှိသည့်၊ သိသည့် ပညာရပ်များကို အများကိုလည်း သိနားလည်စေချင်သည့် စိတ်ဖြင့် ဝေမျှသူများ စသည်ဖြင့် အမျိုးမျိုးအဖုံဖုံကို သိခွင့်မြင်ခွင့် ရခဲ့ပြီး ရသမျိုးစုံခံစားခဲ့ရသည်။

ဒီမိုကရေစီတူဒေးစာစောင်တစ်ခုမှာ HIV နှင့်ပတ်သက်သည့် စစ်တမ်းအတွက် အပြင်မှာ တိုက်ရိုက်မဖြေဆိုချင်တဲ့သူများကို facebook မှာ မေးမြန်း ဖြေဆိုမှုလုပ်သည်ဆိုတဲ့ အကြောင်းလေးတွေတောင်ဖတ်ခဲ့ရ၍ facebook က အကျိုးကျေးဇူးရှိပါလားဆိုသည့် ကျေနပ်မှုရသကို ခံစားမိသည်။ ဒါပေမဲ့ အခြား၊ အခြားသော နောင်တစ်ခေတ်ရဲ့ အောင်မျိုးဆက်လူငယ်လေးများ၏ အချင်းချင်းဆက်သွယ်မှုမှာ အင်္ဂလိပ် စကားလုံးများနဲ့ မြန်မာစာကြောင်းတွေကိုမြန်ဂလိပ်လို ရေးတာတွေ့တော့ တော်တော်စိတ်ညစ်မိသည်။ တခါတရံ မြန်မာစကားလုံး

အပြည့်မရေးဘဲ သူငယ်ချင်းကို သယ်ရင်း၊ ဘယ်လိုလဲကို ဘိုလဲဆိုတာမျိုး စသည်ဖြင့် အရှေ့၊ အနောက်စကားလုံး နှစ်လုံးကို ပူးရေးတာတွေ့ရတော့ မြန်မာစကားလုံးစစ်စစ် ပျောက်သွားမှာ စိုးရိမ်မိသည်။

ဘာပဲပြောပြော ခြုံငုံသုံးသပ်ရရင်ဖြင့် အားလုံးကို ကြိုက်သည်။ မိမိ လုပ်ချင်သည်၊ ပြောချင်သည်ကို ကဗျာလေးများဖြင့် တစ်မျိုး၊ ဇာတ်ကြောင်းလေးများဖြင့် တစ်ဖုံ ရေးကြ တင်ကြသည့်အခါ ကိုယ်ကလည်း ဖတ်ခါမှတ်ခါ like လုပ်လိုက်ရသည်ကလည်း အခါခါပင်။ တချို့ရေးသားထားသည်က ကိုယ်ပင်ရေးစရာမလိုအောင် တိုက်ဆိုင်လွန်းနေသည်မို့comment ပေးရသည်ကလည်း အားရစရာပင်။ ထိုသို့ like လုပ်ရင်း comment ရေးရင်း ပျော်ရွှင်ရသည့်ခံစားမှုကို မပြောလိုသော်လည်း နာကျင်ဝမ်းနည်းရသည့် ခံစားမှုပေါင်းစုံသည် ရင်တွင်း ခဏတာ ကွယ်ပျောက် သွားသကဲ့သို့ရှိလေသည်။ ပတ်ဝန်းကျင်မှာ မခံချင်စရာကောင်းသည်ဟု ထင်ရလောက်သည့် ကိစ္စများကို မှန်သည်၊ မှားသည် မပြောနိုင်ဘဲ ခေါင်းငုံခံရသည့် ကိုယ့်လိုလူတွေ အတွက်တော့ အလွန်ကောင်းပါလားလို့ တောင် တွေးမိပြန်သည်။ မနက်မိုးလင်းလာလျှင်facebook ရဲ့ page မှာ ဘယ်သူတွေက comment ရေးထားမလဲ၊ ဘယ်သူတွေက like လုပ်ထားမလဲ ဥပဒါန်စွဲရသည်ကလည်း အခါအခါပင်။

ထို့အပြင် မူလတန်းမှာကတည်းက ဝေးကွာသွားသည့် သူငယ်ချင်းများ၊ တက္ကသိုလ် တက်ပြီးခါမှ ဝေးကွာနေသည့် သူငယ်ချင်းများနှင့်လည်း အမှတ်မထင်ပြန်ဆုံရသည်များ facebook တွင် ရှိလာခဲ့သည်။ facebook တွင် ချိန်းဆိုမှုပြုကာ အပြင်တွင် တွေ့ဆုံကြတော့ ချမ်းသာသည့် သူငယ်ချင်းများက ကျွေးမွေးပြုစုသည်ကို ပျော်ပျော်ရွှင်ရွှင် စားသောက်ခဲ့ပြီး ကိုယ့်ထက်နိမ့်ပါးသည့် သူများနှင့်တွေ့တော့ နှစ်သိမ့်မှုများ ပြုနိုင်ခဲ့လေသည်။ ချမ်းသာသည့် စီးပွားရေးသမား သူငယ်ချင်းများက ဝန်ထမ်းဖြစ်သည့် ကိုယ့်ကို အထင်ကြီးလေးစားနေတော့ ကိုယ်က ရီချင်သလိုလို၊ စိတ်ကြီး ဝင်ချင်သလိုလိုဖြစ်ခဲ့ရသည်။ သို့ပေမယ့် နိုင်ငံခြားကို သူတို့ကလည်း သွားနိုင်ပြီး ကိုယ်ကလည်း ရုံးတာဝန်ဖြင့် သွားတာချင်းအတူတူ ကိုယ်က passport အစိမ်းကိုင်ရပြီး သူတို့တွေက အနီ ကိုင်ရတာကို ကိုယ်ကလည်း ဝေဝေဆာဆာ ပြန်လည်ရှင်းပြခဲ့သည်ကို သူတို့တွေကလည်း အားကျစိတ်၊ ချစ်ခင်စိတ်ဖြင့် နားထောင်ပေးကြလေသည်။

ထို့အပြင် နိုင်ငံခြားပညာတော်သင်သွားရာတွင် တွေ့ဆုံခဲ့သည့် နိုင်ငံပေါင်းစုံမှ သူငယ်ချင်းများကလည်း သင်တန်းပြီးလို့ ခွဲခွာခါနီး ပွဲ့ဖက်နှုတ်ဆက်ကြ၊ သူတို့နိုင်ငံကိုယ်မသွားနိုင်၊ ကိုယ့်နိုင်ငံ သူတို့မလာနိုင်ဖြစ်နေပေမယ့် facebook ပေါ်တွင် တွေ့ဆုံနေကြရလေပြီ။ တွေ့တုန်းက လူပျိုအပျိုတွေပေမယ့် facebook ပေါ်တွင် တွေ့တော့ အိမ်ထောင်ကျနေသူများ၊ ကလေးရနေသူများ အကြောင်း သိရတော့ ဝမ်းသာစရာ ကောင်းလှပါလား။ တချို့ဆို နိုင်ငံခြားမှာ အလွန်ကူညီပြီး မောင်နှမ၊ ဆွေမျိုးသဖွယ် အလွန်ရင်းနှီးခဲ့ကြသည့်သူများရှိသည်။ အဲဒီလိုလူများကျတော့ ကိုယ့်နိုင်ငံပြန်လည်း သတိရနေမိသည်။ သူတို့နှင့် facebook မှာ ကောင်းကောင်းတွေ့ဆုံနိုင်လေပြီ။ ကိုယ်ချစ်ခင်ရတဲ့၊ ကိုယ်နှင့်သူငယ်ချင်းဖြစ်သူတွေရဲ့ မွေးနေ့ရက်မြတ်များက ကိုယ့် page မှာ ပေါ်ပေါ်လာသည့် အတွက် မွေးနေ့ဆုတောင်းများကို လုပ်ရတော့ ပီတိ ဖြစ်ခဲ့ရသည်။

ခရီးသွားရာသီ ရောက်လို့ မိသားစု အလိုက် ခရီးတွေထွက်ကြရင်လည်း တင်ထားတဲ့ပုံတွေကိုကြည့်ပြီး "ဘယ်သူက ဘယ်ရောက်နေပြီ၊ ဘယ်နေရာလေးကတော့ဖြင့် လှလိုက်တာ၊ နောက်တစ်ခါ အဲဒီကိုသွားရမယ်၊ အဲဒီနေရာကတော့ မိုးတွင်းဆို မဖြစ်ဘူး၊ ဒီနေရာကတော့ နွေမှာ အရမ်းသွားလို့ ကောင်းမှာဘဲ၊ သူငယ်ချင်းတွေနဲ့ စုသွားရင်ပို ကောင်းမယ်၊ မဟုတ်ပါဘူး မိသားစုနဲ့ပဲ ကောင်းမှာပါ"စသည်ဖြင့် အတွေးမျိုးစုံဖြင့် စိတ်ကူးယဉ်ခွင့်ရကြလေပြီ။ ပြည်တွင်းတင်မဟုတ် ပွင့်လင်းလာသည့် ခေတ်ကာလမှာပြည်ပကိုတောင် သွားခွင့်ရကြပြီ။ "မသွားနိုင်သူတွေကလည်း သွားနိုင်သူတွေရဲ့ ပုံတွေမှာ ဒီနေရာလေးတွေက ဒီလိုပါလား"လို့ သုံးသပ်နိုင်ခွင့်ရကြလေပြီ။

တခါတရံ facebook ပေါ်တွင် တွေ့ရသည့် ကြောက်စရာကောင်းသည့် အကြမ်းဖက်မှု ဗီဒီယိုများ ကြည့်ရတော့ ကြောက်ရွံ့မှုရသသည် ငယ်ထိပ်သို့ ရောက်ခဲ့သည်။ လူတစ်ယောက်ကို သနားကြင်နာမှုမရှိသွေးအေး

အေးဖြင့် သတ်ဖြတ်နိုင်သည့် ပုံများကိုမြင်တော့ facebook ကို ကြောက်မိပြန်သည်။ မကြာသေးမီကပင် facebook ပေါ်တွင် ဖော်ပြထားသည့် ကြောက်စရာ အကြမ်းဖက်မှု page များကို ပြန်လည်ထိန်းချုပ်ဖို့လိုသည်ဟု တည်ထောင်သူ မက်ဇူကာဘတ် ကိုယ်တိုင်ကပင် ရှင်းလင်းပွဲလုပ်ရသည့်အခြေအနေ ဖြစ်ခဲ့သည်။ page တင်သည့် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများကလည်း အစစ်လား၊ အတုလား ခွဲခြားရန် လုပ်ဆောင်ရမည်ဟု ကြေညာခဲ့သည့် သတင်းကိုနားထောင်ရတော့ အတော်လေးခရီးရောက်တာ facebook ပါလားလို့ အံ့သြရပြန်သည်။

အနုပညာရှင်များအနေနှင့်လည်း သူတို့လုပ်ဆောင်သမျှ facebook ပေါ်တင်သမျှသည် ပြည်သူများကို လွှမ်းမိုးသည်များပင်ဖြစ်သည်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်များဖြစ်သည်။ အနုပညာရှင်များ၏ ဝတ်စားဆင်ယင်မှုသည် ဆယ်ကျော်သက် လူငယ်များ၏ စတိုင်ဖြစ်သွားသည်။ အနုပညာရှင်များ၏ နေထိုင်စားသောက်မှုပုံစံသည် ဆယ်ကျော်သက် လူငယ်များ၏ ဟန်ပန်ဖြစ်ခဲ့သည်။ အနုပညာရှင်များ၏ ပြောဆိုသမျှသည် ဆယ်ကျော်သက် လူငယ်များ၏ မရိုးနိုင်သည့် သံစဉ်ဖြစ်ခဲ့သည်။ ယခုခေတ် အခေါ်အဝေါ်နှင့် အပြောအဆိုများက လုံးဝပြောင်းလဲသွားခဲ့ပြီ။ Ex, RS, FA, RIP cursh တယ်၊ ကြွေတယ်၊ ကြူတယ် အစရှိသည်တို့သည် ခေတ်တစ်ခေတ်နှင့် တစ်ခေတ်ကို လုံးဝပိုင်းခြားလိုက်ပြီ ဖြစ်သည်။

ကိုယ်အဝေးရောက်နေရင်တောင် ကိုယ့်နိုင်ငံ၊ ကိုယ့်အိမ်မှာ ဘာတွေဖြစ်နေလဲ မသိမှာ မပူရတော့။ Laptop လေးတစ်လုံး သယ်သွားရုံနှင့် အဆင်ပြေသည်။ internet connection ကလည်း နိုင်ငံတကာမှာ ကောင်းလွန်းလှသည်။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်သမျှ အားလုံး စုံစုံလင်လင် ဖတ်ခွင့်မြင်ခွင့်ရမည်ဖြစ်သည်။ တချို့အကဲပိုသူတွေက နိုင်ငံခြားကို ရောက်ရောက်ချင်း အိမ်မှာ ကျန်ခဲ့တဲ့သူတွေကို မခွဲနိုင်မခွာရက်ဖြစ်သည့်ပုံဖြင့် facebook ပေါ်တင်ကြသေးသည်။ အဆိုးမြင်ဝါဒဖြင့် ကြည့်ရင်ပေါ့၊ အကောင်းမြင်ဝါဒဖြင့် ကြည့်တော့ သိပ်ချစ်တတ်ပါလားလို့ သိလိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် အားလုံးကောင်းပါသည်။

နိဂုံးချုပ်ရရင်ဖြင့် လူမှုကွန်ရက်ဟုခေါ်သော facebook သည် လူသားများ၏ ရင်ထဲမှာဖြစ်ပေါ်နေသည့် ခံစားချက်ရသအမျိုးစုံကို ဖော်ထုတ်ပေးသည့် ချစ်စရာနေရာလေးတစ်ခု ဖြစ်ပါသည်။ ကောင်းသည့်အချက်အလက်များကိုယူပြီး မကောင်းတာတွေကို စွန့်ပစ်လိုက်ဖို့ပင်ဖြစ်သည်။ အပြန်အလှန် နားလည်မှုယူကြသူ အချင်းချင်း စိတ်ထားကို လှလှလေးထားနိုင်ရင်တော့ ပို၍ အကျိုးရှိမည်ဖြစ်ပါသည်။ ချစ်စရာ ကောင်းသည့် facebook ကို အသုံးပြုကာ ညစ်ညမ်းသည့် စိတ်ထားများဖြင့် အရောင်ဆိုးလိုက်သည့် အကျည်းတန်သည့် page မဖြစ်စေချင်ပါကြောင်း။

■



# လူငယ်နဲ့ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု

| မိုးခ |

လူတွေဟာ အတိတ်ဘဝက ကုသိုလ်ကံအကျိုးပေး မတူညီကြတဲ့အတွက် ရှင်သန်ကြီးပြင်းရတဲ့ ပတ်ဝန်းကျင် ကွာခြားကြပါတယ်။ ပတ်ဝန်းကျင်မတူညီတဲ့အတွက် ကိုယ်ရည်ကိုယ်သွေးတွေလည်း ခြားနားတာကို တွေ့ရမှာဖြစ်ပါတယ်။

၁။ ကိုယ်ရည်ကိုယ်သွေးဆိုတာဘာလဲ

၂။ ဘဝမှာ အေးချမ်းပျော်ရွှင်ဖို့၊ တိုးတက်အောင်မြင်ဖို့အတွက် ကိုယ်ရည်ကိုယ်သွေးဟာ ဘယ်လောက် အရေးပါသလဲ

၃။ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်အောင်/ဖွံ့ဖြိုးအောင် ဘယ်လိုနည်းလမ်းတွေ သုံးရမလဲ

## ကိုယ်ရည်ကိုယ်သွေး (personality)

ကိုယ်ရည်ကိုယ်သွေးဆိုတာ လူတစ်ယောက်ရဲ့ အမှတ်သင်္ကေတပါပဲ။ Personality is a set of individual differences that are affected by the development of an individual, values, attitudes, personal memories, social relations, habits and skills. ကိုယ်ရည်ကိုယ်သွေးဆိုတာ လူတစ်ယောက်မှာရှိတဲ့ တန်ဖိုး၊ စိတ်နေသဘောထား၊ သူ့ရဲ့သမိုင်း(အမှတ်တရ)၊ ပေါင်းသင်းဆက်ဆံရေး၊ အမူအကျင့်တွေနဲ့ ကျွမ်းကျင်မှု စတဲ့ အရာတွေအားလုံး ပေါင်းစပ်ထားတာပဲ ဖြစ်ပါတယ်။

## ကိုယ်ရည်ကိုယ်သွေးနဲ့အောင်မြင်မှု

**(personality and success)**

ဘဝမှာ အေးချမ်းပျော်ရွှင်ဖို့၊ တိုးတက်အောင်မြင်ဖို့အတွက် ကိုယ်ရည်ကိုယ်သွေးဟာ အရမ်းပဲ အရေးပါပါတယ်။ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်တဲ့ လူတစ်ယောက်ဟာသူနဲ့ အတန်းဖော်၊ လုပ်ဖော်ကိုင်ဖက်၊ စီးပွားပြိုင်ဘက် စတဲ့ သူတွေကိုကျော်ဖြတ်ပြီး အောင်မြင်မှုပန်းတိုင်ကို ရယူနိုင်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူနဲ့ နိမ့်ကျသူကို အဆုံးအဖြတ်ပေးသွားတာ အချိန်ပဲဖြစ်ပါတယ်။

## ကိုယ်ရည်ကိုယ်သွေးမြင့်မားစေမည့် နည်းလမ်းကောင်းများ

လူတစ်ယောက်ရဲ့ (စိတ်ဓာတ်+ခံယူချက်+ လုပ်ဆောင်ချက်+ ပေါင်းသင်းဆက်ဆံရေး+ အမူအကျင့်+ ကျွမ်းကျင်မှု) တွေ ပေါင်းစပ်ထားတဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေဖို့ လုပ်ဆောင်သင့်တဲ့ နည်းလမ်းကောင်း တွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာမှ အရေးကြီး ဆုံးအချက်တွေကို ဖော်ပြလိုပါတယ်-

(၁) စာဖတ်ပါ။

(၂) စာရေးပါ။

(၃) အသိပညာမျှဝေမှုပြုလုပ်ပါ (သို့) စာသင်ပေးပါ။

(၄) အခါအားလျော်စွာ ဟောပြောပါ။

(၅) အလုပ်ကြိုးစားပါ။

### ၁။ စာဖတ်ပါ

စာဖတ်ခြင်းရဲ့ ကောင်းကျိုးတွေကို ရေးပြပါဆို ရင် ရေးလို့မကုန်နိုင်တဲ့အထိ များပြားလှပါတယ်။ ခေတ် အဆက်ဆက် စာရေးဆရာကြီး၊ ဆရာမကြီးတွေလည်း စာဖတ်ကြဖို့ အတန်တန် တိုက်တွန်းနှိုးဆော်ထားပြီးဖြစ် ပါတယ်။ အဲဒါကြောင့် လူငယ်တွေကို ထပ်မံတိုက်တွန်း လိုပါတယ်။ စာဖတ်ကြပါ။ မတုံးဖို့၊ မအဖို့၊ အယုံမလွယ်ဖို့၊ ပိုမိုကောင်းမွန်တဲ့ဘဝ ရရှိပိုင်ဆိုင်ကြဖို့ စာဖတ်ကြပါ။ စာဖတ်နာသူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ စာမဖတ် သူတွေထက် များစွာ ထူးကဲသာလွန်ပါတယ်။ ဘာမေးမေး - မသိဘူး၊ မဟုတ်ဘူး၊ မရှိဘူး၊ မဖြစ်ဘူး၊ စိတ်မဝင်စားဘူး- ဆိုတဲ့ အဆိုးမြင်သမား (Negative Thinker)တွေဟာ တဖြည်းဖြည်း သူများနောက်ကျန်ခဲ့ပြီး ကိုယ်နဲ့ လယ်ဗယ် တူ၊ ကိုယ့်ထက်ငယ်သူတွေက ကျော်တက်သွားတာကို ခံရမှာဖြစ်ပါတယ်။ စာဖတ်ပါ။ ဖတ်ပြီးတဲ့စာကို ဒီအတိုင်း လက်မခံဘဲ ဝေဖန်ဆန်းစစ်ပါ။ မှတ်သားစရာတွေကို မှတ်သားပြီး လက်တွေ့လိုက်နာကျင့်သုံးပါ။ ပေါင်းသင်း ဆက်ဆံရေးကောင်းမွန်ပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မား လာပါလိမ့်မယ်။

### ၂။ စာရေးပါ

လူငယ်တော်တော်များက "စာရေးတော့ ရေးချင် တယ်၊ မရေးတတ်ဘူး။ ဘယ်က စရေးရမှန်းမသိဘူး" ဆိုပြီး ပြောလေ့ရှိပါတယ်။ အမှန်တော့ အစမှီလို့ ခက်ခဲနေ တာပါ။ ဘယ်ပညာရပ်ပဲဖြစ်ဖြစ် ဘယ်သူမှ မွေးကတည်း က မတတ်ကြပါဘူး။ ဝါသနာကို စိတ်အားထက်သန်မှု ပေါင်းပြီး ကြိုးစားကြရတာပါပဲ။ နေ့စဉ် ဒိုင်ယာရီစာအုပ် မှာဖြစ်ဖြစ်၊ မှတ်စုစာအုပ်မှာဖြစ်ဖြစ် စာရေးလေ့ကျင့်လို့ ရပါတယ်။ ဒီနေ့ခေတ်မှာ ဖေ့စ်ဘွတ်ခ်ကို ကောင်းကောင်း အသုံးချပြီး စာရေးလေ့ကျင့်လို့လည်း ရပါတယ်။ ယနေ့ လူသန်းပေါင်းများစွာ စိတ်ဝင်တစား စောင့်ကြည့်ဖတ်ရှု ခံနေရတဲ့ ဘတ်ဆဲလားစာရေးဆရာတွေဟာလည်း တစ်ချိန်က ဘယ်သူမှ အရေးလုပ်မခံရတဲ့ အပျော်တမ်း စာရေးသူဘဝက စခဲ့ရတာပါ။ လေ့ကျင့်ပါ။ ပရော်ဖက်ရှင် နယ်အဖြစ် ရပ်တည်ဖို့ဆိုရင် စာအုပ်တွေကို စနစ်တကျ ဖတ်ပြီး လေ့ကျင့်ပေါ့။ စာရေးဖို့အတွက် အရင်ဆုံး စာဖတ် ရပါတယ်။ စာလည်းဖတ်၊ စာလည်းရေးတဲ့သူရဲ့ ကိုယ်ရည် ကိုယ်သွေးဟာ တခြားသူတွေထက် ထူးကဲသာလွန်နေပါပြီ။ လူစိတ်ဝင်စားခံရတာ၊ တခြားသူတွေထက် ပိုမိုအရေးပေး ဆက်ဆံခံရတာတွေ စတင်ကြုံတွေ့လာရပါပြီ။

### (၃) အသိပညာမျှဝေမှုပြုလုပ်ပါ (သို့) စာသင်ပေးပါ။

ကိုယ့်မှာရှိတဲ့ပညာ၊ ကိုယ်သိထားတဲ့ အသိပညာ တွေ မျှဝေခြင်း (Knowledge Sharing)ဟာ မွန်မြတ်တဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ ကုသိုလ်များစွာရပါတယ်။ တချို့က ပညာကိုတွန့်တိုတတ်ကြတယ်။ မျှဝေခြင်းရဲ့ အနှစ်သာရကိုမသိတော့ တွန့်တိုကြတယ်။ အသိပညာ မျှဝေတယ်ဆိုတာ ကိုယ့်မှာရှိတဲ့အရည်အချင်းတွေ ယုတ် လျော့မသွားဘဲ ထပ်ထပ်တိုးလာတယ်ဆိုတာ နားလည် ထားဖို့လိုပါမယ်။ ယနေ့ခေတ် တချို့သောလူငယ်တွေက သူတို့လုပ်ငန်းခွင်က ခေါင်းဆောင်တွေရဲ့ မကောင်းတဲ့ အမူအကျင့်တွေကို အတုယူတတ်ကြပါတယ်။ သတင်း အချက်အလက် (Information and Data)ကို မမျှဝေဘူး။ ပညာလျှိုတာတွေ လုပ်တတ်ကြပါတယ်။ ဒါဟာ မကောင်း

တဲ့အမူအကျင့်တွေဖြစ်ပြီး ကိုယ်ရည်ကိုယ်သွေးကို များစွာ ထိခိုက်စေပါတယ်။

ဖြစ်နိုင်ရင် စာပြန်သင်ပေးပါ။ ပညာရပ်တစ်ခုခုကို လေ့လာဆည်းပူးပြီး စာပြန်သင်ပေးနိုင်ရင် တော်တော်လေးကောင်းမွန်ပါတယ်။ စာသင်တယ်ဆိုလို့ခန်းမအကျယ်ကြီးထဲမှာ မိုက်ခရိုဖုန်းကိုင်ပြီး ကလေးတွေကို သင်ပေးနေတဲ့အထိ မမြင်လိုက်ပါနဲ့။ တစ်ယောက်ယောက်ကို ပြန်သင်ပေးတာကနေ စပါ။ ကိုယ့်ညီ၊ ညီမ၊ တူ၊ တူမတွေကို စာသင်ပေးတာကနေ အလေ့အကျင့်လုပ်လို့ ရပါတယ်။ နောက်မှ တစ်ဆင့်ချင်းသွားပေ့ါ။ စာသင်တာ ကိုယ်ရည်ကိုယ်သွေးနဲ့ ဘာဆိုင်သလဲလို့ တချို့က မေးခွန်းထုတ်ချင်ပါလိမ့်မယ်။ ယနေ့ ကမ္ဘာမှာရော၊ မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားခဲ့တဲ့/ဦးဆောင်နေတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ ဌာနအကြီးအကဲတွေဟာ ငယ်ငယ်က တခြားသူတွေကို စာသင်ပေးခဲ့ဖူးပါတယ်။ လူတစ်ယောက် နားဝင်အောင်၊ သဘောပေါက်အောင်၊ လက်ခံလာအောင် ပြောဆိုစည်းရုံးနိုင်တဲ့ ကျွမ်းကျင်မှု/အရည်အချင်းဟာ သူများထက် ထူးကဲသာလွန်နေတာကို လေ့လာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

## (၄) အခါအားလျော်စွာ ဟောပြောပါ။

လူတွေကို နေရင်းထိုင်ရင်း ကြောက်မနေပါနဲ့။ လေးစားဖို့ပဲ လိုတာပါ။ အပြန်အလှန်လေးစားမှု (Mutual Respect) ရှိဖို့ အဓိကပါ။ လူထုရှေ့မှောက် စကားပြောဖို့၊ စင်ပေါ်တက် ဟောပြောဖို့တွေ အလေ့အကျင့်လုပ်ထားပါ။ လူငယ်တွေဟာ တစ်နေ့လူကြီးဖြစ်လာမယ့် သူတွေပါ။ လူကြီးဆိုတာ အသက်ကြီးပြီး ခေါင်းမွေးဖြူတဲ့သူကို ဆိုလိုတာမဟုတ်ပါ။ ရာထူးတာဝန်တွေကြီးပြီး ဦးဆောင်သူနေရာရောက်လာမယ့်သူလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီအခါမှာ လူတွေရှေ့ စကားပြောကို ပြောရပါလိမ့်မယ်။ အဲဒီလို လူရှေ့သူရှေ့ စကားမပြောချင်လို့/မပြောရဲလို့ ရှောင်ပြေးနေတဲ့လူကြီးတွေကို တွေ့ဖူးကြပါလိမ့်မယ်။ အဲဒီလူတွေဟာ တကယ်တော့ သနားစရာကောင်းပါတယ်။ သူတို့ဟာ အလုပ်ကိုကြိုးစားကြပေမယ့် ဒီလို တရားဝင်ပြောဆိုစည်းရုံးနိုင်တဲ့ အစွမ်းမရှိတော့ သူတို့ကိုယ်ရည်ကိုယ်သွေးဟာ တိုးတက်သင့်သလောက် မတိုးတက်ပါဘူး။ သူတို့ကို လူသိပ်မသိပါဘူး။ အထက်အကြီးအကဲကလည်း မသိသလို၊ အောက်ခြေလက်အောက်ငယ်သားတွေလည်း သတိမထားမိပါဘူး။ အလုပ်လုပ်တာခြင်း အတူတူ လူတွေနဲ့ အဆင်ပြေစွာ ပြောဆိုဆက်ဆံနိုင်သူ/ လူထုလက်ခံလာအောင် ဟောပြောစည်းရုံးနိုင်သူတွေဟာ လူ(သို့မဟုတ်)စင်ကြောက်တတ်တဲ့သူတွေကိုနောက်ကောက်ချခဲ့နိုင်တာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

## (၅) အလုပ်ကြိုးစားပါ။

နံပါတ် ၅ အချက်ကတော့ နောက်ဆုံးဆိုပေမယ့် အရေးကြီးဆုံးလို့ ပြောလို့ရပါတယ်။ လူရယ်လို့ဖြစ်လာရင် တာဝန်တွေ ဝတ္တရားတွေရှိပါတယ်။ ကိုယ့်ရဲ့ အသက်မွေးဝမ်းကြောင်းအလုပ် (career)ကို လေးစားဖို့၊ ကြိုးစားဖို့ လိုပါတယ်။ ဘယ်သူက အလုပ်လုပ်တယ်၊ မလုပ်ဘူးဆိုတာ ကိုယ့်အထက်က လူကြီးသိပါတယ်။ အလုပ်ပေါ် ထားတဲ့ စေတနာ၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် ထားတဲ့ စေတနာ၊ အထက်အကြီးအကဲနဲ့ ဌာနအပေါ် ထားတဲ့ စေတနာတွေမှန်ကန်တဲ့ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ 'ငါ့ဖို့/ ငါ့မိသားစုဖို့'လောက် ခံယူလုပ်ကိုင်နေကြတဲ့ သူတွေထက် များစွာ ထူးခြားကောင်းမွန်နေတာကို လက်တွေ့မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး အေးချမ်း ပျော်ရွှင်သော၊ တိုးတက်အောင်မြင်သော သူတစ်ယောက်အဖြစ် လောကအလယ်မှာ ရပ်တည်နိုင်ကြပါစေ။

Ref: How To Improve Your Personality (Internet)

**အေးလ်ကာနက်ဂျီ၏ အထင်ကရလူ (ဆရာဖေမြင့် ဘာသာပြန်)**

**ဒေါက်တာဝါဝါမောင် ၊ ညွှန်ကြားရေးမှူးချုပ်**

**(ဗဟိုစာရင်းအင်းအဖွဲ့) ၏ လစဉ် မိန့်ခွန်းများမှ**

■



# ဘာလာလာ ဒေါင်းတယ်ဟေ့

အင်ကြင်းဖေဖေ
(စာရင်းအင်းပညာ)

တခါကဂျိုကာဆိုတဲ့သူတစ်ဦးရှိတယ်။ သူက တော့ ရွာထဲမှာ ငဲ့စကား နွားရပြောတတ်တဲ့သူတစ်ဦး ဖြစ်သလို လူတကာအပေါ် မှာလည်း စကားအနိုင်ယူလေ့ ရှိတယ်။ သူပြောနေကျစကားကတော့ ‘ဘာလာလာဒေါင်း တယ်ဟေ့ . . . . ’(ဖဲသမားများ ပြောလေ့ရှိသော စကား ဖြစ်သည်)

တစ်နေ့မှာတော့ မြို့က ကိုဖိုးကြွားရွာကိုရောက် လာပြီး မြို့သားတွေရဲ့ ထုံးစံအတိုင်း အမွေးပွပွ ခွေးလှလှ လေးကိုဆွဲပြီး ရွာထဲမှာခွေးကျောင်းထွက်တယ်ပေါ့။ ဂျိုကာ ကလည်း မြို့သားကို ဘယ်အကျောပေးမလဲ။ သူကလည်း သူ့အိမ်က ခွေးပိန်လေးကို လည်ပတ်ကြိုးတပ်ပြီး ရွာထဲမှာ အပြိုင် ခွေးကျောင်းထွက်ပြီလေ။

ကဲ. . . . . ရွာလယ်မှာသူတို့(၂)ယောက်တွေ့ တော့ ဇာတ်လမ်းကစပြီပေါ့။

ကိုဖိုးကြွားက. . . . ကျွန်တော့ ခွေးလေးက အရမ်းလိမ္မာတာ။ လာဆိုရင် လာတယ်။ ထိုင်ဆိုရင် ထိုင် တယ်။ လက်ပေးဆိုပေးတယ် တွေ့တယ်မလားဆိုပြီး သူ့ ခွေးလေးကို ပုံစံမျိုးစုံခိုင်းပြီး လိမ္မာတဲ့အကြောင်းကို ကြွား ပြနေတာပေါ့။

ဂျိုကာကလည်း ဘယ်နေမလဲ။ သူ့ခွေးပိန်လေး ကို လာခိုင်းတယ်။ ထိုင်ခိုင်းတယ်။ လက်ပေးခိုင်းတယ်။ ဒါပေမဲ့ခွေးပိန်လေးက ခိုင်းတာမလုပ်တတ်ဘူးလေ။ ဒီတော့ ကိုဖိုးကြွားက လှောင်ပြောင်ပြီးတော့ ကိုဂျိုကာရေခင်ဗျား ဘာပြောချင်သေးလဲလို့ ထစ်ငေါ့ပြီးမေးတယ်။

ကိုဂျိုကာကလည်း ဘယ်အလျှော့ပေးမလဲ။ ထုံးစံ အတိုင်းပေါ့ . . . . ဒီမယ် ကိုဖိုးကြွား၊ ခင်ဗျားခွေးက ခိုင်းတာပဲ လုပ်တတ်တာ။ ကျုပ်ခွေးက IQ မြင့်တယ်။ သူက လူနီးနီးစဉ်းစားတတ်တယ်။ ခေါ် တိုင်းမလာဘူး၊ ခိုင်း တိုင်းမလုပ်ဘူး။ လာသင့်လား၊ လုပ်သင့်လား သူ့ဘာသာ စဉ်းစားပြီး မှ လာတာ၊ လုပ်တာဗျ။

ဘာမှ လာမပြောနဲ့။ ကျုပ်က ဘာလာလာဒေါင်း တယ် ဟေ့ . . . . . . မှတ်ထား။

■

# ကလေးလုပ်သားဆိုင်ရာ အခြေအနေ

|စောယုဝင်း|

ကလေး (Child) ILO ၏ အဆိုး၀ါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂)နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက်လူတစ်ဦးကို သတ်မှတ်ပါသည်။ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများ အားလုံးပါ၀င်ပြီး အသက်ကို တိုင်းတာရာတွင် ကလေး၏လွန်ခဲ့သော မွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

ကလေးလုပ်သား (Child Labour) ဆိုသည်မှာ တားမြစ်ထားသောအလုပ် ယေဘုယျအားဖြင့် ပြည်တွင်း ဥပဒေများအရသော်လည်းကောင်း၊ ILO ၏ အသက်အငယ်ဆုံးပြဌာန်းချက် ၁၉၇၃ ခုနှစ် (အမှတ် ၁၃၈)အရ လည်းကောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေခြင်းဆိုင်ရာ ပြဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) အရ လည်းကောင်း၊ သက်ဆိုင်ရာ တိုက်တွန်းချက်



များဖြစ်သည့် တိုက်တွန်းချက်အမှတ် ၁၄၆ နှင့် ၁၉၀ အရ လူမှုရေးနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ မလိုအားအပ်သည့် အလုပ်များတွင် လုပ်ကိုင်နေသော ကလေးများကို ဆိုလိုပါသည်။

ကလေးလုပ်သားအဖြစ်ပါဝင်မည့် ကလေးများသည် အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ရည်ညွှန်းကာလအတွင်း အောက်ဖော်ပြပါလှုပ်ရှားမှုများကို တစ်ခု (သို့မဟုတ်) ထို့ထက်ပို၍ ပါဝင်သူများကို သတ်မှတ်ပါသည်။

- အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း၊
- လုပ်ငန်းခွင်သို့ ဝင်နိုင်မည့်အငယ်ဆုံးအသက်ထက်ငယ်၍အလုပ်လုပ်ကိုင်ခြင်း၊
- အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ၊

အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားတွင် အောက်ပါတို့ ဖွဲ့စည်းပါဝင်ပါသည်-

- ကျွန်အဖြစ်ပုံစံဖွဲ့စည်းခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့လက်တွေ့ခိုင်းစေခြင်း၊ ဥပမာအားဖြင့် ကလေးများကို ကုန်ပစ္စည်းအဖြစ်ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ် ခိုင်းစေခြင်း၊ အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုပြီးခိုင်းစေခြင်း ပါဝင်ပါသည်။

- ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း (သို့မဟုတ်) ဖျော်ဖြေဖို့ရန်အတွက် ပြည့်တန်ဆာအဖြစ် ကလေးများကို ဝယ်ယူဈေးပေးခြင်းဖြင့် အသုံးပြုခြင်း၊

- တရားမဝင်လုပ်ငန်းဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ဝယ်ယူရောင်းချရန်အတွက် ကလေးများကို အသုံးပြုခြင်း၊

- အလုပ်၏သဘောသဘာဝနှင့် အခြေအနေအရသော်လည်းကောင်း၊ ကလေးများ၏ ကျန်းမာရေး ဘေးကင်းလုံခြုံမှု(သို့) ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေသော အလုပ်၊

ကလေးများအတွက် အန္တရာယ်ရှိသော အလုပ်ကို ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါသည်။

* ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသော (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုဖြစ်စေသည့် အလုပ်အကိုင်၊

* မြေပြင်အောက်၊ ရေပြင်အောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့မဟုတ်) ပိတ်လှောင်ထားသောနေရာများ၊

* အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ(သို့မဟုတ်) လူအားဖြင့် တင်ချသယ်ပို့ပို့ဆောင်ရသော လေးလံသည့်ဝန်စည်များ ပါဝင်သည့် လုပ်ငန်း၊

* ကျန်းမာရေးနှင့် မညီညွတ်သည့် နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ-ကလေးသူငယ်များ၏ ကျန်းမာရေးနှင့်ထိခိုက်စေသော တုန်ခါမှုများ၊ မြင့်မားသောအပူချိန်နှင့် ဆူညံသံများ (သို့မဟုတ်) ဘေးဥပါဒ်အန္တရာယ် သင့်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့မဟုတ်) လုပ်ငန်းအဆင့်ဆင့်၊

* အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း(သို့မဟုတ်) ညကာလအတွင်း လုပ်ကိုင်ရခြင်း (သို့မဟုတ်) ကြောင်းကျိုးမလျော်ညီဘဲ ကလေးသူငယ်များသည် အလုပ်ရှင်၏အဆောက်အဦ ဥပစာအတွင်း ချုပ်နှောင်လုပ်ကိုင်ရခြင်းတို့ကဲ့သို့သော အထူးတလည်ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်တို့ဖြစ်ပါသည်။

## ကလေးလုပ်သားစစ်တမ်းမှ တွေ့ရှိချက်များ

### အဓိကတွေ့ရှိချက်များ

- စုစုပေါင်း ကလေးသူငယ်ဦးရေ ၁၂ သန်းတွင် မိန်းကလေးနှင့် ယောကျ်ားလေး ဦးရေမှာ ၆ သန်းစီ အသီးသီးရှိကြောင်း၊ ကျေးလက်ဒေသတွင် ၇၄ ရာခိုင်နှုန်း၊ မြို့ပြဒေသတွင် ၂၅. ၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- ကလေးသူငယ်ဦးရေတွင် အလုပ်လုပ်သော ကလေးပါဝင်မှု ရာခိုင်နှုန်း ၁၀. ၅ ရာခိုင်နှုန်း၊ ကျား ၁၁. ၃ ရာခိုင်နှုန်း၊ မ ၉. ၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- ကလေးသူငယ်ဦးရေတွင် ကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း ၉. ၃ ရာခိုင်နှုန်း၊ ကျား ၁၀. ၀ ရာခိုင်

နှုန်း၊ မ ၈. ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- ကလေးသူငယ်ဦးရေတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိကလေးလုပ်သားပါဝင်မှုရာခိုင်၏နှုန်း ၅. ၁ ရာခိုင်နှုန်း၊ ကျား ၅. ၆ ရာခိုင်နှုန်း၊ မ ၄. ၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- ကလေးသူငယ်ဦးရေတွင် အခြားကလေး လုပ်သားပါဝင်မှုရာခိုင်နှုန်း ၄. ၂ ရာခိုင်နှုန်း၊ ကျား ၄. ၄ ရာခိုင်နှုန်း၊ မ ၄. ၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- အလုပ်လုပ်သော ကလေးဦးရေတွင် ကလေး လုပ်သားပါဝင်မှုရာခိုင်နှုန်း ၈၈ ရာခိုင်နှုန်း၊ ကလေး လုပ်သားမဟုတ်ဘဲ အလုပ်လုပ်ကိုင်သော ကလေးပါဝင်မှု ရာခိုင်နှုန်း ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊

- ကလေးလုပ်သားဦးရေတွင် အန္တရာယ် ရှိသော လုပ်ငန်းခွင်ရှိကလေးလုပ်သား ပါဝင်မှုရာခိုင်နှုန်း ၅၄. ၈ ရာခိုင်နှုန်း၊ အခြားကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း ၄၅. ၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊

- အလုပ်လုပ်သော ကလေးပျံ့နှံ့မှုရာခိုင်နှုန်းမှာ ဧရာဝတီတိုင်းဒေသကြီး(၁၄. ၂ ရာခိုင်နှုန်း)၊ မန္တလေး တိုင်းဒေသကြီး(၁၃. ၅ရာခိုင်နှုန်း)နှင့် ရှမ်းပြည်နယ် (၁၂. ၇ ရာခိုင်နှုန်း)တို့ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊

- ကျောင်းတက်နေသော ကလေးရာခိုင်နှုန်းတွင် ရခိုင်ပြည်နယ်၌ ၅၇. ၆ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ် သည်ကို တွေ့ရှိရကြောင်း၊

- မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ်ထိ ကလေးဦးရေတွင် အလုပ်လုပ်နေသော ကလေး ၁၀. ၅ ရာခိုင်နှုန်း၊ ကျောင်းတက်အလုပ်လုပ်သည့် ကလေး ၀. ၃ ရာခိုင်နှုန်း၊ ကျောင်းလုံးဝမတကက် အလုပ်လုပ်သည့် ကလေး ၀. ၇ ရာခိုင်နှုန်းနှင့် ကျောင်းထွက်ပြီး အလုပ် လုပ်ရသူ ၈. ၉ ရာခိုင်နှုန်း အသီးသီးရှိကြောင်း၊

- လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အများဆုံး( ၅၉. ၇ ရာခိုင်နှုန်း) လုပ်ကိုင်နေကြသည်ကို တွေ့ရှိရကြောင်း၊

## အလုပ်ချိန်

- ကလေးသူငယ်များသည် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၅၂ နာရီခန့် အလုပ်လုပ်ကြရပြီး မိန်းကလေး များသည် ယောက်ျားလေးများထက် အလုပ်ချိန် အနည်း ငယ်ပိုသည်ကို တွေ့ရပါကြောင်း၊

- အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၂၄. ၄ ရာခိုင်နှုန်းမှ ၃၃. ၆ ရာခိုင်နှုန်းအထိသည် တစ်နေ့ လျှင် အလုပ်ချိန် ၈ နာရီမှ ၁၀ နာရီအထိ လုပ်ကိုင်ကြရ ပါကြောင်း၊

## လုပ်ခလစာရရှိမှု

- မြို့ပြနေ ကလေးသူငယ်အများစုသည် လုပ်ခ ကို တစ်လတစ်ကြိမ်ရရှိပြီး ကျေးလက်နေ ကလေးသူငယ် အများစုမှာမူ လုပ်ခကို နေ့အလိုက်ရရှိသည်ကို တွေ့ရ ပါကြောင်း၊

- ပျမ်းမျှအားဖြင့် ကလေးအလုပ်သမားတစ်ဦး သည် တစ်နာရီလျှင် ၄၀၀ ကျပ်ရရှိပြီး သတ္တုနှင့် ကျောက် တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်မားဆုံးအနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရပါကြောင်း၊

- နေ့စဉ် ပျမ်းမျှဝင်ငွေအနေဖြင့် ၃၅၀၀ ကျပ် ရရှိပြီး ယောက်ျားလေးမှာ ၃၉၀၀ ကျပ်၊ မိန်းကလေးမှာ ၃၁၀၀ ကျပ် အသီးသီးရရှိကြောင်း၊

- အလုပ်လုပ်ကိုင်နေသော ကလေး ၅၅. ၇ ရာခိုင်နှုန်းသည် မွေးမြူရေးခြံ၊ ပင်လယ်၊ မြစ်၊ ဆောက်လုပ် ရေးလုပ်ငန်းခွင်တို့တွင် အများဆုံးလုပ်ကိုင်နေကြကြောင်း၊

## လုပ်ငန်းနေရာ

- အလုပ်လုပ်နေသော ကလေးသူငယ် အများ စု(၅၅. ၇ ရာခိုင်နှုန်း)သည် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းနေရာများ၊ ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် လုပ်ကိုင်နေရကြောင်း၊

- အလုပ်လုပ်နေသော ကလေးသူငယ်များသည် ပုဂ္ဂလိကလုပ်ငန်းများတွင် ၉၃. ၉ ရာခိုင်နှုန်း၊ အစိုးရ/ အများပိုင်လုပ်ငန်းများတွင် ၁. ၈ ရာခိုင်နှုန်း၊ အခြား

လုပ်ငန်းများတွင် ၄. ၃ ရာခိုင်နှုန်းရှိကြောင်း၊

- ကျောင်း လုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်၏ ၁၀ ရာခိုင်နှုန်းခန့်သည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ပါကြောင်း၊

- အလုပ်လုပ်သော ကလေး ၄၀ ရာခိုင်နှုန်းမှာ ဖုန်၊ အခိုးအငွေ့ကြား၊ ၁၆. ၅ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသော စက်ပစ္စည်းကိရိယာများကြား၊ ပြင်းထန်သော အပူချိန် သို့မဟုတ် အအေးဓာတ်တွင် အလုပ်လုပ်သော ကလေး ၁၁. ၃ ရာခိုင်နှုန်း၊ ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးများကြား အလုပ်လုပ်သော ကလေး၉. ၅ ရာခိုင်နှုန်း ရှိကြောင်း၊

## ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်သည့်အချက်များ

- မျက်မှောက်ကာလတွင် ကလေးလုပ်သားများပြားလာခြင်းမှာ ပညာရေး အခွင့်အလမ်းမရှိခြင်း၊ ဆင်းရဲမွဲတေခြင်း၊ လူမှုအကာအကွယ်မရခြင်းနှင့် လူမှုရေးခွဲခြားဆက်ဆံခြင်းတို့ကြောင့်ဖြစ်သောကြောင့် ကလေးများအား မသင်မနေရပညာရေးစနစ်တစ်ခုတည်ဆောက်ပေးရန်နှင့် ကလေးများအတွက် လူမှုအကာအကွယ်ပေးနိုင်မည့်ဥပဒေများ၊ အစီအစဉ်များ ချမှတ်သင့်ကြောင်း၊

- ကလေးလုပ်သားဦးရေတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား ပါဝင်မှုမှာ များပြားလှသောကြောင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို မြှင့်တင်ရန်၊

- မိဘနှင့်အတူမနေရသည့် ကလေးများသည် ကလေးလုပ်သားဖြစ်နိုင်မှုမှာ များပြားလာသဖြင့် မိဘများအနေဖြင့် မိမိတို့၏ ကလေးများအား ကလေးလုပ်သားအဖြစ်သို့ မရောက်ရှိကြစေရန် အထူးဂရုပြုရန်၊

- ကလေးသူငယ်၏ အခွင့်အရေးအကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုးသားအဆင့် စီမံကိန်းအောက်ရှိ ကဏ္ဍအားလုံးတွင် နိုင်ငံတော်အဆင့်မှ သင့်လျော်သော လျာထားဘဏ္ဍာငွေများ သတ်မှတ်ပေးရန်၊

- လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲရာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများနှင့် ချိတ်ဆက် ရေးဆွဲရန်၊

- လူကုန်ကူးခံရသည့်ကလေးများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေး ပိုမိုအားကောင်းစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်းများအတွက် အမျိုးသားလမ်းညွှန်ချက် စံလုပ်ငန်းစနစ်ရေးဆွဲရန်၊

- လက်ရှိပြန်လည်သုံးသပ်လျက်ရှိသော ကလေးသူငယ်ဥပဒေနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေတို့ကို ခေတ်နှင့်အညီ ပြင်ဆင်၍ ပြဋ္ဌာန်းရန်၊

- စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းစနစ် ထူထောင်ရန်၊

- ကလေးများအတွက်ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဥပဒေတို့တွင် ပိုမိုကောင်းမွန်သော အခြေခံလိုအပ်ချက်များကို ရရှိရန် သေချာစေသည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊

ကလေးများအား အလုပ်သမားများအဖြစ် ခိုင်းစေခြင်းသည် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်များနှင့် အခြားလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အဟန့်အတားဖြစ်စေသကဲ့သို့ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိခိုက်စေခြင်းနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များကို ကြီးမားသော ဆုံးရှုံးမှုများဖြစ်စေနိုင်သောကြောင့် ကလေးသူငယ်များ၏ ဘဝသက်တမ်းတစ်လျှောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် ကောင်းမွန်သော နည်းလမ်းများကို တွေးတောကြံဆ၍ ရေရှည်/ရေတို ဖြစ်သော မူဝါဒများ၊ အစီအမံများ၊ စီမံကိန်းများ ချမှတ်၍ ကလေးတို့၏ဘဝဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ပါသည်။

■

MYAWADDY BANK

## ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများ

လူကြီးမင်းတို့၏လွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲများ တည်ရှိရာမြို့များအပြင် ချိတ်ဆက်ဘဏ်များဖြစ်သည့်

- ကမ္ဘောဇဘဏ်
- မြန်မာအရှေ့တိုင်းဘဏ်
- ကမ္ဘာ့ရတနာဘဏ်
- အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်
- ဧရာဝတီဘဏ်
- မြန်မာနိုင်ငံသားများဘဏ်
- ကျေးလက်ဖွံ့ဖြိုးရေးဘဏ်
- ရန်ကုန်မြို့တော်ဘဏ်
- ယူနိုက်တက်အမရဘဏ်
- အင်းဝဘဏ်
- အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
- ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်
- သမဝါယမဘဏ် တို့နှင့်ဆက်သွယ်၍

ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလျှင်ငွေလွှဲပို့နိုင်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့်လည်းကောင်း၊ Fax ဆက်သွယ်နိုင်သောမြို့များသို့ ငွေလွှဲဖြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## ဘဏ်ခွဲတည်ရှိရာ မြို့များ

- ရန်ကုန် (ရုံးချုပ်)
- နေပြည်တော်
- မန္တလေး
- မုံရွာ
- တောင်ကြီး
- ဖားကန့်
- ပုသိမ်
- ဘုရင့်နောင်
- ကျောက်ဆည်
- ပျဉ်းမနား
- မြိတ်
- မကွေး
- မော်လမြိုင်
- ပျော်ဘွယ်
- ဟင်္သာတ
- သင်္ဃန်းကျွန်း
- ပြည်
- စစ်တွေ
- မုဒုံ
- စော်ဘွားကြီးကုန်း
- မြင်းခြံ
- ဂန့်ဂေါ
- အင်းစိန်
- မူဆယ်
- တာချီလိတ်
- လားရှိုး
- ဗိုလ်အောင်ကျော်
- မန္တလေး(ကျွဲဆည်ကန်)
- ဗိုလ်တထောင်
- မန္တလေး(ဈေးချို)
- နတ်တလင်း
- ထန်းတာဦး
- မြောက်ဥက္ကလာပ
- ကျောက်ဖြူ
- တောင်ငူ
- နေပြည်တော်(ဇေယျာသီရိ)
- ထားဝယ်
- ရေး
- မြစ်ကြီးနား
- ကျိုင်းတုံ
- မိတ္ထီလာ
- ဆိမ်မြို့
- ထားခဲ
- ဒီးကုန်း
- မင်္ဂလာတောင်ညွန့်
- ယုဇနဥယျာဉ်မြို့တော်
- ရပ်စောက်
- ရန်ကင်း
- ပဲခူး
- ညောင်လေးပင်
- အောင်ပန်း

မြဝတီဘဏ်(ရုံးချုပ်) - [illegible]
Phone : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301396, 2301450, 2301402, 2301418 Email mwdbankygn@mptmail.net.mm

မှန်သည် မြန်သည် မြဝတီ